# ဥပဒေ (၁)၊ ကစားကွင်း (The Field of Play)

## ၁။ ကစားကွင်းမျက်နှာပြင်

ဘောလုံးကွင်းတစ်ကွင်းလုံး၏ မျက်နှာပြင်သည် တစ်ကွင်းလုံးသဘာဝမြက်ခင်းဖြစ်ရမည်။ (သို့မဟုတ်) ပြိုင်ပွဲ စည်းကမ်းများက ခွင့်ပြုထားလျှင် တစ်ကွင်းလုံးမြက်ခင်းတုများနှင့်သာ ဖြစ်ရမည်။ (ပြိုင်ပွဲစည်းကမ်းများအရ မြက် ခင်းတုနှင့် သဘာဝမြက်ခင်း (နှစ်မျိုးစပ်) ပေါင်းစပ်ပြုလုပ်ထားခြင်းမှအပ)။

မြက်ခင်းတု၏ မျက်နှာပြင်အရောင်မှာ အစိမ်းရောင်ဖြစ်ရမည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံအလိုက် ကိုယ်စားပြုအသင်းများပြိုင်ပွဲနှင့် နိုင်ငံတကာကလပ်အသင်း များ၊ ပြိုင်ပွဲများတွင် (နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်ဘုတ်အဖွဲ့ ထုတ်ပြန်ထားသည့် သီခြားအထူးခွင့်ပြုချက် ရရှိသည် မှအပ) FIFA ၏ ဘောလုံးကွင်းမြက်ခင်းနှင့် သက်ဆိုင်သော အရည်အသွေး အစီအစဉ်ပါ သတ်မှတ်ချက်များ (သို့မ ဟုတ်) နိုင်ငံတကာကစားကွင်း အဆင့်အတန်းနှင့် ကိုက်ညီရမည်။

## ၂။ ကစားကွင်း၏ အမှတ်အသားများ


ကစားကွင်းသည် ထောင့်မှန်စတုဂံပုံသဏ္ဍာန်ရှိပြီး အန္တရာယ်မဖြစ်စေနိုင်သော တောက်လျှောက် ဆွဲသားထား သည့် မျဉ်းများဖြစ်ရမည်။ အကယ်၍ အန္တရာယ်မဖြစ်စိုင်ပါက သဘာဝမြက်ခင်းဖြင့် ပြုလုပ်ထားသော ကွင်းပေါ်တွင် မြက်ခင်းတု မြက်ခင်းမျက်နှာပြင်အရာဝတ္ထုများဖြင့် ကွင်းအမှတ်အသားပြုလုပ်နိုင်သည်။ ထိုစည်းများသည် သတ် မှတ်ထားသော ကစားကွင်း၏အတွင်းတွင် ပါဝင်သည့် နယ်နိမိတ်စည်းများပင်ဖြစ်သည်။

ဘောလုံးဥပဒေ (၁)တွင်ဖော်ပြထားသော စည်းများကိုသာ ကစားကွင်းပေါ်တွင် ရေးဆွဲထားရမည်။ မြက်ခင်း တုကို အသုံးပြုပါက အခြားစည်းများကို ၎င်းတို့သည် ဘောလုံးစည်းများနှင့် သိသာစွာထင်ရှားသည်။ အရောင်ကွဲပြား သည့် စည်းများဖြစ်လျှင် ခွင့်ပြုသည်။

နယ်နိမိတ်စည်း မျဉ်းနှစ်ကြောင်းကို ဘေးစည်းဟုခေါ်၍ စည်းတိုနှစ်ကြောင်းမှာ ဂိုးစည်းဟုခေါ်သည်။

ကစားကွင်းကို ကွင်းဝက်စည်းဖြင့် (၂)ပိုင်း ပိုင်းခြားထားပြီး ထိုကွင်းဝက်စည်းသည် ဘေးစည်း(၂)ခု၏ အလယ် အမှတ်အသားအဖြစ် ဆက်သွယ်ရေးဆွဲထားရမည်။

ကွင်းဝက်စည်း၏ အလယ်တွင် ဗဟိုအမှတ်အသားဖြင့် ပြထားရမည်။ ထိုအမှတ်အသားကို ဗဟိုပြု၍ အချင်း ဝက် (၉.၁၅)မီတာ(၁၀–ကိုက်) ရှိသော စက်ဝိုင်းတစ်ခုဖြင့်သတ်မှတ်ထားရမည်။




မျဉ်းကြောင်းများသည် ဝန်းရံထားသော ဧရိယာ၏အစိတ်အပိုင်းဖြစ်သောကြောင့် တိုင်းတာခြင်းများသည် မျဉ်း၏ အပြင်ဘက်မှဖြစ်သည်။

ပင်နယ်တီအမှတ်အသားကို အမှတ်အသား၏ဗဟိုမှ ဂိုးစည်းနောက်ဘက်အစွန်းအထိတိုင်းတာသည်။

ထောင့်ကန်စက်ဝိုင်းစိတ်မှ (၉.၁၅)မီတာ (၁၀-ကိုက်) အကွာတွင် ဂိုးစည်းနှင့် ဘေးစည်းတို့မှ ထောင့်မှန်ကျသည့် နေရာ၌ ကစားကွင်းပြင်ပတွင် အမှတ်အသားပြုလုပ်နိုင်သည်။

စည်းအားလုံး၏ ဗျက်သည် အရွယ်တူ ဖြစ်ရမည်ဖြစ်ပြီး (၁၂)စင်တီမီတာ(၅-လက်မ)ထက်မပိုစေရ။

ဂိုးစည်းသည် ဂိုးတိုင်များ၊ ဂိုးဘားတန်းတို့၏ ဗျက်နှင့်အရွယ်အစားတူရမည်။

ကစားသမားတစ်ဦးသည် ဘောလုံးကွင်းပေါ်တွင် တရားမဝင်သည့် အမှတ်အသားများ ပြုလုပ်ရေးဆွဲပါက ၎င်းအား ကစားသမားကောင်း မပီသသည့်အပြုအမူအဖြစ် သတိပေးရမည်။ ကစားနေချိန်အတွင်း ထိုသို့ပြုလုပ်ခြင်းကို ဒိုင်လူကြီးများက သတိပြုမိပါက နောက်တစ်ကြိမ်ဘောလုံးကစားမှုရပ်ဆိုင်းသွားချိန်တွင် ၎င်းအား သတိပေး ရမည်။

## ၃။ အတိုင်းအတာများ

ဘောလုံးကစားကွင်း၏ ဘေးစည်းအလျားသည် ဂိုးစည်းအလျားထက် ပိုရှည်ရမည်။

***အလျား (ဘေးစည်း)***

အနည်းဆုံး ၉၀ မီတာ (၁၀၀ – ကိုက်)

အများဆုံး ၁၂၀ မီတာ (၁၃၀ – ကိုက်)

***အလျား (ဂိုးစည်း)***

အနည်းဆုံး ၄၅ မီတာ (၅၀ –ကိုက်)

အများဆုံး ၉၀ မီတာ (၁၀၀–ကိုက်)

## ၄။ နိုင်ငံတကာပွဲများအတွက် အတိုင်းအတာများ

***အလျား (ဘေးစည်း)***

အနည်းဆုံး ၁၀၀ မီတာ (၁၁၀ ––ကိုက်)

အများဆုံး ၁၁၀ မီတာ (၁၂၀ – ကိုက်)

***အလျား (ဂိုးစည်း)***

အနည်းဆုံး ၆၄ မီတာ (၇၀– ကိုက်)

အများဆုံး ၇၅ မီတာ (၈၀– ကိုက်)

ပြိုင်ပွဲကျင်းပရေးအဖွဲ့များသည် ဂိုးစည်းနှင့် ဘေးစည်းတို့၏ အလျားများကို အထက်ဖော်ပြပါအတိုင်းအထွာများအတွင်းထားရှိရန် ဆုံးဖြတ်နိုင်သည်။

(၁) အတိုင်းအတာများသည် စည်းကမ်းများ၏ အပြင်ဘက်မှ စတင်ပါဝင်ပြီး၊ ၎င်းတို့သည် ကစားကွင်း၏ ဧရိယာအတွင်း နယ်နိမိတ်အဖြစ်ပါဝင်သည်။

(၂) ပင်နယ်တီအမှတ်ကို ဂိုးစည်း၏ နောက်ဘက်အစွန် ဂိုးစည်း၏အလယ်နေရာမှ တိုင်းတာရမည်။

## ၅။ ဂိုးဧရိယာ

ဂိုးတိုင်တစ်တိုင်စီ၏ အတွင်းပိုင်းမှ (၅.၅)မီတာ (၆ ကိုက်)အကွာ၊ ဂိုးစည်းပေါ်တွင် ထောင့်မှန်ကျအောင် စည်း (၂) ကြောင်း ဆွဲရမည်။ ထိုစည်း(၂)ကြောင်းသည် ကစားကွင်းအတွင်းသို့ (၅.၅)မီတာ(၆ကိုက်) ရှည်ရမည်။ ၎င်းစည်း တို့ကို ဂိုးစည်းနှင့် မျဉ်းပြိုင်ကျသော စည်းတစ်ကြောင်းဖြင့် ဆက်သွယ်ရမည်။ ထိုစည်းများနှင့် နယ်နိမိတ် သတ်မှတ် ထားသော ဧရိယာသည် ဂိုးဧရိယာဖြစ်သည်။

## ၆။ ပင်နယ်တီဧရိယာ

ဂိုးတိုင်တစ်တိုင်၏ အတွင်းပိုင်းမှ (၁၆.၅)မီတာ (၁၈ ကိုက်)အကွာ၊ ဂိုးစည်းပေါ်တွင် ထောင့်မှန်ကျအောင် စည်း(၂) ကြောင်းဆွဲရမည်။ ၎င်းစည်း(၂) ကြောင်းမှ ကစားကွင်းအတွင်းသို့ (၁၆.၅) မီတာ (၁၈ ကိုက်) အရှည်ရှိ စည်း များကို ထပ်မံရေးဆွဲပြီး ၎င်းစည်းတို့ကို ဂိုးစည်းနှင့် မျဉ်းပြိုင်ကျသော စည်းတစ်ကြောင်းဖြင့် ဆက်သွယ်ထားရမည်။ ဤစည်းများဖြင့် နယ်နိမိတ်သတ်မှတ်ထားသော ဧရိယာသည် ပင်နယ်တီဧရိယာဖြစ်သည်။


ပင်နယ်တီဧရိယာတစ်ခုစီတွင် ဂိုးတိုင်နှစ်တိုင်အကြား၊ အကွာအဝေးတူညီသည့် အလယ်ဗဟိုမှ (၁၁)မီတာ (၁၂-ကိုက်) အကွာတွင် ပယ်နယ်တီအမှတ်အသား တစ်ခုပြုလုပ်ရမည်။

ပယ်နယ်တီအမှတ်အသား၏ ဗဟိုမှ (၉.၁၅)မီတာ (၁၀-ကိုက်)ရှိသော အချင်းဝက်ဖြင့် ပင်နယ်တီ ဧရိယာ အပြင်ဘက်တွင် စက်ဝိုင်းပြတ် (ဘီးကုတ်) တစ်ခုဆွဲထားရမည်။

## ၇။ ထောင့်ကန်ဧရိယာ

ထောင့်အလံတိုင်တစ်ခုစီမှ ကစားကွင်းအတွင်းသို့ အချင်းဝက် (၁)မီတာ (၁-ကိုက်) ရှိသော စက်ဝိုင်းစိတ် တစ်ခုကို ထောင့်မှန်ဧရိယာအဖြစ် သတ်မှတ်ထားရမည်။

- ထောင့်အလံတိုင်များကို မဖြစ်မနေထားရမည်။
- အလံတိုင်များသည် (၁.၂)မီတာ (၅-ပေ)အမြင့်ထက် မနည်းစေရ။
- အဖျားချွန်ထားခြင်း မရှိစေရ။
- ထောင့်ကန်ဧရိယာစည်းများသည်(၁၂)စင်တီမီတာ(၅-လက်မ)အကျယ်
- အချင်းဝက် (၁) မီတာ (၁-ကိုက်)ထက်မပိုစေရ။




## ၈။ အလံတိုင်များ

(၁.၅)မီတာ (၅-ပေ)ထက်ပိုမမြင့်သော ထိပ်ဖျားတွင် ချွန်မထားသည့် အလံတိုင်ကို ထောင့်တစ်ခုစီတွင် စိုက်ထူထားရမည်။ အလံတိုင်များပေါ်တွင် အလံများစိုက်ထူထားရမည်။

ကွင်းလယ်စည်း၏ အဆုံးတစ်ဖက်စီတိုင်းတွင် ဘေးစည်း၏အပြင်ဘက်မှ (၁)မီတာ (၁-ကိုက်) ထက်မနည်းသော အကွာအဝေး၌ အလံတိုင်နှင့် အလံများကို စိုက်ထူထားနိုင်သည်။

## ၉။ နည်းစနစ်ပိုင်းဆိုင်ရာ ဧရိယာ

နည်းစနစ်ပိုင်းဆိုင်ရာဧရိယာသည် ကစားကွင်းတွင် ကစားမည့် အသင်းနှစ်သင်းတို့နှင့် သက်ဆိုင်သည့် အသင်းမှ တာဝန်ရှိသူများ၊ အရံကစားသမားများနှင့် လူစားလဲခြင်းခံရပြီးသည့် ကစားသမားများအတွက် အောက် ဖော်ပြပါအတိုင်း သီးခြားသတ်မှတ်ပေးထားသည့် ဧရိယာဖြစ်သည်။

(၁) နည်းစနစ်ဧရိယာကို သတ်မှတ်ပေးထားသည့် ထိုင်စရာနေရာမှ ဘေးတစ်ဖက်တစ်ချက်စီသို့ (၁)မီတာ (၁-ကိုက်) နှင့် ရှေ့တွင် ကစားကွင်း၏ဘေးစည်းနှင့် (၁)မီတာ(၁-ကိုက်) အထိတိုးချဲ့သတ်မှတ်နိုင်သည်။

(၂) နည်းစနစ်ဧရိယာကို နယ်နိမိတ်စည်းများဖြင့် သတ်မှတ်ထားရမည်။

(၃) နည်းစနစ်ဧရိယာတွင် လူဦးရေမည်မျှနေခွင့်ပြုကြောင်းကို ပြိုင်ပွဲစည်းကမ်းများတွင် ဖော်ပြထားရမည်။

(၄) နည်းစနစ်ဧရိယာတွင် ဝင်ရောက်ခွင့်ရှိသူများ

(က) ဘောလုံးပွဲမစတင်မီ၊ ပြိုင်ပွဲစည်းကမ်းများအရ ဝင်ရောက်ခွင့်ရှိသူများကို သတ်မှတ် ပေးထားရမည်။

(ခ) ဝင်ရောက်ခွင့်ရှိသူများသည် တာဝန်ရှိသူများပီသစွာ ပြုမူနေထိုင်ရမည်။

(ဂ) ထူးခြားသော အခြေအနေများမှအပ ဝင်ခွင့်ရသူများသည် သတ်မှတ်ထားသော မိမိတို့နေရာတွင် ရှိနေ ရမည်။ (ဥပမာ–ဒဏ်ရာရကစားသမားတစ်ဦးအား ကူညီပြုစုပေးရန် ဒိုင်လူကြီး၏ ခွင့်ပြုချက်အရ အ ကြောပညာ ရှင်များ၊ ဆရာဝန်တို့ဝင်ရောက်ပေးခြင်း)။

(၅) နည်းစနစ်ဇရိယာမှနေ၍ နည်းစနစ်များကို ညွှန်ပြရန်၊ တစ်ကြိမ်လျှင် တစ်ဦးသာခွင့်ပြုသည်။

## ၁၀။ ဂိုးတိုင်များ

ဂိုးတစ်ခုကို ဂိုးစည်းများ၏ အလယ်ဗဟိုတွင် ထားရှိရမည်။

ဂိုးများသည် ထောင့်အလံတိုင်များမှ အကွာအဝေးတူညီသော တည့်မတ်စွာထောင်ထားသည့် ဂိုးတိုင်(၂) တိုင် ပါဝင်သည်။ ဂိုးတိုင်များ၏ ထိပ်များတွင် ဖြောင့်တန်းသော ဂိုးဘားတန်းဖြင့် အလျားလိုက်ဆက်သွယ်ထားရမည်။ ဂိုး တိုင်များနှင့် ဂိုးဘားတန်းတို့ကို သတ်မှတ်ထားသော အရာဝတ္ထုများဖြင့် ပြုလုပ်ထားရမည်။ ၎င်းတို့၏ပုံသဏ္ဌာန်မှာ စတုရန်းပုံ၊ထောင့်မှန်စတုဂံပုံ၊ လုံးဝိုင်းပုံနှင့် ဘဲဥပုံရှိရမည်ဖြစ်ပြီး အန္တရာယ်မဖြစ်စေရ။ ဂိုးတိုင်များနှင့် ဂိုးဘားတန်း များသည်တူညီသောပုံသဏ္ဌာန်ဖြစ်ရမည်။၎င်းသည် စတုရန်းပုံ၊ စတုဂံ၊ အဝိုင်း၊ ဘဲဥပုံ သို့မဟုတ် ဤရွေးချယ်စရာများ ၏ပေါင်းစပ်မှုတစ်ခုဖြစ်ရမည်။

FIFA ၏ပံ့ပိုးကူညီမှုအောက်တွင် သို့မဟုတ် အသင်းအဖွဲ့များဖွဲ့စည်းထားသောတရားဝင်ပြိုင်ပွဲတစ်ခုတွင် အသုံးပြု သည့်ဂိုးများအားလုံးသည်၊ ဘောလုံးပြိုင်ပွဲဂိုးများအတွက်FIFA အရည်အသွေးအစီအစဉ်၏ လိုအပ်ချက်များ နှင့်ကိုက် ညီရန် အကြံပြုအပ်ပါသည်။

ဂိုးတိုင်နှစ်တိုင်၏အတွင်းဘက် အကွာအဝေးသည် (၇.၃၂)မီတာ (၈–ကိုက်)ရှိရမည်။

ဂိုးဘားတန်းအောက် အစွန်းမှ မြေပြင်သို့အကွာအဝေးသည် (၂.၄၄)မီတာ (၈–ပေ)ရှိရမည်။

ဂိုးတိုင်များနှင့်ဂိုးဘားတန်းတို့မှာ အဖြူရောင်ဖြစ်ပြီး (၁၂)စင်တီမီတာ(၅–လက်မ) ထက်မပိုသော ဗျက်နှင့် ထု ရှိရမည်။

အကယ်၍ ဂိုးဘားတန်းသည် ပြုတ်ကျခြင်း၊ ကျိုးပဲ့ပျက်စီးခြင်းများဖြစ်ပေါ်ပါက ပြုပြင်ပြီးခြင်း၊ အစားထိုး ပြုပြင်ခြင်းများ ပြုလုပ်ပြီးသည်အထိ ကစားပွဲကို ရပ်တန့်ထားရမည်။ ကစားပွဲကို မြေချဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။ အကယ်၍ ပြန်လည်ပြုပြင်ရန် မဖြစ်နိုင်တော့ပါက ထိုကစားပွဲကို ဖျက်သိမ်းရမည်။ ကြိုး(သို့မဟုတ်) ပျော့ပျောင်းသည့်ပစ္စည်း (သို့မဟုတ်) အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဘားတန်းကို အစားထိုးခြင်းမပြုရ။

ဂိုးပိုက်များကို ဂိုးများအပေါ်နှင့် ဂိုးနောက်ဘက်ရှိ မြေကြီးပေါ်တွင် တပ်ဆင်နိုင်သည်။ သို့သော် သေချာစွာ ခိုင်မြဲစေရန်နှင့် ဂိုးသမားအားအနှောက်အယှက်မဖြစ်စေရ။


## လုံခြုံရေး

ဂိုးများ (သယ်ယူရလွယ်ကူသည့်ဂိုးများ အပါအဝင်)သည် မြေကြီးတွင် လုံခြုံစိတ်ချအောင် ရှိစေရန် ပြုလုပ်ထားရမည်။

## ၁၁။ ဂိုးစည်းနည်းပညာ (GLT)

ဂိုးစည်းနည်းပညာစနစ်ကို ဂိုးဝင်/မဝင်ခြင်းနှင့်ပတ်သက်၍ ဒိုင်လူကြီးက တိကျစွာ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် အသုံးပြုခြင်းဖြစ်သည်။

ဂိုးစည်းနည်းပညာကို အသုံးပြုပါက (FIFA) မှ ပြင်ဆင်ထုတ်ပြန်ထားသော ဂိုးစည်းနည်းပညာဆိုင်ရာ အရည်အသွေးအစီအစဉ်နှင့် ဘောလုံးဥပဒေများနှင့် ကိုက်ညီလျှင် အသုံးပြုနိုင်သည်။ ဂိုးစည်းနည်းပညာကို အသုံးပြုရာတွင် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်လည်း ကိုက်ညီရမည်။



**<u>ဂိုးစည်းနည်းပညာ၏ အခြေခံနည်းလမ်းများ</u>**

ဂိုးစည်းနည်းပညာသည်  ဂိုးတစ်ဂိုးသွင်းရာတွင် ဂိုးဝင်/မဝင် ကို ဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေရန် အတွက် ဂိုးစည်းနှင့်သက်ဆိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

ဂိုးတစ်ဂိုးသွင်းခြင်းကို ဖော်ပြရာတွင် တစ်စက္ကန့်အတွင်း ချက်ချင်းသိရှိရန်နှင့် အလိုအလျောက် အတည်ပြုနိုင်ရန်ဖြစ်သည်။ ဤနည်းပညာဖြင့် အချက်ပြမှုကို ဒိုင်လူကြီးများကိုသာ (ဒိုင်လူကြီး၏နာရီမှတစ်ဆင့်၊ ပွဲတင်သံနှင့် မျက်မြင်အမှတ်အသားများဖြင့်) ပေးပို့ခြင်းဖြစ်သည်။ ၎င်းကိုဗီဒီယိုကြည့်ရှုသည့်အခန်းသို့လည်းပို့နိုင်သည်။

**<u>ဂိုးစည်းနည်းပညာ၏ လိုအပ်ချက်နှင့် အသေးစိတ်အချက်များ</u>**

ပြိုင်ပွဲများတွင် ဂိုးစည်းနည်းပညာကို အသုံးပြုပါက ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်များသည် အောက်ပါ အဆင့်အတန်းများနှင့် ကိုက်ညီမှုရှိ/ မရှိကို  သေချာစေရမည်။

(၁) FIFA ၏ အဆင့်မြင့်(ကြေးစား) အရည်အသွေး **(FIFA Quality Pro)**

(၂) FIFA အရည်အသွေး **(FIFA Quality)**

(၃) နိုင်ငံတကာပြိုင်ပွဲအဆင့် **(International Match Standard)**

လွတ်လပ်သော စမ်းသပ်မှုဌာနသည် ခြားနားသောနည်းစနစ်ပိုင်းဆိုင်ရာ ထုတ်လုပ်သူများက စမ်းသပ်မှုလက်စွဲစာစောင်ပါ အချက်များနှင့် ကိုက်ညီမှုရှိ/  မရှိ ကို အတည်ပြုထုတ်ပြန်ရမည် ( ဂိုးဘောင် သို့မဟုတ် ဘောလုံးရှိ နည်းပညာကို ခွင့်ပြုနိုင်သည့် ပြုပြင်ပြောင်းလဲမှုများ အပါအဝင်)။

ဂိုးစည်းနည်းပညာကို အသုံးပြုပါက ဒိုင်လူကြီးသည် ကစားပွဲမစတင်မီ (FIFA) ၏ အရည်အသွေးအစီအစဉ်ပါ ဂိုးစည်းနည်းပညာစမ်းသပ်မှု လက်စွဲစာစောင်ပါအတိုင်း အသုံးပြု၍ ရ/မရ ကို ကြိုတင်စမ်းသပ်မှု ပြုလုပ်ရမည်။ အကယ်၍ စမ်းသပ်မှု လက်စွဲစာစောင်ပါအတိုင်း နည်းစနစ်ကို အသုံးပြုနိုင်ခြင်းမရှိပါက ဒိုင်လူကြီးသည် ထိုဂိုးစည်းနည်းပညာကို အသုံးမပြုဘဲ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များထံ တင်ပြရမည်။

## ၁၂။ စီးပွားရေးကြော်ငြာများ

စီးပွားရေးကြော်ငြာစစ်စစ် (သို့မဟုတ်) စီးပွားရေးသဘော သက်ဝင်သော (တိုက်ရိုက်နှင့်သွယ်ဝိုက်) မည်သည့် ကြော်ငြာမျိုးကိုမဆို ကစားကွင်းပေါ်ရှိ ဂိုးပိုက်များ (သို့မဟုတ်) နယ်နိမိတ်စည်းများမှ (၁)မီတာ(၁-ကိုက်) အကွာတို့၌ ကစားသမားများ ကွင်းအတွင်းသို့စတင်ဝင်ရောက်လာချိန်မှ ဘောလုံးကစားချိန် အချိန်ပိုင်းတစ်ဝက်တွင် ပြန်လည်ထွက်ခွာသွားသော အချိန်အထိနှင့် ဒုတိယအချိန်ပိုင်းအတွက် ပြန်လည်စတင်ဝင်ရောက်လာချိန်မှစ၍ ကစားပွဲပြီးဆုံးသွားသည့် အချိန်အထိ ကြော်ငြာခြင်းမပြုရ။ စီးပွားရေး ကြော်ငြာများကို ဂိုးများ၊ ဂိုးပိုက်များ အလံတိုင်များ၊ သူတို့၏အလံများ၊ ပြင်ပမှ အသုံးအဆောင်များ (ကင်မရာ၊ မိုက်ကရိုဖုန်းစသည်) တို့ကိုလည်း ခွင့်မပြုရ။

ထို့ပြင် အပေါ်သို့ထောင်ထားသည့် ကြော်ငြာများသည် အနည်းဆုံး

(၁) ကစားကွင်း၏ ဘေးစည်းများမှ (၁)မီတာ (၁-ကိုက်)

(၂) ဂိုးစည်းနှင့်လည်း အထက်ပါအကွာအဝေးအတိုင်း၊ (ဂိုးပိုက်၏အကွာအဝေးအတိုင်း)

(၃) ဂိုးပိုက်မှ (၁)မီတာ (၁-ကိုက်) အကွာတွင်ရှိရမည်။

## ၁၃။ အမှတ်တံဆိပ်နှင့် သင်္ကေတများ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၊ တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်၊ နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်များ၊ ဘောလုံးပြိုင်ပွဲများ၊ ကလပ်သင်းများ (သို့မဟုတ်) အခြားအဖွဲ့အစည်းများ၏ စီးပွားရေးကြော်ငြာစစ်စစ် (သို့မဟုတ်) စီးပွားရေးသဘော သက်ဝင်သည့် ကြော်ငြာများကို ထပ်ဆင့်ထုတ်လုပ်ရာတွင် ကစားကွင်းပေါ် ဂိုးပိုက်များနှင့် ဂိုးပိုက်နှင့်ဆက်စပ်နေရာများ၊ ဂိုးအလံတိုင်များပေါ်တွင် ကြော်ငြာခြင်းမပြုရ။ အလံတိုင်များပေါ်ရှိ အလံများတွင်သာ ကြော်ငြာခွင့်ရှိသည်။

## ၁၄။ ဗီဒီယိုလက်ထောက်ဒိုင်လူကြီးများ (VARS)

**VARS** ကို အသုံးပြုသည့် ပြိုင်ပွဲတိုင်းတွင် ဗီဒီယိုပြခန်း **(VOR)** နှင့် ဒိုင်လူကြီးက ဗီဒီယိုပြန်ကြည့်သည့် ဧရိယာ **(RRA)**ကို အနည်းဆုံးတစ်ခုထားရမည်။

### ဗီဒီယိုပြခန်း (VOR )

ဗီဒီယိုပြခန်းသည် ဗီဒီယိုလက်ထောက်ဒိုင်လူကြီး **(VAR)**၊ ဗီဒီယိုလက်ထောက်ဒိုင်လူကြီးအား ကူညီရန် **(VAR)** အကူနှင့် ဗီဒီယိုပြသမည့် ကျွမ်းကျင်ဝန်ထမ်းတို့ တာဝန်ထမ်းဆောင်မည့်နေရာဖြစ်သည်။ ၎င်းပြခန်းကို ကစားကွင်းအနီး (သို့မဟုတ်) ထို့ထက်ပိုဝေးသည့် နေရာတွင် ထားရှိရမည်။ **(VOR )**အခန်းသို့ တာဝန်ရှိ ပုဂ္ဂိုလ်များ **(VOR)** နှင့် ၎င်းနှင့်အတူ ဆောင်ရွက်မည့် **(AVAR )** နှင့် **(RO)** တို့ကိုသာ ကစားနေချိန်အတွင်းဝင်ခွင့်ပြုရမည်။

ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားနှင့် အသင်း၏တာဝန်ရှိသူ တစ်ဦးဦး တို့သည် ဗီဒီယိုပြခန်း **(VOR )** သို့ ဝင်ရောက်လာခဲ့လျှင် ၎င်းတို့အားထုတ်ပယ်ရမည်။

### ဒိုင်လူကြီးက ဗီဒီယိုပြန်ကြည့်သည့်ဧရိယာ (RRA )

ဗီဒီယိုလက်ထောက်ဒိုင်လူကြီး စနစ်ကို အသုံးပြုသည့်ပြိုင်ပွဲတိုင်းတွင် ဒိုင်လူကြီးက ကစားကွင်းပေါ် အနေ အထားပြန်ကြည့် **(OFR )** ဧရိယာကို အနည်းဆုံး တစ်နေရာထားရှိပေးရမည်။ **(RRA )** သည်

(၁) ကစားကွင်းပြင်ပရှိ မြင်သာသည့်နေရာတွင်

(၂) သိသာစွာ သတ်မှတ်ထားရမည်။

ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားနှင့် အသင်း၏တာဝန်ရှိသူ စသည့် တစ်ဦးဦးသည် **(RRA )** ဧရိယာအတွင်းသို့ ဝင်ရောက်လာခဲ့လျှင် ၎င်းတို့အားသတိပေးရမည်။

## ဥပဒေ (၂)၊ ဘောလုံး (The Ball )

### ၁။ အရည်အသွေးနှင့်အတိုင်းအထွာများ

ဘောလုံးအားလုံးသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်။

(၁) လုံးဝိုင်းရမည်။

(၂) သင့်တော်သော အရာဝတ္ထုများဖြင့် ပြုလုပ်ရမည်။

(၃) လုံးပတ်သည် (၆၈)စင်တီမီတာ (၂၇-လက်မ) နှင့် (၇၀)စင်တီမီတာ (၂၈-လက်မ) အကြားတွင် ရှိရမည်။

(၄) စတင်ကစားသည့်အချိန်တွင် ဘောလုံး၏ အလေးချိန်သည် (၄၁၀) ဂရမ် (၁၄-အောင်စ)နှင့် (၄၅၀) ဂရမ် (၁၆-အောင်စ) အကြားတွင်ရှိရမည်။

(၅) အလေးချိန်သည် ပင်လယ်ရေမျက်နှာပြင်အညီတွင် လေထုဖိအား (၀.၆-၁.၁)လေထု၊ (၆၀၀-၁.၁၀၀) ဂရမ်/ကုဗစင်တီမီတာ၊ (၈.၅ပေါင်/စတုရန်းလက်မ ၁၅.၆ပေါင်/စတုရန်းလက်မ) ရှိရမည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် နိုင်ငံပေါင်းစုံဘောလုံးဖက်ဒရေးရှင်း ဘောလုံးအဖွဲ့ချုပ်များက ကြီးမှူးကျင်းပသည့် တရားဝင်ပြိုင်ပွဲများတွင် အသုံးပြုသည့် ဘောလုံးအားလုံးသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ဘောလုံးပြိုင်ပွဲအတွက် FIFA အရည်အသွေးအစီအစဉ်၏ အမှတ်အသားများထဲမှ တစ်ခုဖြစ်ရမည်။

ဘောလုံးပေါ်ရှိ ထိုအမှတ်အသားတစ်ခုခုသည် ဘောလုံးကို တရားဝင်စစ်ဆေးပြီးကြောင်းနှင့် ထိုအမှတ်အသားအတွက် တိကျသော နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဘောလုံးဥပဒေ (၂) ပါ အနည်းဆုံး ရှိရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းကို နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်ဘုတ်အဖွဲ့ **(IFAB)** က အတည်ပြုပြီးဖြစ်ရမည်။ ဘောလုံးတွင်ပါရှိသော အမှတ်အသားများကို စစ်ဆေးဆောင်ရွက်သည့်ဌာန များသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏အသိအမှတ်ပြုမှုအောက်တွင်ရှိရမည်။

ဒေသဆိုင်ရာ နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ် ကြီးမှူးကျင်းပသည့် ဘောလုံးပြိုင်ပွဲများတွင် အထက်ဖော်ပြပါ အမျိုးအစား(၃)မျိုး ထဲမှ တစ်မျိုးမျိုးတွင် ပါဝင်သော ဘောလုံးများကို အသုံးပြုရန်လိုအပ်ပါသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်များက ကြီးမှူးကျင်းပသည့် ဘောလုံးပြိုင်ပွဲများတွင် အသုံးပြုသည့် ဘောလုံးများပေါ်တွင် ခွင့်ပြုထားသော ပြိုင်ပွဲအမှတ်အသား၊ ပြိုင်ပွဲကျင်းပရေး အဖွဲ့၏အမှတ်အသား၊ တရားတင်ဘောလုံးထုတ်လုပ်သူ၏ အမှတ်အသားတို့မှလွဲ၍ အခြားမည်သည့် စီးပွားရေး ကြော်ငြာမျိုးကိုမှ ဖော်ပြခွင့်မရှိပါ။ ပြိုင်ပွဲကျင်းပရေးစည်းကမ်းများတွင် ထိုခွင့်ပြုအမှတ်အသားများအတွက် အရွယ် အစားနှင့် အရေအတွက်ကို တိကျစွာ ကန့်သတ်ဖော်ပြထားရမည်။

## ၂။ ချို့ယွင်းသွားသည့်ဘောလုံးကိုလဲလှယ်ခြင်း

ကစားနေစဉ်အတွင်း ဘောလုံးချို့ယွင်းသွားပါက (ဥပမာ-ဘောလုံးပေါက်ကွဲခြင်း၊ လေလျော့ခြင်း)

(၁) ကစားပွဲကို ရပ်ဆိုင်းရမည်။

(၂) မူလဘောလုံးချို့ယွင်းသွားသောနေရာ၌ အစားထိုးဘောလုံးဖြင့် မြေချဘောပေး၍ ပြန်စတင် ကစားစေရမည်။

အကယ်၍ ကွင်းလယ်မှ စတင်ပေးပို့ကစား **(Kict-off)** သည့် အချိန်၊ ဂိုးမှတည်ကန်ချိန်၊ ထောင့်ကန်ဘော ကန်သည့်အချိန်၊ အလွတ်တည်ကန်ဘောများကန်ချိန်၊ ပင်နယ်တီကန်ချိန် (သို့မဟုတ်) ပင်နယ်တီ အမှတ်မှ ကန်ချိန်များတွင် ဘောလုံးသည် ရှေ့သို့သွားနေစဉ် ကစားသမားတစ်ဦး၊ ဂိုးဘားတန်း၊ ဂိုးတိုင်များနှင့် မထိမီ ဘောလုံးချို့ယွင်းသွားပါက ပင်နယ်တီကိုပြန်၍ ကန်စေရမည်။

ဘောလုံးကစားနေစဉ်အတွင်း ဒိုင်လူကြီး၏ ခွင့်ပြုချက်မရဘဲ ဘောလုံးကို လဲလှယ်ခြင်းမပြုရ။

## ၃။ အရံဘောလုံးများ

ဘောလုံးဥပဒေ (၂)ပါ အချက်များနှင့် ကိုက်ညီသော အရံဘောလုံးများကို ကစားကွင်း၏ ပတ်လည်တွင် ထားရှိရမည်။ ထိုဘောလုံးများကို ဒိုင်လူကြီး၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်။



## ဥပဒေ (၃)၊ ကစားသမားများ (The Players)

### ၁။ ကစားသမားအရေအတွက်

ကစားပွဲတစ်ပွဲတွင် အသင်းနှစ်သင်းတို့ပါဝင်ပြီး အသင်းတစ်သင်းစီတွင် ကစားသမားအများဆုံး (၁၁) ဦး ထက်မပိုစေရ။ ယင်းတို့အနက် တစ်ဦးသည် ဂိုးသမားဖြစ်ရမည်။ အသင်းတစ်သင်းစီတွင် (၇)ဦးထက် လျော့နည်းနေပါက ပြိုင်ပွဲကို မစတင်နိုင် (သို့မဟုတ်) ဆက်လက်ကစားစေခြင်း မပြုနိုင်ပါ။

အကယ်၍ အသင်းတစ်သင်းမှ ကစားသမားတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပိုသော ကစားသမားများသည် တမင်ရည်ရွယ်၍ ကစားကွင်းမှ ထွက်ခွာသွားပါက ဒိုင်လူကြီးသည် ကစားပွဲကို ရပ်ဆိုင်းရန်နှင့် အခွင့်သာမှုပေး၍ ဆက်လက်ကစားရန် တာဝန်သတ်မှတ်ပေးထားခြင်းမရှိပါ။ သို့သော် ဘောလုံးကစားမှုရပ်ဆိုင်းသွားချိန်တွင် ပြိုင်ပွဲစည်းကမ်းများ၌ ကစားပွဲမစတင်မီ ကစားသမားများနှင့် အရံကစားသမားများစာရင်းကို ကြိုတင်ပေးအပ် ထားရမည်ဟု ဖော်ပြထားပါက အသင်းတစ်သင်းသည် ကစားသမား (၁၁)ဦးထက် လျော့နည်း၍ စတင်ကစား သော်လည်း မူလအမည်စာရင်းတွင် ဖော်ပြထားသော ကစားသမား၊ အရံကစားသမားများသည် ၎င်းတို့ရောက်ရှိလာမှု အပေါ် မူတည်၍ ပါဝင်ကစားခွင့်ပြုနိုင်သည်။

### ၂။ အရံကစားသမားများအရေအတွက်

#### တရားဝင်ပြိုင်ပွဲများ

မည်သည့်တရားဝင်ပြိုင်ပွဲများတွင်မဆို လူစားလဲလှယ်ကစားခြင်းကို အများဆုံး(၅)ဦးအထိ လဲလှယ်ခွင့်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၊ တိုက်ကြီးများအလိုက် (နိုင်ငံပေါင်းစုံ) ဘောလုံးအဖွဲ့ချုပ်နှင့် ဒေသဆိုင်ရာ (နိုင်ငံ အလိုက် ဘောလုံးအဖွဲ့ချုပ်များ) ကဆုံးဖြတ်ပေးမည်ဖြစ်သည်။ သို့သော် နိုင်ငံတစ်နိုင်ငံ၏ ထိပ်တန်းပထမ အဆင့် ကလပ်သင်းများနှင့် နိုင်ငံလက်ရွေးစင်အကြီးတန်း (က) အဆင့်တွင်ပါဝင်သည့် အမျိုးသားနှင့် အမျိုးသမီး ပြိုင်ပွဲ များတွင်မူ လူစားလဲလှယ်ခွင့်ကို အများဆုံး(၃)ဦးအထိသာ လဲလှယ်ခွင့်ရှိသည်။

ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများတွင် အောက်ပါအချက်များကို ဖော်ပြထားရမည်။

(၁) လူစားလဲလှယ်ရန်အတွက် အရံကစားသမား(၃)ဦးမှ အများဆုံး(၁၂)ဦးအထိ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ဖော်ပြထားရမည်။

(၂) ကစားပွဲကို အချိန်ပိုကစားရသည့်အခါ (သတ်မှတ်ခွင့်ပြုထားသော လူစားအရေအတွက် အပြည့်အဝ အသုံးပြုပြီးသည်ဖြစ်စေ၊ အပြည့်အဝမသုံးရသည်ဖြစ်စေ)၊ အပိုလူစားတစ်ဦးကို ထည့်သွင်း အသုံးပြုနိုင်ကြောင်း ဖော်ပြထားရမည်။

**အခြားပြိုင်ပွဲများ**

နိုင်ငံတစ်နိုင်ငံ၏ (က) အဆင့်ပြိုင်ပွဲများတွင် အရံကစားသမားများကို (၁၂) ဦးအထိ စာရင်းပေးသွင်းနိုင်ပြီး ၎င်းတို့အနက် အများဆုံး(၆)ဦးကို လဲလှယ်ကစားခွင့်ပြုနိုင်သည်။

အခြားပြိုင်ပွဲအားလုံးတွင် အောက်ပါအချက်များနှင့် ကိုက်ညီပါက လူစားလဲလှယ်မည့် အရေအတွက်ကို ပိုမို၍လဲလှယ်ကစားနိုင်သည်။

(၁) ယှဉ်ပြိုင်မည့်အသင်းများသည် လူစားအများဆုံး မည်မျှအသုံးပြုနိုင်ကြောင်းကို ကြိုတင်ညှိနှိုင်း သဘောတူ ထားလျှင်

(၂) ထိုညှိနှိုင်းထားသည့် အရေအတွက်ကို ကစားပွဲမစမီတွင်ဒိုင်လူကြီးအား ကြိုတင်အသိပေးထားခဲ့လျှင်

အကယ်၍ ကစားပွဲမစတင်မီ ဒိုင်လူကြီးအား ကြိုတင်အကြောင်းကြားထားခြင်းမရှိလျှင် (သို့မဟုတ်) ကစားပွဲ မစတင်မီ ကြိုတင်ညှိနှိုင်းသဘောတူထားသည်များ မရှိခဲ့လျှင် အသင်းတိုင်းသည် အများဆုံး (၆) ဦးအထိသာ လူစား လဲလှယ်ခွင့်ရှိသည်။

**ပြန်လည်ကစားနိုင်သည့် လူစားလဲလှယ်ခြင်းများ**

ပြန်လည်ဝင်ရောက်ကစားနိုင်သည့် လူစားလဲလှယ်ခြင်းများကို လူငယ်အဆင့်၊ လူကြီးအဆင့်၊ မသန်စွမ်းသူများအဆင့်နှင့် အောက်ခြေ (grass roots ) အဆင့်များကိုသာ နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့၏ သဘောတူညီချက်ဖြင့်သာ ခွင့်ပြုရမည်။

## ၃။ လူစားလဲလှယ်ခြင်းလုပ်ထုံးလုပ်နည်း။

အရံကစားသမားများ၏ အမည်စာရင်းကို ကစားပွဲစတင်ခြင်းမပြုမီ ဒိုင်လူကြီးထံကြိုတင်၍ ပေးပို့ထားရမည်။ ဤအချိန်တွင် အရံကစားသမား အမည်စာရင်း၌ ဖော်ပြထားခြင်းမရှိခဲ့လျှင် ထိုသူသည် ဝင်ရောက်ကစား ခွင့်မရှိပါ။

ကစားသမားတစ်ဦးအား အရံကစားသမားတစ်ဦးနှင့် လူစားလဲလှယ်ရန်အတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာရမည်။

(၁) လူစားလဲလှယ်ခြင်းမပြုမီ ဒိုင်လူကြီးအား ကြိုတင်အသိပေးရမည်။

(၂) လူစားလဲခြင်းခံရသည့် ကစားသမားသည်

(က) ဒိုင်လူကြီး၏ ခွင့်ပြုချက်ရရှိမှသာ ကွင်းပြင်ပသို့ထွက်ခွာရမည်။ ကွင်းပြင်ပသို့ ရောက်ရှိနေပြီးသူ မဟုတ် ခဲ့လျှင်၊ ကစားကွင်း၏ နယ်နိမိတ်စည်းနှင့် အနီးဆုံးနေရာမှ ထွက်ခွာရမည်။ သို့သော် ဒိုင်လူကြီးက ထွက်ခွာရမည့် နေရာကို ညွှန်ပြပါက ကွင်းလယ်စည်းမှ တိုက်ရိုက် နှင့် အမြန် (သို့မဟုတ်) အခြားနေရာမှ ထွက်ခွာရမည်။ (ဥပမာ- ဘေးကင်းစေရန်/ လုံခြုံမှုရှိစေရန် (သို့မ ဟုတ်) ဒဏ်ရာအနာတရ ရရှိခဲ့လျှင်)။

(ခ) လူစားလဲခြင်းခံရသူသည် နည်းစနစ်ဇရိယာ (သို့မဟုတ်) အဝတ်လဲခန်းသို့ အမြန်ဆုံးသွား ရောက်ရမည်။ ထိုကစားပွဲတွင် ပြန်လည်ဝင်ရောက်ကစားခွင့်မရှိပါ။ (လူစားပြန်လည်ဝင်ရောက် ကစားရန် ခွင့်ပြုထားသည်မှ အပ) ။

(ဂ) ကစားပွဲတွင် ပါဝင်ကစားနေသည့် ကစားသမားတစ်ဦးသည် လူစားလဲလှယ်ရန်အတွက် ကွင်းပြင်သို့ထွက် ရန် ငြင်းဆန်ခဲ့သော် ဒိုင်လူကြီးသည် ကစားပွဲကို ဆက်လက်ကစားခွင့်ပြုမည်။

လူစားဝင်ရောက်မည့် အရံကစားသမားသည် အောက်ပါအတိုင်းသာဝင်ရောက်ရမည်။

(၁) ကစားပွဲရပ်ဆိုင်းသွားသည့်အချိန်

(၂) ကွင်းလယ်စည်းမှ

(၃) လူစားလဲခြင်းခံရသည့်ကစားသမား ကွင်းမှထွက်ခွာသွားပြီးနောက်

(၄) ဒိုင်လူကြီးထံမှ ဝင်ရောက်နိုင်ကြောင်း အချက်ပြမှုရရှိမှသာ။

အရံကစားသမားသည် ကွင်းအတွင်းသို့ ဝင်ရောက်သည်နှင့် လူစားလဲလှယ်ခြင်းပြီးဆုံးသည်။

ထိုအချိန်မှစ၍ လူစားလဲခြင်းခံရသည့် ကစားသမားသည် လူစားလဲပြီးသည့်ကစားသမားဖြစ်သွားပြီး လူစားဝင် လာသူသည် ကစားသမားအဖြစ်ရောက်ရှိသွားသည်။ ထိုကစားသမားနှင့် အရံကစားသမားအားလုံးတို့သည် ကစား သည်ဖြစ်စေ၊ မကစားသည်ဖြစ်စေ ဒိုင်လူကြီး၏ အခွင့်အာဏာနှင့် ဆုံးဖြတ်ပိုင်ခွင့်အောက်တွင်ရှိသည်။

## ၄။ ဂိုးသမားနှင့် လဲလှယ်ခြင်း

မည်သည့်ကစားသမားမဆို ဂိုးသမားနှင့် နေရာခြင်းလဲလှယ်ကစားနိုင်သည်။

(၁) လဲလှယ်ခြင်းမပြုမီ ဒိုင်လူကြီးအား အသိပေးရမည်။

(၂) နေရာခြင်းလဲလှယ်ခြင်းကို ကစားပွဲရပ်ဆိုင်းသွားသည့်အချိန်တွင် လဲလှယ်နိုင်သည်။

## ၅။ အပြစ်ကျူးလွန်ခြင်းများနှင့် အရေးယူခြင်းများ

အကယ်၍ အမည်စာရင်းပါ ကစားသမားအစား အမည်စာရင်းပါ အရံကစားသမားက ဝင်ရောက်ကစားရာတွင် ဤပြောင်းလဲမှုကို ဒိုင်လူကြီးအား အသိပေးခြင်းမရှိပါက

(၁) ဒိုင်လူကြီးက အမည်စာရင်းပါ အရံကစားသမားကို ဆက်လက်ကစားစေရမည်။

(၂) အမည်စာရင်းပါ အရံကစားသမားအား စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုပြုလုပ်ရန်မလို။

(၃) အမည်စာရင်းပါ ကစားသမားသည် အမည်စာရင်းပါ အရံကစားသမားအဖြစ် လာနိုင်သည်။

(၄) လူစားလဲလှယ်ခွင့်အရေအတွက်ကို လျှော့ချခြင်းမပြုရ။

(၅) ဒိုင်လူကြီးသည် အဆိုပါအဖြစ်အပျက်ကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များထံ အစီရင်ခံစာတင်ပြရမည်။

အကယ်၍ ပထမပိုင်းနှင့် ဒုတိယအချိန်ဝက်အကြား (သို့မဟုတ်) အချိန်ပိုမကစားမီတွင် လူစားလဲလှယ်ခြင်းပြုလုပ်လိုလျှင် ကစားပွဲပြန်လည် စတင်ကစားခြင်းမပြုမီအချိန်တွင် လူစားလဲလှယ်ခြင်း လုပ်ထုံးလုပ်နည်းအတိုင်းပြည့်စုံအောင်ဆောင်ရွက်ရမည်။ အကယ်၍ ဒိုင်လူကြီးအား အကြောင်းကြားခြင်းမရှိပါက အမည်စာရင်းပါ အရံကစားသမားအား ဆက်လက်ကစားစေရမည်။ စည်းကမ်းပိုင်းဆိုင်ရာအရေးယူခြင်းများ ပြုလုပ်ရန်မလိုပါ။ ထိုအဖြစ်အပျက်ကို ဒိုင်လူကြီးသည် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များထံ အစီရင်ခံရမည်။

အကယ်၍ ကစားသမားတစ်ဦးသည် ဒိုင်လူကြီး၏ ခွင့်ပြုချက်မရရှိဘဲ ဂိုးသမားနှင့် နေရာခြင်းလဲလှယ်ကစား ခဲ့လျှင် ဒိုင်လူကြီးသည် –

(၁) ကစားပွဲကိုဆက်လက်ကစားစေရမည်။

(၂) နောက်တစ်ကြိမ် ဘောလုံးကစားမှုရပ်ဆိုင်းသွားချိန်တွင် ထိုကစားသမားနှစ်ဦးလုံးကို အဝါကတ်ပြသတိပေးရမည်။ သို့သော် အကယ်၍ ထိုပြောင်းလဲကစားခြင်းသည် ပထမပိုင်းနှင့် ဒုတိယပိုင်း အချိန်ဝက်အကြား (အချိန်ပိုကစားချိန် တစ်ဝက်အပါအဝင်) (သို့မဟုတ်) ကစားပွဲပြီးဆုံးခါနီးတွင် အချိန်ပိုစတင်ကစားမည့်အချိန်နှင့် ပယ်နယ်တီအမှတ်မှ ပယ်နယ်တီကန်ခြင်းတို့မပါဝင်ပါ။

ပြဋ္ဌာန်းချက်တွင် မပါသည့် အခြားသောအချက်များကို ဖောက်ဖျက်ကျူးလွန်ပါက

(၁) (သက်ဆိုင်သည့်) ကစားသမားများကို အဝါကတ်ပြသတိပေးရမည်။

(၂) ဒိုင်လူကြီးက ကစားပွဲကို ရပ်ဆိုင်းလိုက်သည့် အချိန်တွင် ဘောလုံးရောက်ရှိနေသည့် နေရာမှစ၍ တစ်ဖက်အသင်းကတစ်ဆင့် အလွတ်ကန်စေခြင်းဖြင့် အပြစ်ပေးရမည်။

## ၆။ **ကစားသမားများနှင့် အရံကစားသမားများအား ထုတ်ပယ်ခြင်း။**

ထုတ်ပယ်ခြင်းခံရသည့် ကစားသမားတစ်ဦးသည်–

(၁) ကစားသမားအမည်စာရင်း မတင်ပြမီတွင် ထုတ်ပယ်ခြင်းခံရပါက ကစားသမားအမည်စာရင်းတွင် မည်သည့် နေရာတွင်မှ ဖော်ပြခွင့်မရှိပါ။

(၂) အမည်စာရင်းတင်သွင်းပြီးသော်လည်း ကစားပွဲမစတင်မီ ထုတ်ပယ်ခြင်းခံရပါက ကစားသမား အမည်စာရင်း ပါ အရံကစားသမားနှင့် အစားထိုးနိုင်သည်။ သို့သော် ၎င်း၏နေရာတွင် အမည်စာရင်းပါ အရံ ကစားသမားနှင့် အစား ထိုးနိုင်သည်။ သို့သော် ၎င်း၏နေရာတွင် အမည်စာရင်း ထပ်မံ ပြင်ဆင်ခြင်း မပြုရ။ ထိုအသင်းမှ လူစားလဲလှယ်ခွင့်ရှိ သည့် အရေအတွက်ကို လျော့ချခြင်းမပြုရ။

(၃) ဘောလုံးကစားပွဲစတင်ပြီးသည့်နောက်မှ ထုတ်ပယ်ခြင်းခံရပါက လူစားထိုးလဲလှယ်ကစားစေခြင်း မပြုနိုင်ပါ။

အမည်စာရင်းတွင်ဖော်ပြထားသော အရံကစားသမားတစ်ဦးသည် ကစားပွဲမစတင်မီသည်ဖြစ်စေ၊ ကစားပွဲ စတင်ပြီးမှဖြစ်စေ ထုတ်ပယ်ခြင်းခံရပါက ထိုကစားပွဲတွင် ပါဝင်လူစားလဲလှယ် ကစားခွင့်မရှိပါ။

## ၇။ **ကစားကွင်းပေါ်မှ အပိုလူ (လူပို)များ**

အသင်း၏အမည်စာရင်းတွင်ပါဝင်သော နည်းပြဆရာနှင့် အခြားတရားဝင် အသင်းအုပ်ချုပ်သူများသည် (က စားသမားများနှင့်အရံကစားသမားများမှအပ) အသင်း၏တာဝန်ရှိသူများပင်ဖြစ်သည်။ ထိုအသင်း၏အမည် စာရင်း တွင်ပါရှိသော ကစားသမား၊ အရံကစားသမားများ၊ အသင်းအုပ်ချုပ်သူများစာရင်းတွင် ဖော်ပြထားခြင်း မရှိသူ များသည် အပိုလူ (လူပို) များပင်ဖြစ်သည်။

အသင်း၏တာဝန်ရှိသူ၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်း ခံရသည့် က စားသမားနှင့် အပိုလူများသည် ကစားကွင်းအတွင်းသို့ဝင်ရောက်လာပါက ဒိုင်လူကြီးသည်–

(၁) ထိုသို့ဝင်ရောက်လာမှုသည် ကစားပွဲကို အနှောက်အယှက်ဖြစ်စေပါက ကစားပွဲကို ရပ်ဆိုင်းရမည်။

(၂) ဘောလုံးကစားမှုရပ်ဆိုင်းသွားချိန်တွင် ထိုသူများအား ကစားကွင်းမှထွက်ခွာစေရမည်။

(၃) သင့်လျော်သည့်စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုဖြင့် အရေးယူရမည်။

အကယ်၍ ကစားပွဲကိုရပ်ဆိုင်းလိုက်ရသည်မှာ အောက်ပါပုဂ္ဂိုလ်များ၏ ကြားဝင်စွက်ဖက်မှုကြောင့် ဖြစ်ပွား ရလျှင် –

(၁) အသင်း၏တာဝန်ရှိသူ၊ အရံကစားသမား၊ လူစားလဲလှယ်ခြင်းခံရပြီးသည့်ကစားသမား၊ ထုတ်ပယ်ခြင်း ခံရသည့် ကစားသမားကကျူးလွန်လျှင် ကစားပွဲကို တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့်ဖြစ်စေ၊ ပယ်နယ်တီ ကန်ခြင်းဖြင့်ဖြစ်စေ၊ ကစားပွဲကို ပြန်လည်စတင်ကစားစေရမည်။

(၂) ပြင်ပမှအပိုလူကြောင့် ဖြစ်ပွားပါက မြေချဘောဖြင့် ကစားပွဲကို ပြန်လည်စတင်ကစားစေရမည်။

(တစ်ဖက်အသင်းမှ ကန်သွင်းလိုက်၍) ဘောလုံးသည် ဂိုးအတွင်းသို့သွားနေစဉ် ပြင်ပလူ၏ အနှောက်အယှက် ပေးမှုကြောင့် ကစားသူတစ်ဦးက ကာကွယ်တားဆီးခြင်းမပြုနိုင်ဘဲ ဂိုးဝင်သွားပါက (အကယ်၍ ခုခံသူက ဘောလုံး နှင့် ထိသွားစေကာမူ) ထိုဂိုးကို ဂိုးတစ်ဂိုးအဖြစ် သတ်မှတ်ပေးရမည်။ (တိုက်စစ်ဆင်သည့် အသင်းက အနှောက်အယှက်ပေးခြင်းမှအပ)။

## ၈။ ကစားကွင်းပြင်ပရောက် ကစားသမား

အကယ်၍ ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဒိုင်လူကြီး၏ ခွင့်ပြုချက် လိုအပ်သော ကစားသမားသည် ဒိုင်လူကြီး၏ ခွင့်ပြုချက်မရရှိဘဲ ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့လျှင် ဒိုင်လူကြီးသည် –

(၁) ကစားပွဲကို ရပ်ဆိုင်းလိုက်ရမည်။ (သို့သော် ထိုကစားသမားသည် ကစားနေမှုကို အနှောက်အယှက် မပေးခြင်း (သို့မဟုတ်) ဒိုင်လူကြီးများက အခွင့်သာမှုပေး၍ ဆက်လက်ကစားစေခြင်းပြုပါက ဒိုင်လူကြီးသည် ကစားပွဲကို ချက်ချင်းရပ်ဆိုင်းရန်မလိုပါ။)

(၂) ဒိုင်လူကြီး၏ခွင့်ပြုချက်မရဘဲ ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာသူကို အဝါကတ်ပြသတိပေးရမည်။

အကယ်၍ ဒိုင်လူကြီးက ကစားပွဲကို ရပ်ဆိုင်းလိုက်လျှင် အောက်ပါအတိုင်း ပြန်လည်စတင်ကစားစေရမည်။

(၁) အနှောက်အယှက်ပေးသည့်နေရာတွင် တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၂) အကယ်၍ အနှောက်အယှက်ပေးခြင်းမရှိပါက ဘောလုံးကစားမှု ရပ်ဆိုင်းသွားသည့်နေရာတွင် တစ်ဆင့် အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

ကစားသမားတစ်ဦးသည် ကစားမှု၏လှုပ်ရှားမှုအစိတ်အပိုင်းတစ်ခုအဖြစ် ကစားကွင်း၏ နယ်နိမိတ်စည်းကို ကျော်လွန်သွားမိလျှင် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခြင်းမဟုတ်ပါ။

## ၉။ ကစားကွင်းပေါ်တွင် အပိုလူတစ်ဦးရှိနေခိုက် ဂိုးသွင်းခြင်း

အကယ်၍ ဂိုးတစ်ဂိုးသွင်းပြီးသည့်နောက် ကစားပွဲပြန်လည်စတင် ကစားခြင်းမပြုမီအချိန်တွင် ဒိုင်လူကြီးက ထိုဂိုးသွင်းသည့်အချိန်၌ ကစားကွင်းပေါ်တွင် အပိုလူတစ်ဦးရှိနေကြောင်းကို သိရှိခဲ့လျှင်

(၁) အပိုလူသည် အောက်ပါပုဂ္ဂိုလ်များဖြစ်နေပါက ဒိုင်လူကြီးသည် ထိုဂိုးကို ခွင့်မပြုရ။

(က) ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့် ကစားသမား တစ်ဦးသည် ဂိုးသွင်းလိုက်သည့် အသင်းမှ ပုဂ္ဂိုလ်များဖြစ်နေပါက ထိုအပိုရောက်ရှိ နေသည့် နေရာမှ နေ၍ တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေး၍ ပြန်လည်စတင်စေရမည်။

(ခ) ပြင်ပလူတစ်ဦးဦးက ကစားမှုကို အနှောက်အယှက်ဖြစ်စေခဲ့လျှင် (အထက်အပိုဒ်ပါ ဖော်ပြခဲ့သော လူပိုရှိနေခြင်းကြောင်းဂိုးသွင်းလိုက်ခြင်းမှအပ) ကစားပွဲကို မြေချဘောဖြင့် ပြန်လည်စတင်စေရမည်။

(၂) အပိုလူသည် အောက်ပါပုဂ္ဂိုလ်များဖြစ်နေပါက ဒိုင်လူကြီးသည် ထိုဂိုးကို ခွင့်ပြုရမည်။

(က) ကစားသမား၊ အရံကစားသမား၊ လူစာလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ် ခြင်းခံရသည့် ကစားသမားနှင့် အသင်း၏တာဝန်ရှိသူတို့သည် ဂိုးအသွင်းခံရသည့် (ဂိုးပေးလိုက်ရသည့်) အသင်းမှ အသင်းဝင်တစ်ဦးဖြစ်ပါက

(ခ) ကစားပွဲကို အနှောက်အယှက်မပြုသည့် ပြင်ပလူဖြစ်ပါက

အထက်ပါကိစ္စရပ်အားလုံးတွင် ဒိုင်လူကြီးသည် အပိုလူကို ကစားကွင်းမှ ဖယ်ရှားစေရမည်။

အကယ်၍ ဂိုးသွင်းလိုက်ပြီးသည့်နောက် ကစားပွဲကို ပြန်လည်စတင်ပြီးမှ ဂိုးသွင်းလိုက်စဉ်က ကစားကွင်း ပေါ်တွင် အပိုလူရှိနေကြောင်း ဒိုင်လူကြီးက သိရှိခဲ့လျှင် ထိုဂိုးကိုပယ်ဖျက်ခြင်းမပြုနိုင်ပါ။ အကယ်၍ အပိုလူသည် ကစားကွင်းပေါ်တွင် ဆက်လက်ရှိနေပါက ဒိုင်လူကြီးသည် –

(၁) ကစားပွဲကိုရပ်လိုက်ရမည်။

(၂) အပိုလူကို ကစားကွင်းမှ ထွက်ခွာစေရမည်။

(၃) ကစားပွဲကို မြေချဘော(သို့မဟုတ်) အလွတ်တည်ကန်ဘောဖြင့် သင့်တော်ရာဥပဒေနှင့် ကစားပွဲကို ပြန်လည်စတင်စေရမည်။

ဒိုင်လူကြီးသည် ထိုအဖြစ်အပျက်ကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များထံ အစီရင်ခံစာတင်ပြရမည်။

## ၁၀။ အသင်းခေါင်းဆောင်

ဘောလုံးအသင်း၏ အသင်းခေါင်းဆောင်သည် သီးခြားအဆင့်အတန်း (သို့မဟုတ်) အခွင့်အရေးမရှိပါ။ သို့သော်လည်း သူ၏အသင်းသား ပြုမူမှုများအတွက် သူ့မှာတာဝန်ရှိသည်။




## ဥပဒေ (၄)၊ ကစားသမားများ၏ အသုံးအဆောင် (The Players' Equipment)

### ၁။ အန္တရာယ်ကင်းရှင်းမှု

ကစားသမားတစ်ဦးသည် အန္တရာယ်ဖြစ်စေလောက်သည့် မည်သည့်အသုံးအဆောင် (သို့မဟုတ်) ဝတ် ဆင်စရာများကို ဝတ်ဆင်သုံးစွဲခြင်းမပြုရ။

အားလုံးသော ကျောက်မျက်လက်ဝတ်ရတနာများ (ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်၊ နားဆွဲ၊ သားရေကွင်း၊ ရော်ဘာကွင်း စသည်) ဝတ်ဆင်ခြင်းကို တားမြစ်ထားပြီး ၎င်းတို့ကို ဖယ်ရှားထားရမည်။ ထိုကျောက် မျက်ရတနာ လက်ဝတ်ရတနာများ အပေါ်မှ တိတ်ဖြင့်ဖုံးအုပ်ထားခြင်းကိုလည်း ခွင့်မပြုရ။

ကစားသမားများအား ကစားပွဲစတင်ခြင်းမပြုမီနှင့် လူစားဝင်မည့် အရံကစားသမားများအား ကစားကွင်းအတွင်းသို့ မဝင်ရောက်မီ စစ်ဆေးရမည်။ အကယ်၍ ကစားသမားတစ်ဦးသည် တရားမဝင်သည့်/ အန္တရာယ်ရှိနိုင်မည့် အသုံးအဆောင်များ (သို့မဟုတ်) ကျောက်မျက်ရတနာများကို ဝတ်ဆင်ခြင်း (သို့မဟုတ်) အသုံးပြုခြင်းကို တွေ့ရှိရပါက ဒိုင်လူကြီးသည် ထိုကစားသမားအား အမိန့်ပေးရမည်။

(၁) ၎င်းပစ္စည်းကို ချွတ်ရန်

(၂) ကစားသမားကမလုပ်နိုင်သည့်အခါ (သို့မဟုတ်) လိုက်နာရန် ဆန္ဒမရှိသည့်အခါများတွင် ဘောလုံးကစားမှု နောက်တစ်ကြိမ်ရပ်ဆိုင်းအချိန်တွင် ၎င်းအား အားကစားကွင်းမှ ထွက်ခွာ စေရမည်။

လိုက်နာရန်ငြင်းဆိုသည့် ကစားသမား (သို့မဟုတ်) နောက်ထပ်တစ်ကြိမ် ထပ်မံဝတ်ဆင်သူများကို အဝါကတ်ပြ သတိပေးရမည်။

## ၂။ အခြေခံအသုံးအဆောင်ပစ္စည်း

ကစားသမားတစ်ဦးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအသုံးအဆောင်များမှာ အောက်ပါအတိုင်း သီးခြားစီပါဝင်ပါသည်။

(၁) အင်္ကျီပါသောဂျာစီ (ရှပ်အင်္ကျီ)

(၂) ဘောင်းဘီတိုများ

(၃) ခြေအိတ်များ၊ တိတ်(သို့မဟုတ်) အခြားမည့်သည့်အရာဝတ္ထုများကို အသုံးပြုခြင်း၊ ဝတ်ဆင်ခြင်းပြုပါက ပြင်ပအရောင်သည် ခြေအိတ်၏ အစိတ်အပိုင်းပါအရောင်နှင့်တူရမည်။

(၄) ညှိသကျည်းကာများ၊ ၎င်းတို့ကို သင့်တော်သည့် အရာဝတ္ထုများဖြင့် ပြုလုပ်ထားပြီးသင့်တော်သည့် ကာကွယ်မှုများပေးနိုင်ရမည်။ ၎င်းကိုခြေအိတ်များဖြင့် ဖုံးအုပ်ထားရမည်။

(၅) ဖိနပ်

ဂိုးသမားသည် ချွေးသိပ်ဝတ်စုံဘောင်းဘီရှည်ကို အခြေခံအသုံးအဆောင်အဖြစ် ဝတ်ဆင်နိုင်သည်။

ကစားသမားတစ်ဦးသည် ကစားနေရင်း ဖိနပ် (သို့မဟုတ်) ညှိသကျည်းကာ မတော်တဆ ကျွတ်ထွက်သွားခဲ့လျှင် ဘောလုံးနောက်တစ်ကြိမ်ကစားမှု ရပ်ဆိုင်းသွားချိန်ထက် နောက်မကျစေဘဲ မြန်နိုင်သမျှမြန်အောင် ပြန်လည်ဝတ်ဆင်ရမည်။ အကယ်၍ ယင်းသို့မပြုလုပ်နိုင်မီအချိန်တွင် ထိုကစားသမားက ဆက်လက်ကစား၍ ဂိုးသွင်းယူခဲ့လျှင် ထိုဂိုးကို ခွင့်ပြုရမည်။

## ၃။ အရောင်များ

(၁)　အသင်းနှစ်သင်း၏ ဝတ်စုံများသည် တစ်သင်းနှင့်တစ်သင်း သိသာစွာ ကွဲပြားသည့် အရောင်များဖြစ်ရ မည့်အပြင် ဒိုင်လူကြီးနှင့် အခြားတာဝန်ကျဒိုင်လူကြီးများနှင့်လည်း ကွဲပြားခြားနားသည့် အရောင်များဖြစ်ရမည်။

(၂)　နှစ်သင်းစလုံးမှ ဂိုးသမားဝတ်ဆင်သည့်အရောင်သည် အခြားကစားသမားများနှင့် ပြိုင်ပွဲကြီးကြပ်သည့် ဒိုင်လူကြီးများ၏ အရောင်နှင့် ခြားနားသောအရောင်ကို ဝတ်ဆင်ရမည်။

(၃)　ဂိုးသမားနှစ်ဦးဝတ်ဆင်သည့် အရောင်သည် အရောင်တူဖြစ်နေပြီး အခြားလဲလှယ်ရန် အင်္ကျီလည်း မရှိပါက ဒိုင်လူကြီးသည် ကစားပွဲကို ကစားစေရန် ခွင့်ပြုရမည်။

အောက်ခံအင်္ကျီ၏အရောင်သည် အောက်ပါအတိုင်းဖြစ်ရမည်။

(၁)　<u>အသင်း၏ တူညီဝတ်စုံအင်္ကျီ၏ လက်တွင်ရှိသော အဓိကအရောင်နှင့် တူညီသောတစ်ရောင်တည်းသော အင်္ကျီဖြစ်ရမည်။</u>

(သို့မဟုတ်)

(၂)　<u>ဝတ်စုံ၏ပုံစံ/ အရောင်များသည် အသင်း၏ ရှပ်အင်္ကျီ၏ လက်တွင်ရှိသော အရောင်နှင့် ပုံစံ တူရမည်။</u>

အောက်ခံဘောင်းဘီ/ ကိုယ်ကြပ်ဘောင်းဘီ၏အရောင်သည် အသင်း၏ဘောင်းဘီ၏ အဓိကအရောင်နှင့် (သို့မဟုတ်) ဘောင်းဘီ၏ အောက်ဆုံးအစိတ်အပိုင်းပါအရောင်နှင့် တူညီရမည်။ အသင်းတစ်သင်းတည်းမှ ကစားသမားအားလုံးသည် အရောင်တူဘောင်းဘီများဝတ်ဆင်ရမည်။

## ၄။　အခြားအသုံးအဆောင်ပစ္စည်း

အန္တရာယ်မဖြစ်နိုင်သည့် ကြိုတင်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်း (ဥပမာ–ဦးခေါင်းစွပ်၊ မျက်နှာဖုံးနှင့် ပျော့ပျောင်းပေါ့ပါးသည့် ဒူးခေါင်းနှင့် လက်မောင်းကာကွယ်သည့် အရာဝတ္ထုများကို ဂိုးသမား၏ကတ်ဦးထုပ်များနှင့် အားကစားမျက်မှန်များကဲ့သို့ အသုံးပြုနိုင်သည်။

### ဦးခေါင်းစွပ်များ

ဦးခေါင်းစွပ်များ (ဂိုးသမား၏ ကတ်ဦးထုပ်မှအပ) ကို အသုံးပြုပါက ၎င်းတို့သည် အောက်ပါအတိုင်း ဖြစ် ရမည်။

(၁)　အနက်ရောင် (သို့မဟုတ်) ရှပ်အင်္ကျီ၏ အဓိကအရောင်နှင့် အရောင်တူဖြစ်ရမည်။

(တစ်သင်းတည်းမှ ကစားသမားများက တူညီသည့် အရောင်များဝတ်ဆင်ခဲ့လျှင်)

(၂) အဆင့်မြင့် (ကြေးစား) ကစားသမားများ၏ အမူအကျင့်အတိုင်း အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းဝတ်ဆင်ရမည်။

(၃) ရှပ်အင်္ကျီနှင့် ပူးတွဲ၍ ချုပ်ထားခြင်းမရှိစေရ။

(၄) ဝတ်ဆင်သည့် ကစားသမားကိုယ်တိုင်နှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ အန္တရာယ်မဖြစ်စေရ။ (ဥပမာ– လည်ပင်းတစ်ဝိုက်တွင် ကိရိယာများ တပ်ဆင်ထားသော စက်များကို ဖွင့်/ ပိတ်ထားခြင်း)။

(၅) မျက်နှာပြင်မှ အစွန်းထွက်နေသည့် အစိတ်အပိုင်းများ မဖြစ်စေရ။ (အစွန်းထွက်နေသည့်ပစ္စည်းများ)

## လျှပ်စစ်နှင့်ဆိုင်ရာဆက်သွယ်ခြင်း

ကစားသမားများ၊ အရံကစားများ၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားများနှင့် ထုတ်ပယ်ခြင်းခံရသော ကစားသမားများ အပါအဝင်) သည် (EPTS ခေါ် လျှပ်စစ်ဖြင့် လုပ်ဆောင်ချက်နှင့် ခြေရာခံစနစ်ကို ခွင့်ပြုထားသည်မှအပ) မည်သည့်လျှပ်စစ်နှင့်ဆိုင်ရာပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို တပ်ဆင်ခြင်း၊ အသုံးပြုခြင်းကို ခွင့်မပြုပါ။

လျှပ်စစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို အသင်း၏တာဝန်ရှိသူများကိုသာ ကစားသမား၏ သက်သာမှုနှင့် လုံခြုံမှုများအတွက် ကစားသမားများနှင့် တိုက်ရိုက်ပတ်သက် ဆက်သွယ်ခြင်း (သို့မဟုတ်) နည်းစနစ်ပိုင်းဆိုင်ရာ ညွှန်ကြားခြင်းများအတွက်သာ သုံးစွဲရန်ခွင့်ပြုထားသည်။ သို့သော် ထိုခွင့်ပြုပစ္စည်းများသည် သေးငယ်ပြီး၊ လက်နှင့်ကိုင်တွယ်ရယူနိုင်သော ဖုန်းများ (ဥပမာ–မိုက်ကရိုဖုန်း၊ ဦးခေါင်းတပ်ဖုန်း၊ နားရွက်တပ်ဖုန်း၊ မိုဘိုင်းဖုန်း၊စမတ်ဖုန်း၊ စမတ်နာရီ၊ တက်ပလက်၊ လက်တော့ များကိုသာ သုံးစွဲခွင့်ရှိသည်။ အသင်း၏ တာဝန်ရှိသူများသည် ဖော်ပြပါ တရားမဝင်ပစ္စည်းများကို အသုံးပြုခြင်း(သို့မဟုတ်) မသင့်တော်သည့် အပြုအမူမျိုးကို ပြုမူခြင်းပြုပါက (နည်းစနစ်ရေးယာမှ) ထုတ်ပယ်ရမည်။

## လျှပ်စစ်နှင့် သက်ဆိုင်သည့်စက်ပစ္စည်းလုပ်ဆောင်ချက်နှင့် ခြေရာခံစနစ်များ (EPTS)

မှတ်တမ်းတင်နည်းပညာကို (Wearable technology) ကို လျှပ်စစ်နှင့် သက်ဆိုင်သည့် စက်ပစ္စည်းလုပ်ဆောင်ချက်နှင့် ခြေရာခံစနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်နှင့် နိုင်ငံအလိုက်ဘောလုံးအဖွဲ့ချုပ်များက ကြီးမှူးကျင်းပသည့် တရားဝင်ပြိုင်ပွဲများတွင် အသုံးပြုမည်ဆိုလျှင် ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်များက ကစားသမား၏အသုံးအဆောင်နှင့် တွဲဖက်အသုံးပြုမည့် နည်းစနစ်သည် အန္တရာယ်ကင်းစေရမည်။ ကစားသမားကိုယ်တွင် ဝတ်ဆင်ရမည့် EPTS များသည် FIFA အရည်အသွေးအင်္ဂါရပ်များနှင့် ကိုက်ညီရမည်။

လျှပ်စစ်နှင့်သက်ဆိုင်သည့် စက်ပစ္စည်းများ ခြေရာခံ (မှတ်တမ်းတင်) စနစ်ကို အသုံးပြုသည့် သက်ဆိုင်ရာ နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ၎င်းတို့ကြီးမှူးကျင်းပသည့် တရားဝင်ဘောလုံးပြိုင်ပွဲများတွင် ပြိုင်ပွဲများကျင်းပနေစဉ် ဖော်ပြပါ ပစ္စည်းမှ နည်းစနစ်ဧရိယာသို့ ပေးပို့သည့် အချက်အလက် များသည် တိကျသေချာပြီး ယုံကြည်အားထားရကြောင်း သေချာစေရမည်ဖြစ်သည်။

လျှပ်စစ်နှင့် သက်ဆိုင်သည့်စက်ပစ္စည်းများ လုပ်ဆောင်ချက်နှင့် ခြေရာခံစနစ်များသည် EPTS အတွက် FIFA အရည်အသွေးအင်္ဂါရပ်များနှင့်အညီ ပြိုင်ပွဲကျင်းပရေးအဖွဲ့များမှ အတည်ပြုထားသော စစ်ဆေးပြီး တိကျ၍ အားထားရသည့် အချက်အလက်များနှင့် ပြည့်စုံကြောင်း ဖော်ပြသည့် အမှတ်အသားဖြစ်သည်။

## ၅။ ဆောင်ပုဒ်များ၊ အစီရင်ခံချက်များ၊ ပုံရိပ်များနှင့် ကြော်ငြာခြင်းများ

အထက်ဖော်ပြပါ အသုံးအဆောင်များနှင့် ပတ်သက်ပြီး မည်သည့်နိုင်ငံရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေးရာ ဆောင်ပုဒ်များ၊ အစီရင်ခံချက်များ၊ ပုံရိပ်များနှင့် ကြော်ငြာများကို မည်သည့်အရာမျှ ဖော်ပြခွင့်မရှိပါ။ ကစားသမားများသည် အထက်ပါအကြောင်းများပါဝင်သည့် ၎င်း၏အောက်ခံအင်္ကျီကို အပေါ်မှ ဂျာစီကိုလှန်၍ (အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သူ၏ အမှတ်တံဆိပ်မှအပ) ဖော်ပြခြင်းမပြုရ။ ယင်းသို့ပြုလုပ်သည့် မည်သည့်ကစားသမားနှင့် မည်သည့်အသင်း၏ တာဝန်ရှိသူများကိုမဆို ပြိုင်ပွဲကျင်းပရေးအဖွဲ့၊ နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့မှ အရေးယူခြင်းများကို ခံကြရမည်ဖြစ်သည်။

### လမ်းညွှန်ချက်များ

(၁) ဥပဒေ(၄)ပါ ကစားသမားများ၊ အရံကစားသမားများနှင့် လူစားလဲခြင်းခံရပြီးသည့် ကစားသမားများ၏ အသုံးအဆောင်ပစ္စည်းများ (အဝတ်အစားများအပါအဝင်)နှင့် နည်းစနစ်ဧရိယာ အတွင်းရှိနေသည့် အသင်း၏ တာဝန်ရှိပုဂ္ဂိုလ်များလည်း သက်ဆိုင်သည်။

(၂) အောက်ပါအချက်များသည် ပုံမှန်အနေဖြင့် ခွင့်ပြုလေ့ရှိသည်။

(က) ကစားသမား၏ ကျောနံပါတ်၊ အမည်၊ အသင်း၏အမှတ်တံဆိပ်၊ ဆောင်ပုဒ်၊ ဘောလုံးကစားနည်းဖွံ့ဖြိုးစေရေးအတွက် စွမ်းရည်ဆောင်ပုဒ်၊ သင်္ကေတတံဆိပ်၊ လေးစားခြင်း၊ ရိုသေခြင်းတို့အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံအလိုက်ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက် ဘောလုံးအဖွဲ့ချုပ်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့၏ စည်းကမ်းချက်များ အရ ခွင့်ပြုထားသည့်ကြော်ငြာများ ကြော်ငြာခွင့် ။

(ခ) ကစားပွဲ၊ အသင်းများ၊ နေ့စွဲ၊ ပြိုင်ပွဲအမျိုးအမည်၊ နေရာဒေသများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြခွင့်ရှိသည်။

(၃) ခွင့်ပြုထားသည့်ဆောင်ပုဒ်များ၊ အစီရင်ခံချက်များ ပုံရိပ်များကို ရှပ်အင်္ကျီ၏ အရှေ့ပိုင်း (သို့မဟုတ်) လက်မောင်းပတ်တို့ကို သတ်မှတ်ထားသည့်နေရာတွင် ဖော်ပြထားရမည်။

(၄) အချို့သော ကိစ္စများတွင် ဆောင်ပုဒ်အစီရင်ခံစာ ပုံရိပ် စသည်တို့ကို အသင်းခေါင်းဆောင်၏ လက်မောင်းပတ်တွင်သာ ဖော်ပြရမည်။

**ဥပဒေကို အဓိပ္ပါယ်ပြန်ဆိုခြင်း**

ဆောင်ပုဒ်တစ်ခု၊ အစီရင်ခံချက်တစ်ခု (သို့မဟုတ်) ပုံရိပ်တစ်ခုကို ခွင့်ပြုနိုင်ခြင်းရှိ/မရှိကို အဓိပ္ပါယ် ပြန်ဆိုရာတွင် ဥပဒေ(၁၂)၊ ပြစ်မှုများနှင့် မလိုလားအပ်သော ကိုယ်နှုတ်အမူအယာများ ကို ကျူးလွန်သည့် ကစားသမားအားဒိုင်လူကြီးက အရေးယူရန် လိုအပ်သည်ကို သတိပြုထည့်သွင်းစဉ်းစားရမည်။

(၁) ကစားသမားကို ပုတ်ခတ်ပြောဆိုခြင်းများ၊ ဆဲရေးတိုင်းထွာခြင်း (သို့)ရုန်ရင်းကြမ်းတမ်းသော အသုံးအနှုန်းနှင့် ပြုမူခြင်းများ

(၂) ကိုယ်နှုတ်အမူအယာဖြင့် ငြင်းခုံခြင်း၊ ပျက်ရယ်ပြုခြင်း၊ ဆူပူစေသည့်နည်းလမ်းဖြင့် လှုံ့ဆော်စေခြင်းများ ပြုလုပ်ခြင်း။

မည်သို့သော ဆောင်ပုဒ်၊ အစီရင်ခံချက်၊ ပုံရိပ်ကိုမဆို အောက်ပါအကြောင်းအချက်များနှင့် သက်ရောက်ခဲ့လျှင် ခွင့်မပြုရ။

ဘာသာရေးနှင့် ပုဂ္ဂိုလ်ရေးရာတို့နှင့်ပတ်သက်၍ အဓိပ္ပါယ်ပြန်ဆိုရာတွင် လွယ်ကူသော်လည်း နိုင်ငံရေးတွင်ပြန်ဆိုရန် ရှင်းလင်းခြင်းနည်းပါးသည်။ သို့သော် ဆောင်ပုဒ်၊ အစီရင်ခံချက်၊ ပုံရိပ်များသည် အောက်ပါအကြောင်းအရာများနှင့် ဆက်စပ်နေပါက ဖော်ပြခွင့်မပြုရပါ။

(၁) မည်သည့်သက်ရှိထင်ရှား/ကွယ်လွန်သွားသည့်ပုဂ္ဂိုလ်များ၊ (တရားဝင်ပြိုင်ပွဲ၏ အမည်တစ်စိတ်တစ်ဒေသ မှလွဲ၍)

(၂) မည်သည့်ဒေသ၊ နယ်ပယ်၊ နိုင်ငံ (သို့မဟုတ်) နိုင်ငံတကာနိုင်ငံရေးပါတီ၊ အဖွဲ့အစည်းအုပ်စုကိုမဆို

(၃) မည်သည့်ဒေသ၊ နယ်ပယ် (သို့မဟုတ်) နိုင်ငံ၏အစိုးရအဖွဲ့ (သို့မဟုတ်) ဌာနများ၊ ရုံးများ၊ လုပ်ဆောင်ချက်များကိုမဆို

(၄) ကွဲပြားနေသည့် မည်သည့်အဖွဲ့အစည်းကိုမဆို

(၅) အဖွဲ့အစည်းတစ်ခုက ကျော်ကြားသည့် ပုဂ္ဂိုလ်ကို အပြစ်ကျူးလွန်ရန် ရည်ရွယ်/ ကြံစည်နေခြင်း

(၆) တစ်ခုတည်းသော နိုင်ငံရေးလုပ်ဆောင်ချက်/ အဖြစ်အပျက်တစ်ခုတွင် ပါဝင်နေခြင်း။

နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) နိုင်ငံတကာအဖြစ်အပျက်နှင့် ပတ်သက်၍ ပြုလုပ်သည့် ထူးခြားသော အခမ်းအနားတွင် ဆန့်ကျင်ဘက်အဖွဲ့၏ စိတ်ထိခိုက်ခံစားမှုများ (၎င်းကိုထောက်ခံသူများအပါအဝင်) နှင့်လူထုအများ၏ကိစ္စကိုပါ ဂရုပြု၍ စဉ်းစားရမည်။

ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများတွင် အထူးသဖြင့် ဆောင်ပုဒ်များ၊ အစီရင်ခံချက်များနှင့် ပုံရိပ်များနှင့် ပတ်သက်၍ ခွင့်ပြုထားသော အရွယ်အစား၊ အရေအတွက်၊ အနေအထား တို့ကို ပါဝင်အောင် ကန့်သတ်ဖော်ပြ ထားခြင်းပြုရမည်။ အကယ်၍ ဆောင်ပုဒ်၊ အစီရင်ခံချက်နှင့် ပုံရိပ်များနှင့်ပတ်သက်၍ အငြင်းပွါးခဲ့လျှင် အရေးပါသည့် ပြိုင်ပွဲကျင်းပရေးအဖွဲ့က ဖြေရှင်းပေးရန် ထောက်ခံထားသည်။

## ၆။ **အပြစ်ကျူးလွန်ခြင်းနှင့်အရေးယူခြင်း**

ဤဥပဒေကို ချိုးဖောက်သည့် မည်သည့်အပြစ်ကျူးလွန်မှုမျိုးကိုမဆို ဒိုင်လူကြီးသည် ကစားပွဲကို ရပ်ဆိုင်းရန် မလိုပါ။ အပြစ်ကျူးလွန်သည့် ကစားသမားအား–

(၁) ဒိုင်လူကြီးက ကစားကွင်းမှ ထွက်ခွာစေ၍ အသုံးအဆောင်များကို ပြန်လည်ပြုပြင်ရန် ညွှန်ကြားရမည်။

(၂) ကစားမှုရပ်ဆိုင်းသွားချိန်တွင် ကစားကွင်းမှ ထွက်ခွါစေ၍ အသုံးအဆောင်ပစ္စည်းများ ပြည့်စုံမှန်ကန်စွာ ပြုပြီးသည်အထိ ရှိနေစေရမည်။

အသုံးအဆောင်ပစ္စည်းများ မှန်ကန်စွာပြုပြင်ရန် ကစားကွင်းမှ ထွက်ခွာသည့် ကစားသမားသည်–

(၁) ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်းမပြုမီ တာဝန်ရှိဒိုင်လူကြီးတစ်ဦးဦးက အသုံးအဆောင် ပစ္စည်းများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီးမှ ပြန်လည်ဝင်ရောက်ခွင့်ပြုရန်။

(၂) ဒိုင်လူကြီး၏ ခွင့်ပြုချက်ရပြီးမှ (ကစားနေချိန်တွင် ခွင့်ပြုပေးမည်)။ ကစားကွင်းအတွင်းသို့ ပြန်လည် ဝင်ရောက်ရမည်။

ဒိုင်လူကြီး၏ ခွင့်ပြုချက်မရဘဲ ကစားကွင်းအတွင်း ဝင်ရောက်လာသည့် ကစားသမားကို သတိပေးရမည်။ အကယ်၍ သတိပေးရန်အတွက် ကစားပွဲကိုရပ်ဆိုင်းလိုက်ပါက ဘောလုံးကစားမှုရပ်ဆိုင်းသွားချိန်တွင် ဘောလုံး ရောက်ရှိသည့်နေရာမှနေ၍ တစ်ဆင့်အလွတ်တည်ကန်စေခြင်းဖြင့် အပြစ်ပေးရမည်။ အခြားသော အနှောက် အယှက်များ ပြုလုပ်ခဲ့လျှင် တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် (ပင်နယ်တီဧရိယာအတွင်းဖြစ်က ပင်နယ်တီဖြင့်) အပြစ်ကျူးလွန်မည့် အနေအထားအရ အပြစ်ပေးရမည်။

# ဥပဒေ (၅)၊ ဒိုင်လူကြီး (The Referee)

## ၁။ **ဒိုင်လူကြီး၏ အခွင့်အာဏာ**

ကစားပွဲတစ်ပွဲတွင် ကြီးကြပ်ရန်အတွက် ဒိုင်လူကြီးတစ်ဦးအား ခန့်ထားရမည်။ ဒိုင်လူကြီးသည် ဘောလုံးပွဲနှင့် ပတ်သက်သမျှကို ဘောလုံးဥပဒေများနှင့်အညီ လိုက်နာယှဉ်ပြိုင်စေရေးအတွက် အခွင့်အာဏာအပြည့်အဝ ရှိသည်။

## ၂။ ဒိုင်လူကြီး၏ဆုံးဖြတ်ချက်များ

ဒိုင်လူကြီးသည် ဘောလုံးဥပဒေများနှင့်အညီ မိမိ၏ အကောင်းဆုံးသော စွမ်းဆောင်ရည်များနှင့် ဘောလုံးကစားနည်း၏ စိတ်ဓာတ်များကို အသုံးပြု၍ ဆုံးဖြတ်ရမည်။ ဆုံးဖြတ်ရာတွင် ဘောလုံးဥပဒေ၏ မူဘောင်များ အတွင်းမှ အဝဝဆင်ခြင်၍ သင့်လျော်သည့် ထင်မြင်ယူဆချက်များနှင့် အခြေခံ၍ ဆုံးဖြတ်ရမည်။

ကစားခြင်းနှင့် ပတ်သက်သည့်အကြောင်းအချက်များ ဂိုးဝင်ခြင်း ရှိ/မရှိနှင့် ကစားပွဲ၏ အဖြေများသည် ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။ ဒိုင်လူကြီးနှင့် အခြားတာဝန်ကျဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များကို အမြဲလေးစားလိုက်နာရမည်။

ဒိုင်လူကြီးသည် မိမိ၏ဆုံးဖြတ်ချက်များ မှားယွင်းမိ၍ဖြစ်စေ၊ အခြားသော တာဝန်ကျဒိုင်လူကြီးများ၏ အကြံပေးမှုကြောင့်ဖြစ်စေ၊ မိမိ၏ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းမရှိကြောင်းကို သိရှိသည့်အချိန်တွင် ကစားမှုကို ပြန်လည်စတင်ကစားစေပြီးနေ၍ဖြစ်စေ၊ (သို့မဟုတ်) ဒိုင်လူကြီးက ပထမပိုင်းနှင့် ဒုတိယပိုင်း ကစားချိန်များ ကုန်ဆုံးပြီးနောက် ကစားပွဲပြီးဆုံးကြောင်း(အချိန်ပိုအပါအဝင်) ကို အချက်ပြပြီး ကစားကွင်းမှ ထွက်ခွာသွားပြီး နေလျှင်ဖြစ်စေ၊ <u>ကစားပွဲကို ရုပ်သိမ်းကြောင်း ကြေငြာပြီးလျှင်ဖြစ်စေ၊</u> ကစားပွဲကို ပြန်လည်စတင်ကစားရန်အတွက် <u>၎င်း၏ဆုံးဖြတ်ချက်ကို ပြောင်းလဲခြင်းမပြုနိုင်ပါ။ သို့သော်လည်း ကစားချိန်တစ်ဝက်ပြီးဆုံးချိန်တွင် ဒိုင်လူကြီးသည် ကစားကွင်းအပြင်ဘက်တွင်ရှိ ဒိုင်လူကြီးက (ဗီဒီယို) ကို ပြန်လည်ကြည့်ရှုသည့် ဧရိယာ **(RRA)** သို့သွားနေခြင်း (သို့မဟုတ်) ကစားသမားများအား ကစားကွင်းအတွင်းသို့ပြန်ဝင်ရန် ညွှန်ကြားရန်သွားသည့်အချိန်များသည် အချိန်ဝက်မကုန်ဆုံးခင်က အပြစ်ကျူးလွန်မှုကြောင့်ဖြစ်လျှင် ဆုံးဖြတ်ချက်ကိုပြောင်းလဲ၍ ဆုံးဖြတ်ချက်ချနိုင်သည်။</u>

<u>ဥပဒေ(၁,၂,၃)ပါ အကျဉ်းချုပ်အချက်များနှင့် **(VAR)**စည်းကမ်းချက်များမှလွဲ၍ ကစားပွဲကို ပြန်လည်စတင်ကစားစေပြီးသည့်နောက်တွင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုးကိုသာ ပြုလုပ်နိုင်သည်။ အကယ်၍ အခြားဒိုင်လူကြီးတစ်ဦးက ကစားပွဲပြန်လည်စတင်ခြင်းမပြုမီက အပြစ်ကျူးလွန်ခြင်းကို ဒိုင်လူကြီးအား ဆက်သွယ်အကြောင်းကြားလာခဲ့လျှင် ကစားပွဲပြန်လည် စတင်ခြင်းနှင့်ပတ်သက်၍ အရေးယူရန် မလိုအပ်တော့ပါ။</u>

အကယ်၍ ဒိုင်လူကြီးသည် ထိုကစားပွဲကို ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါက အခြားသော ဒိုင်လူကြီးတစ်ဦးဖြင့် နောက်တစ်ကြိမ်ဘောလုံးကစားမှု ရပ်ဆိုင်းသွားသည်အထိ ဆောင်ရွက်စေခြင်းပြုရမည်။

## ၃။ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ

ဒိုင်လူကြီးသည်–

(၁) ဘောလုံးဥပဒေများကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ရမည်။

(၂) အခြားသော ဒိုင်လူကြီးများ၏ ကူညီမှုကိုရယူ၍ ပူးပေါင်းဆောင်ရွက်သွားရမည်။

(၃) အချိန်မှတ်သူတစ်ဦးအဖြစ်ဖြင့် ကစားပွဲ၏ အဖြစ်အပျက်များကို မှတ်တမ်းတင်ထားရမည့်အပြင် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ၊ အခြားအဖြစ်အပျက်များ (ကစားပွဲမစတင်မီ၊ ကစားနေဆဲ၊ကစားပွဲပြီးဆုံးသွားပြီးနောက် အပါအဝင်) ကို အစီရင်ခံစာ တင်ပြရမည်။

(၄) ပြန်လည်စတင်ကစားခြင်းများကို ကြီးကြပ်/ ညွှန်ပြရမည်။

**အခွင့်သာမှုပေးခြင်း**

(၁) အပြစ်တစ်ခုကျူးလွန်သည့်အခါတွင် အပြစ်ကျူးလွန်ခြင်းမရှိသည့်အသင်းအတွက် အကျိုးရှိမည် ဆိုပါက (အခွင့်သာမှုပေး၍) ဆက်လက်ကစားစေရမည်။ သို့သော် ထိုသို့ဆက်လက်ကစားစေခဲ့ရာတွင် ဒိုင်လူကြီး ထင် ထားသလို ဖြစ်မလာပါက အခွင့်သာမှုပေးသည့်အချိန် (သို့မဟုတ်) ပေးပြီး စက္ကန့်အနည်းငယ် အကြာတွင် အပြစ်ကျူးလွန်သူကို အပြစ်ပေးရမည်။

**စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းများ**

(၁) တစ်ချိန်တည်းတွင် တစ်ခုထက်မကသော အပြစ်များကို ပြိုင်တူကျူးလွန်ပါက ပိုမိုကြီးလေးသော အပြစ်ကို ကျူးလွန်သူအား အရေးယူအပြစ်ပေးခြင်း၊ ပြန်လည်စတင်ကစားစေခြင်း၊ ကိုယ်ကာယကို ကြမ်းတမ်းစွာ ထိခိုက်ခံရခြင်း၊ နည်းဗျူဟာအရ ထိခိုက်မိခြင်းတို့အတွက် ပိုမိုအပြစ်ကြီးသူကို အပြစ်ပေးရမည်။

(၂) သတိပေးရမည့်ပြစ်ချက်နှင့် ကစားကွင်းမှ ထုတ်ပယ်ရမည့် ပြစ်ချက်များကို ကျူးလွန်သူအား စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းများ ပြုလုပ်ရမည်။

(၃) စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းများ ပြုလုပ်ရန်မှာ ဒိုင်လူကြီးသည် ကစားပွဲမစမီ စစ်ဆေးရန်၊ ကစားကွင်းအတွင်းသို့ စတင်ဝင်ရောက်လာချိန်မှစ၍ ကစားပွဲပြီးဆုံးချိန် (ပင်နယ်တီအမှတ်မှ ကန်ခြင်းအပါအဝင်) တွင် ကစားကွင်းမှ ပြန်လည်ထွက်ခွာသွားချိန်အထိ အရေးယူနိုင်သည်။ အကယ်၍ ကစားပွဲမစတင်မီ ကစားကွင်းအတွင်းသို့ မဝင်ရောက်မီအချိန်တွင် ကစားသမားတစ်ဦးက ထုတ်ပယ်ရမည့် ပြစ်ချက်တစ်ခုခုကို ကျူးလွန်ပါက ထိုကစားသမားအား ကစားပွဲတွင် ပါဝင်ခြင်း မပြုစေရန် ဒိုင်လူကြီးက တားမြစ်ပိုင်ခွင့်ရှိသည်။ (ဥပမာ ၃-၆ ကိုကြည့်ပါ)။ ဒိုင်လူကြီးသည် အခြားသော ဆိုးရွားရိုင်းပျသည့် အပြုအမူ များရှိပါကလည်း ၎င်း၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

(၄) အဝါကတ်၊ အနီကတ်များနှင့် ပြိုင်ပွဲစည်းကမ်းများတွင် ခွင့်ပြုထားပါက ကစားသမားတစ်ဦးအား ယာယီ ထုတ်ပယ်ခြင်းများ ဆောင်ရွက်ရန် ဒိုင်လူကြီးတွင် လုပ်ပိုင်ခွင့်ရှိသည်။ ထိုလုပ်ပိုင်ခွင့်ကို ဒိုင်လူကြီးသည်

ကစားပွဲစတင်ရန် ကစားကွင်းအတွင်းသို့ ဝင်ရောက်လာချိန်မှစ၍ ကစားပွဲပြီးဆုံး သွားသည့်နောက် ကစားချိန်တစ်ဝက်ခေတ္တရပ်နားချိန်၊ အချိန်ပိုနှင့် ပင်နယ်တီအမှတ်မှ ပင်နယ်တီ ကန်သွင်းချိန်တို့ အပါအဝင် ဖြစ်သည်။

(၅) တာဝန်ရှိပုဂ္ဂိုလ်ပီသစွာ ရှိမနေသည့် အသင်း၏တာဝန်ရှိ ပုဂ္ဂိုလ်များအား အဝါကတ်ပြသတိပေးခြင်း၊ အနီကတ်ပြ၍ ကစားကွင်းနှင့်အနီးပတ်ဝန်းကျင် (နည်းစနစ်ဧရိယာအပါအဝင်) ထုတ်ပယ်ခြင်းပြုရန် အခွင့်အာဏာရှိသည်။ အကယ်၍ အပြစ်ကျူးလွန်သူကို တိကျစွာဖော်ပြနိုင်ခြင်းမရှိခဲ့လျှင် နည်းစနစ် ဧရိယာအတွင်းရှိ နည်းပြချုပ်ကို အပြစ်ပေးအရေးယူရမည်။ ဆေးပညာရှင်အဖွဲ့ဝင်တစ်ဦး ထုတ်ပယ်ရမည့် ပြစ်ချက်ကို ကျူးလွန်ပါက ထိုအသင်းတွင် အခြားသောဆေးပညာရှင်လည်းမရှိ၊ ကစားသမား တစ်ဦးကလည်း ဆေးကုသမှု လိုအပ်နေချိန်ဖြစ်ပါက မူလနေရာတွင် ဆက်လက်နေခွင့်ပြုရမည်။

(၆) ဒိုင်လူကြီးက မမြင်လိုက်သည့်ကိစ္စရပ်များတွင် အခြားဒိုင်လူကြီးများ၏ အကြံပေးချက်ကိုရယူ၍ အရေးယူဆောင်ရွက်နိုင်သည်။

**ထိခိုက်ဒဏ်ရာရရှိခြင်း**

(၁) အကယ်၍ ကစားသမားတစ်ဦးသည် အနည်းငယ်ဒဏ်ရာရရှိသည်ဟု ယူဆပါက ကစားမှုရပ်ဆိုင်းသွားသည့် အချိန်အထိ ဆက်လက်ကစားစေရမည်။

(၂) ကစားသးမားသည် ပြင်းထန်စွာ ဒဏ်ရာရရှိသည်ဟု ယူဆပါက ကစားပွဲကို ရပ်ဆိုင်းလိုက်ပြီး ထိုဒဏ်ရာ ရသူကို ကစားကွင်းပြင်ပသို့ရောက်ရှိစေရန် သေချာစေရမည်။ ဒဏ်ရာရကစားသမားကို ကွင်းထဲတွင် ပြုစုစေခြင်း မပြုရ။ ကစားပွဲပြန်လည်စတင်ပြီးမှသာ ပြန်လည်ဝင်ရောက်စေရမည်။ ဘောလုံးကစားနေဆဲဖြစ်ပါက ဘေးစည်းမှ ဝင်ရောက်၍ ဘောလုံးကစားမှုရပ်ဆိုင်းသွားပါက မည်သည့်နယ်နိမိတ်စည်းမှမဆို ဝင်ရောက်နိုင်သည်။ ကစားကွင်း မှ ထွက်ခွာရမည့်သူများအတွက် လိုအပ်သော ချွင်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဂိုးသမားက ဒဏ်ရာအနာတရ ရရှိသည့်အချိန်

( ခ) ဂိုးသမားနှင့် ကစားကွင်းပြင်ပရှိ ကစားသးမားတို့ တိုက်မိခြင်းကြောင့် ပြုစုရန်လိုအပ်သည့်အချိန်

(ဂ) အသင်းတစ်သင်းတည်းမှ ကစားသမားနှစ်ဦးတို့ တိုက်မိ၍ ပြုစုရန်လိုအပ်သည့်အချိန်

(ဃ) ပြင်းထန်သော ဒဏ်ရာရရှိသည့်အချိန်

( င) ကိုယ်ခန္ဓာခြင်းတိုက်မိခြင်းကြောင့် ကစားသမားတစ်ဦးက အနာတရ ရခဲ့လျှင် ယင်းအတွက် တစ်ဖက်အသင်းသားအား သတိပေးခြင်း၊ ထုတ်ပယ်ခြင်း (ဥပမာ– မဆင်မခြင်ပြုလုပ်ခြင်း၊ လိုအပ်

သည်ထက် အင်အားအသုံးပြုခြင်း) ပြုရမည်။ ဆေးဝန်ထမ်းက စစ်ဆေး၍ ကုသမှု လျှင်မြန်စွာ ပြီးဆုံးသွားလျှင်

( စ) ပင်နယ်တီကန်ရန် ခွင့်ပြုပြီးနောက် ဒဏ်ရာရရှိသည့် ကစားသမားသည် ပင်နယ်တီကန်သူ ဖြစ်လာ သည်။

(၃) သွေးထွက်နေသည့် ကစားသမားသည် ကစားကွင်းမှ ထွက်ခွာသွားရန် သေချာစေရမည်။ သွေးထွက်ခြင်း ရပ်တန့်ပြီး သူ၏အသုံးအဆောင်ပစ္စည်းများပေါ်တွင် သွေးပေကျံခြင်း မရှိမှသာ ဒိုင်လူကြီး၏ ကျေနပ်မှုနှင့် ခွင့်ပြုချက်ရရှိမှသာ ကစားကွင်းအတွင်းပြန်လည်ဝင်ရောက်နိုင်သည်။

(၄) ဒိုင်လူကြီးက ဆရာဝန်နှင့်လူနာတင်ထမ်းစင် သယ်ဆောင်သူများကို ခေါ်ဆိုပြီးပါက ဒဏ်ရာရရှိသူသည် လူနာတင်ထမ်းစင်ဖြင့်ဖြစ်စေ၊ လမ်းလျှောက်၍ဖြစ်စေ၊ ကစားကွင်းပြင်ပသို့ထွက်ခွာရမည်။ အကယ်၍ လိုက်နာခြင်း မရှိပါက ထိုသူကို အားကစားသမားကောင်းမပီသသည့် အပြုအမူအဖြစ် သတိပေးရမည်။

(၅) ဒဏ်ရာရရှိမှုကြောင့် ကစားကွင်းပြင်ပတွင် ကုသမှုခံယူရမည့် ကစားသမားအား ဒိုင်လူကြီးက သတိပေးခြင်း၊ ထုတ်ပယ်ခြင်းဖြင့် အပြစ်ပေးရန် ဆုံးဖြတ်ခဲ့သော် ၎င်းအား ကစားကွင်းမှ မထွက်ခွာမီ လိုအပ်သည်များကို ပြသရမည်။

(၆) အခြားအကြောင်းကြောင့် ကစားမှုရပ်ဆိုင်းခြင်းမရှိပါက (သို့မဟုတ်) ဒဏ်ရာရသည့် ကစားသမားသည် ဥပဒေချိုးဖောက်ခြင်းကြောင့် ကျူးလွန်ခံရခြင်း မဟုတ်ပါက ကစားပွဲကို မြေချဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။

## ပြင်ပမှနှောက်ယှက်ဟန့်တားခြင်း

(၁) ဘောလုံးဥပဒေကို ချိုးဖောက်ခြင်း (သို့မဟုတ်) ပြင်ပမှ နှောက်ယှက်ဟန့်တားခြင်းများကြောင့် ကစားပွဲကို ရပ်နား၊ ရပ်ဆိုင်း၊ ရပ်သိမ်းလိုက်ပါက (ဥပမာ–)

(က) ကစားကွင်းအတွင်းရှိ မီးမောင်းများ ချို့ယွင်းခြင်း

( ခ) ပွဲကြည့်သူတစ်ဦးက ပစ်လိုက်သော အရာဝတ္ထုသည် ဒိုင်လူကြီး၊ ကစားသမား (သို့မဟုတ်) အသင်း၏ တာဝန်ရှိသူတစ်ဦးဦးကို ထိမိပါက ဒိုင်လူကြီးသည် ထိုအဖြစ်အပျက်၏ အတိမ်အနက် အပေါ် မူတည်၍ ထိုကစားပွဲကို ဆက်လက်ကစားရန် ရပ်ဆိုင်းခြင်း၊ ခေတ္တရပ်ဆိုင်းခြင်း၊ ရပ်သိမ်းခြင်းများ ပြုလုပ်နိုင်သည်။

( ဂ) ပွဲကြည့်သူတစ်ဦး၏ ဝီစီမှုတ်သံကြောင့် ကစားပွဲကို အနှောက်အယှက်ဖြစ်စေပါက ကစားပွဲကို ရပ်ဆိုင်း၍ မြေချဘောဖြင့် ပြန်လည်စတင် ကစားစေရမည်။

(ဃ) ကစားနေဆဲတွင် အပိုဘောလုံး အခြားအရာဝတ္ထု၊ တိရစ္ဆာန်ဝင်ရောက်လာပါက

ဒိုင်လူကြီးသည်

- အကယ်၍ ကစားပွဲကိုသာ အနှောက်အယှက်ဖြစ်စေပါက ကစားပွဲကို ရပ်ဆိုင်းလိုက်ပြီး မြေချဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။ သို့သော် အနှောက်အယှက်ပေးခြင်းဖြင့် ဘောလုံးသည် ဂိုးဆီသို့သွားနေခြင်း ခုခံကစားသူက ဘောလုံးကို ကာကွယ်တားဆီးခြင်း မပြုနိုင်ခဲ့လျှင် (ဘောလုံးနှင့် ထိတွေ့သည့်တိုင်) အနှောက်အယှက်သည် တိုက်စစ်ဆင်သည့် အသင်းမှမဟုတ်ခဲ့လျှင် ဝင်သွားသည့်ဂိုးကို ဂိုးပေးရမည်။

- ကစားနေမှုကို အနှောက်အယှက်လည်းမပေး၊ အစောဆုံးဖြစ်နိုင်သည့် အခွင့်အရေးကို အသုံးချ ၍ ဘောလုံးကိုဖယ်ရှားလိုက်နိုင်ပါက ကစားပွဲကို ဆက်လက်ကစားစေရမည်။

## ၄။ ဗီဒီယိုလက်ထောက် ဒိုင်လူကြီး (VAR)

ဗီဒီယိုလက်ထောက်ဒိုင်လူကြီး (VAR) အသုံးပြုခြင်းကို ပြိုင်ပွဲကျင်းပရေးအဖွဲ့က (VAR လက်စွဲစာအုပ်ပါ) လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်သည့် ဆက်သွယ်ရေးကိရိယာများ ပြည့်စုံရမည့်အပြင် အကောင်အထည်ဖော်ခြင်း အကူအညီပေးခြင်းနှင့် အတည်ပြုခြင်းအစီအစဉ် (IAAP) နှင့် (FIFA) တို့မှတရားဝင်စာဖြင့် ခွင့်ပြုချက်ရရှိမှသာ ခွင့်ပြုသည်။

ဒိုင်လူကြီးအား ဗီဒီယိုလက်ထောက်ဒိုင်လူကြီး၏ အကူအညီကို အောက်ပါအချက်များနှင့် ပတ်သက်သည့် ရှင်းလင်းသိသာသည့် အမှားများ (သို့မဟုတ်) အရေးကြီးအချက်များနှင့် မမြင်မိခြင်း၊ လွဲချော်သွားခြင်းများအတွက် တွင်သာ ရရှိနိုင်မည်ဖြစ်သည်။

(၁) ဂိုးဝင်/မဝင် (ဂိုးတစ်ဂိုးခွင့်ပြုရန်-ခွင့်မပြုနိုင်ရန်)။

(၂) ပင်နယ်တီပေးရန် – ပင်နယ်တီမပေးရန်။

(၃) တိုက်ရိုက်အနီကတ်ပြသခြင်း (ဒုတိယအကြိမ် အဝါကတ်ပြသခြင်းမဟုတ်)။

(၄) အပြစ်ကျူးလွန်သည့် အသင်းမှ ကစားသမားများအား လူမှား၍ သတိပေးခြင်း၊ ထုတ်ပယ်မိခြင်းကို အထောက်အထားရရှိအတည်ပြုရန်။

ဗီဒီယိုလက်ထောက်ဒိုင်လူကြီးထံမှ အဖြစ်အပျက်တစ်ခုနှင့် ပတ်သက်၍ ပြန်လည်ပြသခြင်းဖြင့် အကူအညီ ရရှိနိုင်သည်။ (VAR)မှသာ ရရှိနိုင်သည့် သတင်းအချက်အလက်များကို အခြေခံ၍ (ကစားကွင်းပေါ်တွင် ဖြစ်ပျက်ခဲ့

သည့် အနေအထားများကို ပြန်လည်ပြသခြင်းဖြင့် ဒိုင်လူကြီးသည် နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည် ဖြစ်သည်။

အရေးကြီးသည့် အဖြစ်အပျက်ကို လွဲချော်သွားခြင်းမှအပ အခြားသော ကစားကွင်းပေါ်တွင် တာဝန်ကျ ဒိုင်လူကြီးများနှင့် ဆက်စပ်မှုရှိပါက အမြဲပင် အတူဆုံးဖြတ်ရမည်။ (ဖြစ်နိုင်ခြေရှိသော အပြစ်ကျူးလွန်မှုများကို အပြစ်ပေးခြင်းမပြုရန် အပါအဝင်) ဤဆုံးဖြတ်ချက် ရှင်းလင်းသည့် ထင်ရှားသည့် အမှားမျိုး မဟုတ်ပါက ဆုံးဖြတ်ချက်ကို ထပ်မံပြင်ဆင်ခြင်းမပြုရန်။

**ကစားပွဲပြန်လည်စတင်ပြီးမှ ပြန်လည်ကြည့်ရှုစစ်ဆေးခြင်း**

အကယ်၍ ကစားပွဲကို ရပ်ဆိုင်းလိုက်ပြီးနောက် ပြန်လည်စတင်ကစားရာတွင် ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းနှင့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းများကို ဒိုင်လူကြီးက တာဝန်ယူဆောင်ရွက်ရမည်။ မှားယွင်းသွားသော ဆုံးဖြတ်ချက်များကို အတည်ပြုရန် (သို့မဟုတ်) ဖြစ်နိုင်ခြေရှိသော ထုတ်ပယ်ရမည့် အပြစ်ကျူးလွန်မှုများနှင့် ပတ်သက်သည့် ကြမ်းတမ်းပြင်းထန်စွာ ပြုမူကစားခြင်း၊ တံတွေးဖြင့် ထွေးခြင်း၊ ပါးစပ်ဖြင့်ကိုက်ခြင်း (သို့မဟုတ်) ကြီးမား သည့် အပြစ်ကျူးလွန်ခြင်း၊ စော်ကားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်ဟန်အနေအထားဖြင့် မကျေနပ်ကြောင်း အမူ အယာပြသခြင်းများ

## ၅။ ဒိုင်လူကြီး၏ အသုံးအဆောင်

**မရှိမဖြစ် လိုအပ်သောအသုံးအဆောင်**

ဒိုင်လူကြီးများသည် အောက်ပါအသုံးအဆောင်များကို ရှိထားရမည်။

(၁) ဝီစီ (ခရာ) များ

(၂) နာရီ (များ)

(၃) အနီကတ်နှင့် အဝါကတ်များ

(၄) မှတ်စုစာအုပ် (သို့မဟုတ်) ကစားပွဲ၏ မှတ်တမ်းများကို ရေးသားရန် အခြားနည်းဖြင့် သင့်တော်ရာများ။

**အခြားအသုံးအဆောင်များ**

ဒိုင်လူကြီးများသည် အောက်ပါအသုံးအဆောင်များကိုလည်း ခွင့်ပြုနိုင်သည်။


(၁) အခြားတာဝန်ကျဒိုင်လူကြီးများနှင့် ဆက်သွယ်ရန် အသုံးပြုနိုင်သည့် ကိရိယာအချက်ပေးဥသြ (buzzer)၊ အချက်အပေးအလံ ( beep flags )၊ မိုက်ခွက်ပါနားကြပ် (head sets) စသည်။

(၂) ကစားသမားတစ်ဦး၏ ကိုယ်ကာယပိုင်းနှင့် ဇီဝဗေဒဆိုင်ရာ လုပ်ဆောင်သည့်အချက်အလက်များကို ဆန်းစစ်မှတ်တမ်းတင်စနစ်ကိရိယာ (EPTS) နှင့် ကစားသမားများ၏ ကြံ့ခိုင်မှုကို ဖော်ပြသည့် အခြား ကိရိယာများ။

ဒိုင်လူကြီးများနှင့် အခြားသောကွင်းပေါ်ရှိ တာဝန်ကျ ဒိုင်လူကြီးများသည် ကျောက်သံပတ္တမြားဝတ်ဆင်ခြင်း၊ ကင်မရာအပါအဝင် အခြားသောလျှက်စစ်နှင့် သက်ဆိုင်သော အသုံးအဆောင်များကို အသုံးပြုခြင်းမရှိရန် တားမြစ်ထားသည်။

## ၆။ ဒိုင်လူကြီး၏ အချက်ပြမှုများ

အတည်ပြုထားသည့် ဒိုင်လူကြီးများ၏ အချက်ပြမှုများကို ရည်ညွှန်းပါသည်။



IFAB



**Advantage** (1)




**Advantage** (2)



**Corner** kick



**Goal** kick




## ၇။ တာဝန်ကျဒိုင်လူကြီးများ၏ တာဝန်ရှိခြင်း

ဒိုင်လူကြီးတစ်ဦး (သို့မဟုတ်) အခြားသော ဒိုင်လူကြီးများသည် အောက်ပါအချက်များအတွက်တာဝန်မရှိပါ။

(၁) ကစားသမားများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပွဲကြည့်ပရိသတ်တို့၏ မည်သည့်ဒဏ်ရာအမျိုးအစားကိုမဆို

(၂) မည်သည့်အမျိုးအစားပစ္စည်းများ ပျက်စီးဆုံးရှုံးမှုကိုမဆို

(၃) ဘောလုံးဥပဒေများကို ထမ်းဆောင်ရာတွင် (သို့မဟုတ်) ကစားပွဲတစ်ပွဲ၏ ဆက်လက်ဆောင်ရွက်ရန်၊ ကစားရန်အတွက် လိုအပ်ချက်ကြောင့် ပုံမှန်လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခြင်း

ပြုရာတွင် မည်သည့်တစ်ဦးခြင်း၊ ကလပ်သင်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ (သို့မဟုတ်) အဖွဲ့အစည်းများက အခြားမည်သည့် ဆုံးရှုံးမှုများကိုမဆို

ဖော်ပြပါဆုံးဖြတ်ချက်များတွင် အောက်ပါဆုံးဖြတ်ချက်များပါဝင်သည်။

(၁) ကစားကွင်း (သို့မဟုတ်) ကစားကွင်း၏ ပတ်ဝန်းကျင်အခြေအနေ (သို့မဟုတ်) ရာသီဥတု အခြေအနေများ ကြောင့် ကစားပွဲကျင်းပရန် ခွင့်ပြုရန် (သို့မဟုတ်) ခွင့်မပြုရန် ဆုံးဖြတ်ချက်။

(၂) မည်သည့်အကြောင်းကြောင့်မဆို ကစားပွဲကိုဖျက်သိမ်းရန် ဆုံးဖြတ်ချက်။

(၃) ကစားပွဲ ကျင်းပနေစဉ်အတွင်း သင့်တော်သော ကစားကွင်း၏ အသုံးအဆောင်များနှင့် ဘောလုံးကို အသုံးပြု ရန် ဆုံးဖြတ်ချက်။

(၄) ပရိတ်သတ်များ၏ နှောက်ယှက်မှု (သို့မဟုတ်) ပွဲကြည့်စင်ဧရိယာတစ်ဝိုက်တွင် တစ်စုံတစ်ခုသော ပြဿနာ ကြောင့် ကစားပွဲရပ်ဆိုင်းရန်/မရပ်ဆိုင်းရန် ဆုံးဖြတ်ချက်။

(၅) ထိခိုက်ဒဏ်ရာရ ကစားသမားကို ဆေးဝါးကုသမှုခံယူရန် ကစားကွင်းမှ သယ်ယူရေးအတွက် ကစားပွဲ ရပ်ဆိုင်းရန်/မရပ်ဆိုင်းရန် ဆုံးဖြတ်ချက်။

(၆) ထိခိုက်ဒဏ်ရာရသည့် ကစားသမားကို ကစားကွင်းမှသယ်ဆောင်၍ ဆေးဝါးကုသရန် လိုအပ်/မလို အပ် ဟူသော ဆုံးဖြတ်ချက်။

(၇) ကစားသမားတစ်ဦးအား တစ်စုံတစ်ခုသော အဝတ်အစား (သို့မဟုတ်) အသုံးအဆောင်ကို ဝတ်ဆင် ခွင့်ပြု ရန်/မပြုရန် ဆုံးဖြတ်ချက်။

(၈) ဒိုင်လူကြီးက အခွင့်အာဏာရှိသည့်နေရာမျိုးတွင် မည်သည့်ပုဂ္ဂိုလ်များကိုမဆို (အသင်း၏ တာဝန်ရှိသူများ၊ ကစားကွင်း၏ တာဝန်ရှိသူများ၊ လုံခြုံရေးအရာရှိများ၊ ဓါတ်ပုံဆရာများ (သို့မဟုတ်) အခြား မီဒီယာကို ကိုယ်စားပြုသူများ အပါအဝင်) ထိုကစားကွင်း၏ အနီးပတ်ဝန်းကျင်တွင် ရှိနေခြင်းကို ခွင့်ပြုရန်/မပြုရန် ဆုံးဖြတ်ချက်။

(၉) အခြားဆုံးဖြတ်ချက် တစ်စုံတစ်ရာအတွက် ထိုကစားပွဲနှင့်ပတ်သက်၍ ဘောလုံးဥပဒေပါ အချက်များ နှင့် ကိုက်ညီရမည့်အပြင်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ တိုက်ကြီးများအလိုက်ဘောလုံးအဖွဲ့ချုပ်၊ နိုင်ငံ အလိုက် ဘောလုံးအဖွဲ့ချုပ်၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များအရ ဒိုင်လူကြီးများ၏ တာဝန်နှင့် ကိုက်ညီမှုရှိရမည်။

## ဥပဒေ(၆)၊ အခြားတာဝန်ရှိဒိုင်လူကြီးများ (The Other Match Officials)

အခြားတာဝန်ရှိဒိုင်လူကြီးများဆိုရာ၌ (လက်ထောက်ဒိုင်လူကြီးနှစ်ဦး၊ စတုတ္ထဒိုင် (**Fourth Official**)တစ်ဦး၊ ထပ်ဖြည့်လက်ထောက်ဒိုင်နှစ်ဦး၊ အရံလက်ထောက်ဒိုင်တစ်ဦး၊ ဗီဒီယိုအကူဒိုင်လူကြီး (**VAR**)တစ်ဦး၊ လက်ထောက် ဗီဒီယိုအကူဒိုင်လူကြီး (**AVAR**) အနည်းဆုံးတစ်ဦးတို့ကို ဘောလုံးပွဲတစ်ပွဲတွင် (ဒိုင်လူကြီးအားအကူအညီပေးရန်) အထက်ပါ အခြားတာဝန်ရှိ ဒိုင်လူကြီးများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

ဒိုင်လူကြီး လက်ထောက်ဒိုင်လူကြီးများ၊ စတုတ္ထအရာရှိ၊ ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးများနှင့် ကစားကွင်းပေါ်ရှိ (**On Field**)ကစားပွဲအရာရှိများဖြစ်ကြသည်။

ဗီဒီယိုအကူဒိုင်လူကြီး (VAR)နှင့် လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီး(AVAR)၊ ဗီဒီယိုကြီးကြပ်ရသည့် ကစားပွဲအရာရှိများ (VMOs) တို့သည် ကစားနည်းဥပဒေများ၊ (VAR) နည်းဥပဒေများနှင့်အညီ ဒိုင်လူကြီးအား ကူညီဆောင်ရွက်သွားရမည်။

အခြားတာဝန်ရှိ ဒိုင်လူကြီးများအားလုံးသည် ဒိုင်လူကြီး၏ ညွှန်ကြားမှုအောက်တွင် ပူးပေါင်းဆောင်ရွက် ရမည်။ ၎င်းတို့သည် မသင့်လျော်သော စွက်ဖက်မှုများ၊ မမှန်ကန်သောအပြုအမူများကို ပြုလုပ်ခဲ့လျှင် ဒိုင်လူကြီးသည် ၎င်းတို့၏ တာဝန်များကို လျှော့ချရုပ်သိမ်း၍ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများထံ အစီရင်ခံရမည်။

အရံလက်ထောက်ဒိုင်လူကြီးများကို ချွင်းချက်ထား၍ (၎င်းမှအပ) အခြားသော ကွင်းပေါ်တာဝန်ရှိ ဒိုင်လူကြီးများသည် ဥပဒေချိုးဖောက်မှုများကို ဒိုင်လူကြီးထက်ပိုမိုမြင်သာသော နေရာတွင် ရှိနေခဲ့လျှင် သက်ဆိုင်ရာတာဝန် ရှိသူများကို အစီရင်ခံစာတင်သွင်းရမည်။ ထိုအစီရင်ခံစာတွင် မလိုလားအပ်သောအပြုအမူမျိုးကို ပြုမူခြင်း၊ ဒိုင်လူကြီးနှင့် အခြားသောတာဝန်ရှိဒိုင်လူကြီးများ မမြင်မတွေ့လိုက်သည့် အခြားအဖြစ်အပျက်များပါဝင်စေရမည်။ ၎င်းတို့သည် ဒိုင်လူကြီးနှင့် အခြားသောဒိုင်လူကြီးများအား အစီရင်ခံစာတင်သည့်ကိစ္စနှင့် ပတ်သက်၍ အကြံဉာဏ်ပေးရမည်။

ကွင်းပေါ်ရှိ တာဝန်ကျ အခြားဒိုင်လူကြီးများသည်(၁)ကစားကွင်းကို စစ်ဆေးခြင်း၊ ဘောလုံးနှင့် ကစားသမားများ၏ အသုံးအဆောင်များကို ကြီးကြပ်စစ်ဆေးခြင်း၊ (ပြဿနာများကို ဖြေရှင်းရခြင်းရှိပါက ၎င်းအပါအဝင်)၊ ကစားပွဲအချိန်များ၊ ဂိုးများ၊ မလိုလားအပ်သော အပြုအမူမျိုး ပြုမူခြင်း စသည်တို့ဖြင့် ဒိုင်လူကြီးအား အကူအညီပေးရမည်။

ဒိုင်လူကြီးအဖွဲ့ဝင်များထဲမှ တစ်ဦးသည် အကြောင်းတစ်စုံတစ်ရာကြောင့် ကစားပွဲစတင်ရန် (သို့မဟုတ်) ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိပါက ဒိုင်အဖွဲ့ပြောင်းလဲမှုများအတွက် မည်သို့ဆောင်ရွက်ရမည်ကို ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများတွင် ရှင်းလင်းစွာဖော်ပြထားရမည်။ အကယ်၍ ဒိုင်လူကြီး (ကွင်းလယ်)သည် ကစားပွဲစတင်ရန် (သို့မဟုတ်) ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်ခဲ့လျှင် စတုတ္ထအရာရှိဖြစ်စေ၊ ဝါရင့်အရံ လက်ထောက် ဒိုင်တစ်ဦး ကဖြစ်စေ၊ ကစားပွဲကို ဆက်လက်တာဝန်ယူသွားရန် ပြိုင်ပွဲစည်းကမ်းချက်များတွင် အထူးသဖြင့် တိကျစေရန် ဖော်ပြထားရမည်။

## ၁။ အကူဒိုင်လူကြီးများ

လက်ထောက်ဒိုင်လူကြီးသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည်။

(၁) ဘောလုံးသည် ကစားကွင်းပြင်ပသို့ ဘောလုံးတစ်လုံးစာ (လုံး၀) ထွက်သွားသည့်အခါတွင် ထောင့်ကန်ဘော၊ ဂိုးမှတည်ကန်ခြင်း၊ ပစ်သွင်းခြင်းများကို မည့်သည့်အသင်းက ရရှိသည်ကို ပြသရမည်။

(၂) လူကျုံအနေအထားတွင် ရှိနေသည့် ကစားသမားကို အပြစ်ပေးရန်။

(၃) လူစားလဲလှယ်ရန် တောင်းဆိုလာသည့်အခါ။

(၄) ပင်နယ်တီကန်သည့်အခါတွင် ပင်နယ်တီမကန်မီ ဂိုးသမားက ဂိုးစည်းမှကြိုတင် ထွက်ခွာခြင်း ရှိ/ မရှိနှင့် ဘောလုံးသည် ဂိုးစည်းကိုကျော်သည့်အချိန်တွင် အကယ်၍ ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးရှိနေပါက လက်ထောက်ဒိုင်လူကြီးသည် ပင်နယ်တီအမှတ်အသားနှင့် မျဉ်းပြိုင်ကျသည့်နေရာတွင် နေရာယူရန်။

လက်ထောက်ဒိုင်လူကြီးသည် လူစားလဲလှယ်ရာတွင်လည်း လူစားလဲသည့် လုပ်ထုံးလုပ်နည်းနှင့် ညီ/မညီကိုလည်း စောင့်ကြည့်ကြီးကြပ်ပေးရမည်။

လက်ထောက်ဒိုင်လူကြီးသည်(လိုအပ်ပါက) ကစားကွင်းအတွင်းသို့ဝင်၍ သတ်မှတ်ထားသော (၉.၁၅) မီတာ (၁၀-ကိုက်) အကွာတွင် ရှိ/မရှိကို ဝင်ရောက်ဆောင်ရွက်နိုင်သည်။

## ၂။ မှတ်တမ်းဒိုင်လူကြီး

စတုတ္ထအရာရှိသည် အောက်ပါအချက်များတွင် ကူညီဆောင်ရွက်ပေးရမည်။

(၁) လူစားလဲခြင်း လုပ်ထုံးလုပ်နည်းကို ကြီးကြပ်ဆောင်ရွက်ခြင်း။

(၂) ကစားသမားများနှင့် လူစားဝင်ရောက်ကစားမည့်သူ၏ ကစားသမားအသုံးအဆောင်များကို စစ်ဆေးခြင်း

(၃) ဒိုင်လူကြီး၏ အချက်ပြခြင်း (ခွင့်ပြုခြင်း) နှင့် ကစားသမား ကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း။

(၄) အစားထိုးမည့် ဘောလုံးများကို ကြီးကြပ်ခြင်း။

(၅) ကစားပွဲ၏ အပိုင်းလိုက် ပြီးဆုံးသွားချိန်များ (အချိန်ပိုအပါအဝင်) တွင် အနည်းဆုံးခွင့်ပြုရမည့် ဖြည့်စွက် အချိန်ပိုကို ဒိုင်လူကြီးအား ပြသခြင်း။

(၆) နည်းစနစ်ဧရိယာအတွင်း ရှိနေသူတစ်ဦးဦးက တာဝန်မဲ့သော အပြုအမူကို ပြုလုပ်လာပါက ဒိုင်လူကြီး အား အကြောင်းကြားခြင်းတို့ဖြစ်သည်။

## ၃။ ဂိုးစည်းကြပ်ဒိုင်လူကြီးများ

ထပ်ဖြည့်ဒိုင်လူကြီးများသည် အောက်ပါအချက်များကို ပြသရမည်။

(၁) ဂိုးတစ်ဂိုးရရှိခြင်းအပါအဝင် ဂိုးစည်းပေါ်မှ ဘောလုံးတစ်လုံးစာ လုံးဝဖြတ်ကျော်သွားသည့်အခါ ပြသရန်။

(၂) ထောင့်ကန်ဘောနှင့် ဂိုးမှတည်ကန်ဘောကို မည်သည့်အသင်းမှ ရရှိသည်ကို ပြသရန်။

(၃) ပင်နယ်တီကန်သည့်အခါတွင် ပင်နယ်တီမကန်မီ ဂိုးသမားက ဂိုးစည်းပေါ်မှ ထွက်ခွာခြင်းရှိ/မရှိနှင့် ဘောလုံးသည် ဂိုးစည်းကို ကျော်သွားခြင်း ရှိ/မရှိကို ပြသရန်။

## ၄။ အရံအကူဒိုင်လူကြီး

အရံအကူဒိုင်လူကြီး၏ တစ်ခုတည်းသော အဓိကတာဝန်မှာ လက်ထောက်ဒိုင်လူကြီးတစ်ဦး (သို့မဟုတ်) စတုတ္ထ အရာရှိက ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ၎င်းတို့၏နေရာတွင် အစားထိုးဝင်ရောက်ဆောင် ရွက်ရန်ဖြစ်သည်။

## ၅။ ဗီဒီယိုစောင့်ကြည့်ဒိုင်လူကြီးများ (Video match officials)

ဗီဒီယိုလက်ထောက်ဒိုင်လူကြီး (VAR)သည် ဒိုင်လူကြီးဟု သုံးနှုန်းထားသော်လည်း ၎င်းသည် စက်မှုနည်းပညာဖြင့် ပြုလုပ်ထားသော ဗီဒီယို (သက်မဲ့)သာဖြစ်သည်။ ၎င်းသည် ကစားပွဲအရာရှိအဖြစ် ဗီဒီယိုကို ပြန်လည်ပြသခြင်းဖြင့် ရှင်းလင်းသိသာသည့် အမှားများ၊ ဂိုးဝင်/မဝင်၊ ပင်နယ်တီဖြင့် အပြစ်ပေးရမည်။ မပေးရမည်။ တိုက်ရိုက်အနီကတ် (ဒုတိယအကြိမ် အဝါကတ် ပြခြင်းမဟုတ်)၊ ဒိုင်လူကြီးက အပြစ်ကျူးလွန်သည့် အသင်းမှ ကစားသမားကို လူမှား၍ အဝါကတ်ပြခြင်း၊ အနီကတ်ပြထုတ်ပယ်ခြင်းများကို ပြန်လည်စိစစ်နိုင်ရန် ဒိုင်လူကြီးအား အကူအညီပေးရန်ပင်ဖြစ်သည်။

လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီး (**AVAR**) သည် ဗီဒီယိုအခြေခံစနစ် (**VAR**)ကို အကူအညီပေးရန်ဖြစ်သည်။


(၁) **VAR** သည် စစ်ဆေးခြင်း၊ ပြန်လည်ကြည့်ရှုခြင်းဖြင့် အလုပ်များနေခဲ့သော် ရုပ်သံထုတ်လွှင့်မှုကို ကြည့်ရှုရန်။


(၂) **VAR** နှင့် သက်ဆိုင်သည့် ဖြစ်စဉ်များနှင့် နည်းပညာ (သို့မဟုတ်) ဆက်သွယ်ရေးနှင့် နည်းစနစ် ပိုင်းဆိုင်ရာ ပြဿနာများကို မှတ်တမ်းတင်ထားရန်။

(၃) VAR နှင့် ကွင်းလယ်ဒိုင်၏ ဆက်သွယ်မှုများကို ကူညီရန်၊ အထူးသဖြင့် **VAR** စစ်ဆေးခြင်း၊ ပြန်လည်ကြည့်ရှုခြင်းများပြုလုပ်နေစဉ် (ဥပမာ-ကွင်းလယ်ဒိုင်အား ကစားပွဲရပ်ဆိုင်းရန် (သို့မဟုတ်) ကစားပွဲကို နှောင့်နှေးစေပြီးမှ ပြန်လည်စတင်ရန် စသည်တို့ဖြစ်သည်)။


(၄) စစ်ဆေးခြင်း၊ ပြန်လည်ကြည့်ရှုခြင်းတို့ကြောင့် ကစားပွဲပြန်လည်စတင်ရန် နှောင့်နှေးမှုများအတွက် ကုန် ဆုံးချိန်များကို မှတ်တမ်းပြုစုထားရန်။

(၅) **VAR** နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်သွယ်အ ကြောင်းကြားရမည်။







Throw-in for attacking team



Throw-in for defending team




Corner kick




Goal kick





**Offside**




**Offside** on the
**near side** of the field




**Offside** in the
**middle** of the field




**Offside** on the
**far side** of the field


IFAB
7. Additional assistant referee signals
Goal
(unless the ball has very clearly passed over the goal line)
75

# ဥပဒေ (၇)၊ ကစားချိန် (The Duration of the Match)

## ၁။ ကစားချိန်

ဘောလုံးတစ်ပွဲတွင် (၄၅)မိနစ်စီ ပါဝင်သော တူညီသည့် ကစားချိန် (၂)ပိုင်းဖြင့် သတ်မှတ်ရမည်။ ဒိုင်လူကြီးနှင့် ကစားမည့်အသင်းနှစ်သင်းတို့သည် ကစားပွဲမစတင်မီတွင် ကြိုတင်သဘောတူညီချက်ရှိခဲ့လျှင် (သို့မဟုတ်) ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအရ ကြိုတင်သတ်မှတ်ချက်များရှိခဲ့လျှင် ကစားချိန်ကို လျှော့ခြင်းပြုနိုင်သည်။

## ၂။ ကစားချိန်တစ်ဝက်ရပ်နားချိန်

ကစားသမားများသည် ကစားချိန်တစ်ဝက်ကုန်ဆုံးချိန်တွင် (၁၅)မိနစ်ထက်မပိုသော ရပ်နားချိန်ကို ခံစားခွင့်ရှိသည်။ သရေကျနေသဖြင့် အရှုံး/အနိုင်ပေါ်စေရန် အချိန်ပို(၁၅)မိနစ်ကို နှစ်ပိုင်းအညီအမျှစီဖြင့် ကစားခွင့်ပြုရမည်။ အချိန်ပို ပထမပိုင်းနှင့် ဒုတိယပိုင်းအကြားတွင် ကစားသမားများအား (၁)မိနစ်ထက်မပိုသော ခေတ္တရေသောက်ခွင့် ရပ်နားချိန်ကို ခွင့်ပြုရမည်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားရမည်။ ရပ်နားချိန်များကို ဒိုင်လူကြီး၏ ခွင့် ပြုချက်ဖြင့်သာ ခွင့်ပြုရမည်။

## ၃။ ဆုံးရှုံးသွားချိန်များကိုဖြည့်စွက်ခြင်း

ဆုံးရှုံးသွားသောကစားချိန်များကို အချိန်တစ်ဝက်စီကုန်ဆုံးသွားချိန်တိုင်း (သာမန်ကစားချိန်များ + အချိန်ပို ကစားချိန်များ) တွင် ဒိုင်လူကြီးများက အောက်ပါအချက်များအရ ဖြည့်စွက်ခွင့်ပြုရမည်၊---

(၁) လူစားလဲလှယ်ခြင်းများ

(၂) ထိခိုက်ဒဏ်ရာရသည့် ကစားသမားအား ဆေးဝါးကုသပေးရန် ကစားကွင်းမှ သယ်ဆောင်သွားချိန်

(၃) အချိန်ဖြုန်းတီးခြင်း

(၄) စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းများ

(၅) ပြိုင်ပွဲစည်းကမ်းချက်များအရ ဆေးပညာပိုင်းဆိုင်ရာ ခွင့်ပြုသည့် ရပ်နားချိန်များ၊ ဥပမာ-(၁)မိနစ် ထက်မပိုသော ရေသောက်ရန်ခွင့်ပြုမိန့် (**Drinking Breaks**) များ၊ စက္ကန့်(၉၀)မှ (၃)မိနစ်ထက် မပိုသော ကိုယ်ခန္ဓာအပူရှိန်များခြင်း၊ ရေဓါတ်နည်းပါးခြင်းတို့အတွက် ရပ်နားချိန် (**Cooling Breaks**)

(၆) ဗီဒီယိုအကူဒိုင်လူကြီး (**VAR**) ကို စစ်ဆေးခြင်းနှင့် ပြန်လည်ကြည့်ရှုခြင်းတို့နှင့် သက်ဆိုင်သည့် နှောင့်နှေးကြန့်ကြာမှုများ

(ဂ) အခြားသော အကြောင်းအချက်များ၊ ကစားပွဲပြန်လည် စတင်ကစားရန် သိသာသည့် နှောင့်နှေးမှုများ အပါအဝင် (ဥပမာ–ဂိုးသွင်းအပြီး အောင်ပွဲခံခြင်း)။

စတုတ္ထဒိုင်လူကြီး (**Fourth Official**)က အနည်းဆုံးခွင့်ပြုရမည့် ကုန်ဆုံးချိန်များကို ပထမပိုင်း (သို့မဟုတ်) ဒုတိယပိုင်းကုန်ဆုံးမည့်နောက်ဆုံးမိနစ်တွင် ဒိုင်လူကြီးအား ဖော်ပြရမည်။ ဒိုင်လူကြီးက ထိုကုန်ဆုံးချိန်များကို တိုးခြင်း ပြုနိုင်သော်လည်း လျှော့ချခြင်း မပြုရ။

## ၄။ ပင်နယ်တီကန်ခြင်း

ကစားချိန်တစ်ဝက်ကုန်ဆုံးချိန်တွင် ပင်နယ်တီကန်ရန် (သို့မဟုတ်) ပြန်လည်ကန်ရန်ရှိနေပါက ပင်နယ်တီကန်ပြီးသည်အထိ ကစားချိန်ကို တိုးမြှင့်ပေးရမည်။

## ၅။ ရပ်သိမ်းလိုက်သည့် ကစားပွဲ

ရပ်သိမ်းလိုက်သော ပြိုင်ပွဲများကို ပြိုင်ပွဲစည်းကမ်းများကဖြစ်စေ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့က အခြားနည်းများဖြင့် ကစားရန်ဆုံးဖြတ်၍ ဖြစ်စေ၊ ကစားပွဲကို ပြန်လည်၍ ကစားစေရမည်။


IFAB

## ဥပဒေ(၈)၊ စတင်ကစားခြင်းနှင့် ပြန်လည်စတင်ကစားခြင်း (The Start and Restart of Play)

ကစားပွဲ၏ အချိန်ဝက်တိုင်း၊ အချိန်ပိုတစ်ဝက်စီတိုင်းနှင့် ဂိုးသွင်းပြီးသည့်အချိန်တိုင်းတွင် စတင်ပေးပို့ကစားခြင်း(**Kick–off**)ပြုလုပ်ရမည်။ အလွတ်တည်ကန်ခြင်းများ {တိုက်ရိုက် (သို့မဟုတ်) တစ်ဆင့်ကန်}၊ ပင်နယ်တီကန်ခြင်း များ၊ ပစ်သွင်းခြင်းများ၊ ဂိုးမှတည်ကန်ခြင်းများ၊ ထောင့်ကန်ဘောကန်ခြင်းများတို့သည် အခြားသော ပြန်လည် စတင် ကစားခြင်းများဖြစ်သည်။ ***(ဥပဒေ ၁၃ မှ ၁၇ အထိ ကြည့်ပါ)***။ မြေချဘောသည် ဒိုင်လူကြီးက ကစားပွဲကို ရပ် ဆိုင်းလိုက်သည့်အခါ အထက်ပါပြန်လည်စတင်ကစားနည်းများဖြင့် အရေးယူရန် မလိုအပ်သည့် အခါမျိုးတွင် မြေချ ဘောကို ချပေးရမည်။

ဘောလုံးကစားနေခြင်းမဟုတ်သည့် အချိန်များတွင် အပြစ်ကျူးလွန်မှုတစ်ခု ဖြစ်ပေါ်လာပါက ပြန်လည် စတင်ကစားရန်အတွက် ပြောင်းလဲမှုမရှိပါ။

### ၁။ စတင်ကစားခြင်း (Kick–off)

#### လုပ်ထုံးလုပ်နည်း

(၁) ခေါင်း–ပန်းလှန်ရာ၌ အနိုင်ရရှိသော အသင်းသည် ပထမပိုင်းတွင် မည်သည့်ဂိုးဘက်ကို တိုက်စစ်ဆင်ရန် (သို့မဟုတ်) စတင်ပေးပို့ကစားခြင်းတို့ကို ကြိုက်ရာရွေးချယ်နိုင်သည်။

(၂) အထက်ပါ ရွေးချယ်မှုအပေါ်မူတည်၍ ပြိုင်ဘက်အသင်းမှ ကစားသမားများ စတင်ပေးပို့ကစားခြင်း (သို့မဟုတ်) ပထမပိုင်းတွင် မည်သည့်ဂိုးဘက်သို့ တိုက်စစ်ဆင်မည်ကို ရွေးချယ်နိုင်သည်။

(၃) ပထမအချိန်ဝက်တွင် မည်သည့်ဂိုးဘက်သို့တိုက်စစ်ဆင်ရန် ရွေးချယ်သည့် အသင်းသည်၊ ဒုတိယ အချိန်ဝက်အစတွင် စတင်ပေးပို့ကစားခြင်းကို စတင်ကစားစေရမည်။

(၄) ဒုတိယအချိန်ဝက်တွင် ကွင်းတစ်ဝက်ကို ဘက်ပြောင်း၍ ဆန့်ကျင်ဘက်ဂိုးများဆီသို့ တိုက်စစ်ဆင်ရမည်။

(၅) အသင်းတစ်သင်းက ဂိုးသွင်းယူခဲ့လျှင် တစ်ဖက်အသင်းမှ ကစားသမားများက စတင်ပေးပို့ကစားခြင်း ပြုရမည်။

**စတင်ပေးပို့ကစားခြင်းပြုတိုင်း**

(၁) စတင်ပေးပို့ကစားသည့် ကစားသမားမှအပ ကျန်ကစားသမားအားလုံး ၎င်းတို့၏ ကွင်းဝက်ခြမ်းတွင် ရှိနေရမည်။

(၂) စတင်ပေးပို့ကစားသည့် အသင်းမှ မဟုတ်သည့် တစ်ဖက်အသင်းမှ ကစားသမားများသည် ကစားမှု အထမြောက်သည်အထိ ဘောလုံးနှင့်အနည်းဆုံး (၉.၁၅) မီတာ (၁၀-ကိုက်) အကွာတွင် ရှိနေရမည်။

(၃) ဘောလုံးကို ကွင်းလယ်ဗဟိုအမှတ်တွင် တည်ငြိမ်စွာတည်ထားရမည်။

(၄) ဒိုင်လူကြီး အချက်ပြရမည်။

(၅) ဘောလုံးကိုကန်လိုက်၍ သိသာထင်ရှားစွာရွေ့လျားသွားလျှင် ကစားမှုမြောက်သည်။

(၅) ဘောလုံးကိုစတင်၍ ပေးပို့ကစားရာမှ တစ်ဖက်အသင်း၏ ဂိုးအတွင်းသို့ တိုက်ရိုက်ကန်သွင်းခြင်း ပြုခြင်းကို ဂိုးရယူနိုင်သည်။ ဘောလုံးကန်လိုက်သူ၏ ဂိုးအတွင်းသို့ ဂိုးဝင်သွားပါက တစ်ဖက်အသင်း အား ထောင့်ကန်ဘော ကန်ခြင်းပြုစေရမည်။

**အပြစ်ကျူးလွန်ခြင်းနှင့်အရေးယူခြင်းများ**

ကစားပွဲကို စတင်ပေးပို့ကစားသူက အခြားကစားသမားတစ်ဦးတစ်ယောက်နှင့်မျှ ဘောလုံးနှင့်မထိမီထပ်မံ၍ ထိကစားခြင်းပြုပါက တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။ ထို့ပြင် လက်ထိဘောဥပဒေကို ကျူးလွန် ပါက တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

အခြားသော ကစားပွဲစတင်ပေးပို့ကစားခြင်း ဥပဒေကို ချိုးဖောက်ပါက ပြန်လည်၍ ကန်စေခြင်းဖြင့် ပြုစေ ရ မည်။

## ၂။ မြေချဘော

**လုပ်ထုံးလုပ်နည်း**

(၁) ကစားပွဲကို အောက်ပါအကြောင်းများကြောင့် ရပ်ဆိုင်းလိုက်ရပါက ခုခံကစားသည့်အသင်းမှ ဂိုး သမားအား ၎င်း၏ပင်နယ်တီဧရိယာအတွင်းတွင် မြေချဘောပေးရမည်။

(က) ဘောလုံးသည် ပင်နယ်တီဧရိယာအတွင်းရှိနေခဲ့လျှင်

(ခ) နောက်ဆုံးထိကစားလိုက်ခြင်းသည် ပင်နယ်တီဧရိယာအတွင်းတွင် ရှိနေခဲ့လျှင်

(၂) အခြားသောကိစ္စရပ်များတွင် ဒိုင်လူကြီးက ဘောလုံးကို ထိကစားလိုက်သည့်နေရာတွင် ကစားသမား တစ်ဦး၊ ပြိုင်ပလူတစ်ဦး (သို့မဟုတ်) ဥပဒေ-၉ ပါ တာဝန်ကျဒိုင် တစ်ဦးဦးနှင့် ထိမိခဲ့လျှင် ထိုထိသည့် နေရာတွင် နောက်ဆုံးထိလိုက်သည့် ကစားသမားအား မြေချဘောချပေးရမည်။

(၃) အသင်းနှစ်သင်းစလုံးမှ ကစားသမားအားလုံးသည် ကစားမှုအထမြောက်သည်အထိ ဘောလုံးနှင့် အနည်းဆုံး (၄)မီတာ (၄.၅-ကိုက်) အကွာတွင် ရှိနေရမည်။

ဘောလုံးကို မြေချဘော ချပေးရာတွင် ဘောလုံးသည် မြေကြီးနှင့်ထိမိလျှင် ကစားမှုအထမြောက်သည်။

**အပြစ်ကျူးလွန်ခြင်းနှင့် အရေးယူခြင်းများ**

အကယ်၍ အောက်ပါအချက်များ ဖြစ်ပေါ်ခဲ့လျှင် မြေချဘောကို ပြန်လည်၍ ချပေးရမည်။

(၁) ဘောလုံးသည် မြေကြီးနှင့်မထိမီ ကစားသမားတစ်ဦးနှင့်ထိမိလျှင်

(၂) မြေကြီးကို ထိပြီးနောက် အခြားကစားသမားတစ်ဦးနှင့်မထိဘဲ ဘောလုံးသည် ကစားကွင်းပြင်ပသို့ ရောက်ရှိသွားလျှင်

အကယ်၍ မြေချဘောချရာမှ အနည်းဆုံး ကစားသမားနှစ်ဦးနှင့်ထိမိခြင်းမရှိဘဲ ဂိုးအတွင်းသို့ ဝင်သွားခဲ့လျှင်–

(၁) တစ်ဖက်အသင်း၏ ဂိုးအတွင်းသို့ ဝင်သွားပါက ဂိုးမှတည်ကန်ခြင်းဖြင့်လည်းကောင်း၊

(၂) မိမိအသင်း၏ ဂိုးအတွင်းသို့ ဝင်သွားပါက ထောင့်ကန်ဘောကန်ခြင်းဖြင့် လည်းကောင်း ပြုစေရမည်။




# ဥပဒေ (၉)၊ ဘောလုံးကစားနေခြင်းနှင့် ကစားမှုရပ်ဆိုင်းသွားခြင်း (The Ball In and Out of Play)

## ၁။ ဘောလုံးကစားမှုရပ်ဆိုင်းသွားခြင်း။

ဘောလုံးသည် အောက်ပါအချိန်များတွင် ကစားမှုရပ်ဆိုင်းသွားသည်။

(၁) ဘောလုံးသည် ဂိုးစည်းမှဖြစ်စေ၊ ဘေးစည်းမှဖြစ်စေ၊ မြေပြင်ပေါ်မှသော်လည်းကောင်း၊ လေထဲမှ သော်လည်းကောင်း ဘောလုံးတစ်လုံးစာ လုံးဝဖြတ်ကျော်သွားလျှင်၊

(၂) ဒိုင်လူကြီးက ကစားပွဲကိုရပ်ဆိုင်းလိုက်လျှင်၊

(၃) ထိုကစားပွဲတွင် တာဝန်ယူနေသည့် ဒိုင်လူကြီးတစ်ဦးဦးနှင့် ထိမှန်၍ ကစားကွင်းအတွင်းရှိနေရာမှ-

(က) အသင်းတစ်သင်းက သေချာနေသည့် တိုက်စစ်ကို စတင်ကစားသည့်အချိန်။

(ခ) ဘောလုံးသည် ဂိုးအတွင်းသို့ တိုက်ရိုက်ဝင်ရောက်သွားသည့်အချိန်။

(ဂ) ဘောလုံးကို ရယူပိုင်ဆိုင်သည့် အသင်းပြောင်းလဲသွားသည့်အချိန်။

အထက်ဖော်ပြပါ အချက်အားလုံးတို့တွင် မြေချဘောဖြင့် ကစားပွဲကို ပြန်လည်စတင် ကစားစေရမည်။

### ၂။ ဘောလုံးကစားနေခြင်း

ဘောလုံးကစားနေစဉ်အတွင်း ဘောလုံးသည် တာဝန်ကျဒိုင်လူကြီးတစ်ဦးဦးနှင့်ထိ၍ ကစားကွင်းအတွင်း၌ ရှိ နေခိုက်ဖြစ်စေ၊ ဂိုးတိုင်၊ ဂိုးဘား၊ ထောင့်အလံတိုင်များကို ထိမှန်၍ ကစားကွင်းအတွင်းသို့ ပြန်ဝင်လာသည့်အချိန် (က စားကွင်းအတွင်း ဆက်လက်ရှိနေချိန်) အားလုံးတို့တွင် ကစားနေသည့်အချိန်များဖြစ်သည်။

## ဥပဒေ(၁၀)၊ ဂိုးဝင်ခြင်းနှင့်ပတ်သက်၍ ဆုံဖြတ်ချက်များ (Determining the Outcome of a Match)

### ၁။ ဂိုးရရှိခြင်း (ဂိုးဝင်ခြင်း)

ဘောလုံးသည် ဂိုးတိုင်နှစ်တိုင်အကြား ဂိုးဘားတန်းအောက်မှ ဂိုးစည်းကို ဘောလုံးတစ်လုံးစာ လုံးဝ (လုံးဝ) ဖြတ်ကျော်သွားသောအချိန်တွင် ဂိုးသွင်းယူလိုက်သည့်အသင်းမှ ဂိုးမဝင်မီ ဘောလုံးဥပဒေကို ဖောက်ဖျက်ခြင်း မရှိခဲ့ လျှင် ဂိုးရရှိခြင်း (ဂိုးဝင်ခြင်း) ဖြစ်သည်။

<u>ဂိုးသမားသည် တစ်ဖက်အသင်း၏ ဂိုးအတွင်းသို့လက်ဖြင့် တိုက်ရိုက်ပစ်သွင်းခဲ့လျှင် ဂိုးမှတည်ကန်ဘော အဖြစ် သတ်မှတ်ရမည်။</u>

ဘောလုံးသည် ဂိုးစည်းပေါ်မှ လုံးဝဖြတ်ကျော်သွားခြင်းမရှိသေးမီ ဒိုင်လူကြီးက ဂိုးအဖြစ်မှားယွင်း၍ အချက် ပြမိပါက ကစားပွဲကို မြေချဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။

### ၂။ အနိုင်ရအသင်း

ကစားပွဲတစ်ပွဲတွင် ဂိုးပိုမိုသွင်းယူနိုင်သော အသင်းသည် အနိုင်ရအသင်းဖြစ်သည်။ အကယ်၍ နှစ်သင်းစလုံး က ဂိုးမသွင်းနိုင်ခဲ့လျှင် (သို့မဟုတ်) ဂိုးအရေအတွက် တူညီနေခဲ့လျှင် ထိုကစားပွဲသည် သရေပွဲ ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များအရ အနိုင်ရအသင်း သတ်မှတ်ရန်လိုအပ်သည့်အခါ သရေပွဲ(သို့မဟုတ်) အိမ်ကွင်း- အဝေးကွင်းတို့မှ ဂိုးအရေအတွက်တူညီနေမှုကြောင့် အနိုင်ရအသင်းအဖြစ် သတ်မှတ်ရန်တစ်ခုတည်းသော နည်းလမ်း မှာ-

(၁) အဝေးကွင်းတွင်ရ ဂိုးဥပဒေ


(၂) တစ်ပိုင်းလျှင် (၁၅)မိနစ်ထက်မပိုသော ညီမျှသည့် အချိန်ပိုနှစ်ပိုင်း

(၃) ပင်နယ်တီအမှတ်မှ ကန်ခြင်းတို့ဖြင့် ဆုံးဖြတ်ရမည်။

အထက်ဖော်ပြပါ နည်းလမ်းများကို ပေါင်းစပ်၍လည်း သတ်မှတ်နိုင်သည်။

## ၃။ ပင်နယ်တီအမှတ်မှကန်ခြင်းများ

ကစားပွဲပြီးဆုံးသွားပြီးနောက် ဘောလုံးဥပဒေများဖြင့် အသုံးပြုရန် ဆက်စပ်ဖော်ပြထားခြင်းမရှိပါက ပင်နယ် တီအမှတ်မှကန်ခြင်းပြုလုပ်ရမည်။ ပွဲအတွင်းအထုတ်ခံရသောကစားသမားကိုပါဝင်ခွင့်မပြုပါ။ နှုတ်ဖြင့် သတိပေးခြင်း များ နှင့်အဝါကတ်ပြသမှုများကို ပယ်နယ်တီကန်သွင်းခြင်းသို့သယ်ဆောင်သွားမည်မဟုတ်ပေ။




### လုပ်ထုံးလုပ်နည်း

ပင်နယ်တီအမှတ်မှ စတင်ကန်ခြင်းမပြုမီ–

(၁) အခြားသော ထည့်သွင်းစဉ်းစားရမည့်အချက်များမလိုအပ်ပါက (ဥပမာ–ကစားကွင်းအခြေအနေ၊ လုံခြုံရေးအနေအထားစသည်) ဒိုင်လူကြီးသည် မည်သည့်ဂိုးဘက်သို့ ကန်သွင်းရမည်ကို ခေါင်းပန်း လှန်၍ ဆုံးဖြတ်ရမည်။ လုံခြုံရေးအကြောင်းအချက်များ (သို့မဟုတ်) ဂိုးနှင့်ကစားကွင်း အနေအထား သည် အသုံးပြု၍ မရနိုင်လေက်အောင် ဆိုးရွားမှသာ ကန်သွင်းမည့်ဂိုးကို ဘက်ပြောင်း လဲရမည်။

(၂) ဒိုင်လူကြီးက ဒုတိယအကြိမ် ခေါင်း-ပန်း ထပ်လှန်၍ အနိုင်ရသည့်အသင်းက ပင်နယ်တီကို ပထမ ကန်ခြင်း (သို့မဟုတ်) ဒုတိယကန်ခြင်းကို ကြိုက်ရာရွေးချယ်နိုင်ခွင့်ရှိသည်။

(၃) ဆက်လက်ကစားခြင်းမပြုနိုင်သည့် ဂိုးသမားအား ချွင်းချက်ဖြင့် လူစားလဲလှယ်ခြင်းကို ကစားပွဲ အပြီး တွင် ကစားကွင်းအတွင်းတွင်ရှိနေသည့် ကစားသမား၊ ကစားကွင်းပြင်ပသို့ ခေတ္တ ရောက်ရှိနေသည့် ကစားသမား (အနာတရ ရသူ ကစားသမား အသုံးအဆောင်ပစ္စည်းများ ပြုပြင်လဲလှယ်သူ) တို့သည် ကစားပွဲပြီးဆုံးသွားချိန်အထိ ရှိနေပါက ပင်နယ်တီကို တရားဝင်ကန်ခွင့် ရှိသည်။

(၄) ပင်နယ်တီကန်မည့်အသင်းတိုင်းတို့သည် ပင်နယ်တီကန်ခွင့်ရသူများထဲမှ ကန်မည့်သူကို ရွေးချယ် ရန်နှင့် မည်သူစပြီး မည်သူကအစဉ်လိုက်ကန်ရမည်ကို ရွေးချယ်ရန် တာဝန်အသီးသီးရှိကြသည်။ မည်သူတို့အစဉ်လိုက်ကန်မည်ကို ဒိုင်လူကြီးအား အသိပေးရန်မလိုပါ။

(၅) ကစားပွဲအပြီး ပင်နယ်တီမကန်မီနှင့် ကန်နေစဉ်အတွင်း အသင်းတစ်သင်းက အခြားအသင်းထက် ကစားသမားဦးရေ ပိုများနေပါက ပြိုင်ဘက်အသင်းနှင့် ကစားသမားဦးရေ တူညီစေရန် ပိုသည့် ဦးရေကို ထုတ်ပယ်ရမည်။ ထိုသို့ထုတ်ပယ်လိုက်သည့် ကစားသမား၏ အမည်နှင့် ကျောနံပါတ်ကို ဒိုင်လူကြီးအား အသိပေးရမည်။ ထိုထုတ်ပယ်ခံရသည့် မည်သည့်ကစားသမားမဆို ပင်နယ်တီ ကန် ရာတွင် ပါဝင်ခွင့်မရှိ။ (အောက်ပါအချက်များမှ အပ)။

(၆) ဂိုးသမားတစ်ဦးသည် ပင်နယ်တီအမှတ်မှ မကန်မီနှင့် ကန်နေဆဲအချိန်များတွင် ဆက်လက်ကစား နိုင်ခြင်းမရှိပါက ပင်နယ်တီမကန်မီက ထုတ်ပယ်ထားသော ကစားသမားနှင့်ဖြစ်စေ (သို့မဟုတ်) ဂိုး သမား၏ အသင်းသည် သတ်မှတ်ထားသော လူစားလဲလှယ်ခွင့် အများဆုံးအရေအတွက်ကို အပြည့် အဝလဲလှယ်ခြင်း မပြုရသေးပါက စာရင်းပေးထားသော အရံကစားသမားတစ်ဦးနှင့် လဲလှယ် နိုင် သည်။ သို့သော် လူစားဝင်ရောက်ကစားသည့် ဂိုးသမားသည် အခြားနေရာတွင် ကစားခြင်းမပြုရ၊ ပင်နယ်တီကန်ခွင့်မရှိ။

(၇) အကယ်၍ မူလဂိုးသမားသည် ပင်နယ်တီကို ကန်ပြီးဖြစ်ပါက နောက်ဝင်လာသည့် ဂိုးသမားသည် နောက်အလှည့် ကန်ခွင့်ရသည်အထိ ပင်နယ်တီကန်ခွင့်မရှိပါ။

**<u>ပင်နယ်တီအမှတ်မှ ကန်နေစဉ်အတွင်း-</u>**

(၁) တရားဝင်ပင်နယ်တီ ကန်ခွင့်ရသူများနှင့် တာဝန်ကျဒိုင်လူကြီးများသာ ကစားကွင်းတွင် ဆက်လက်ရှိ နေခွင့်ပြုသည်။

(၂) ပင်နယ်တီကန်မည့်သူနှင့် ဂိုးသးမားနှစ်ဦးတို့မှအပ ကျန်တရားဝင်ကန်ခွင့်ရ ကစားသမားများ အား လုံးသည် ကွင်းလယ်ဗဟိုစည်းတွင်းတွင် ရှိနေရမည်။

(၃) ပင်နယ်တီကန်သူ၏ အသင်းမှဂိုးသမားသည် ကစားကွင်းပေါ် ပင်နယ်တီဧရိယာအပြင်ဘက် ဂိုးစည်းနှင့် ပင်နယ်တီဧရိယာဆုံသည့် ဂိုးစည်းပေါ်တွင်ရှိနေရမည်။

(၄) တရားဝင်ကန်ခွင့်ရ ကစားသမားတစ်ဦးနှင့် ဂိုးသမားတို့သည် နေရာခြင်းပြောင်းလဲကစားနိုင်သည်။

(၅) ဘောလုံးလှုပ်ရှားမှုရပ်ဆိုင်းသွားချိန် ကစားမှုရပ်ဆိုင်းသွားချိန် **(out of play)**၊ ဘောလုံးဥပဒေ တစ်ခုချိုးဖောက်မှုကြောင့် ဒိုင်လူကြီးက ကစားပွဲကိုရပ်ဆိုင်းလိုက်သည့် အချိန်များတွင် ကစားမှုပြီးဆုံးသည်။

(၆) ဒိုင်လူကြီးသည် ပင်နယ်တီကန်ချက်များကို မှတ်တမ်းတင်ထားရမည်။

(၇) ဂိုးသမားသည် အပြစ်တစ်ခုကို ကျူးလွန်ခြင်းကြောင့် ပင်နယ်တီကို ပြန်ကန်စေခဲ့ရလျှင် ဂိုးသမားအား သတိပေးရမည်။

(၈) ပင်နယ်တီကန်သူသည် အပြစ်တစ်ခုကြောင့် ဒိုင်လူကြီးက ပင်နယ်တီကန်ရန် အချက်ပြပြီးနောက်၊ ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့သော် ထိုဒုတိယအကြိမ် ပင်နယ်တီကန်ခြင်းကို လွဲချော်သည်ဟု သတ်မှတ်ပြီး ထိုကန်သူကို သတိပေးရမည်။

(၉) ဂိုးသမားနှင့် ပင်နယ်တီကန်သူတို့ တစ်ချိန်တည်းတွင် အပြစ်တစ်ခုကိုပြိုင်တူကျူးလွန်ခဲ့လျှင်–

ထိုကန်ချက်ကို လွဲချော် ခြင်းအဖြစ် (ဂိုးမဝင်) သတ်မှတ်၍ ပင်နယ်တီကန်သူကို သတိပေးရမည်။

အောက်တွင် ဖော်ပြထားသော စည်းကမ်းချက်များအရ နှစ်ဖက်သောအသင်းတို့သည် ပင်နယ်တီ (၅)လုံးစီကန်ရမည်။

(၁) ပင်နယ်တီကို အသင်းများက တစ်လှည့်စီကန်ရမည်။

(၂) ကန်သွင်းချက်များကို မတူညီသော ကစားသမားများက ဒုတိယအကြိမ် မကန်မီအထိ ပြီးအောင် ကန်ရမည်။

(၃) အသင်းတိုင်းက (၅)ကြိမ်စီကန်၍ မပြီးမီ အသင်းတစ်သင်းစာ ကျန်အသင်းထက် ဂိုးပိုမိုသွင်းနိုင်ခဲ့ပြီး ပင်နယ်တီ (၅)လုံးပြည့်အောင်ကန်ပြီးသွားသည့်တိုင် ပိုများနေမည်ဆိုပါက ပင်နယ်တီထပ် ကန်ရန်မလိုတော့။

(၄) နှစ်သင်းစလုံးက ပင်နယ်တီ(၅)လုံးစီကန်ပြီးသည့်နောက် ရရှိသည့် ဂိုးအရေအတွက် တူညီနေပါက ဆက်လက်ကန်စေပြီး ကစားသမားအရေအတွက်တူ ကန်အပြီးတွင် အသင်းတစ်သင်းက ကျန်အသင်းထက် ဂိုးအရေအတွက် သာလွန်သည်အထိ ကန်သွင်းစေရမည်။

(၅) အထက်ပါ စည်းကမ်းချက်များအတိုင်း ဆက်တိုက်ဖြစ်သော အကျိုးဆက်များ ဖြစ်ပေါ်သည်အထိ ကန်စေရမည်။ ကစားသမားများ အစဉ်လိုက်ကန်ခွင့်ကို ပြောင်းလဲ၍ ကန်ခွင့်ရှိသည်။

(၆) ပင်နယ်တီကန်ရာတွင် ကစားကွင်းပြင်ပသို့ ထွက်ခွာသွားသော ကစားသမားတစ်ဦးကြောင့် အချိန်ကြန့်ကြာခြင်း မဖြစ်စေရ။ အကယ်၍ ထိုကစားသမားသည် ပင်နယ်တီကန်ရန် အချိန်မီပြန်လည်ဝင်ရောက်လာခြင်း မရှိပါက ပင်နယ်တီကန်ခွင့်ကို မကန်စေဘဲ ဂိုးမဝင်ခြင်းအဖြစ် အဆုံးရှုံးခံရမည်။


**<u>ပင်နယ်တီအမှတ်မှ ကန်နေစဉ်အတွင်း အရံကစားသမားများ ဝင်ရောက်ခြင်းနှင့် ထုတ်ပယ်ရမည့်အချက်များ</u>**

(၁) ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားတစ်ဦးဦး၊ ကွင်းထဲဝင်ရောက် လာပါက သတိပေးရမည် (သို့မဟုတ်) ထုတ်ပယ်ရမည်။

(၂) ထုတ်ပယ်ခြင်းခံရသည့် ဂိုးသမား၏ နေရာတွင် တရားဝင်ကစားခွင့် ရသူတစ်ဦးနှင့် လဲလှယ်နိုင်သည်။

(၃) ဂိုးသာမားမှအပ အခြားကစားသမားက ဆက်လက်ကစားနိုင်ခြင်းမရှိပါက ၎င်း၏တစ်နေရာတွင် အစားထိုးလဲလှယ်ခြင်းမပြုနိုင်။

(၄) အကယ်၍ အသင်းတစ်သင်းက ကစားသမား(၇)ဦးထက် လျော့နည်းသွားအောင် ထုတ်ပယ် ခြင်းခံရပါက ဒိုင်လူကြီးသည် ထိုကစားပွဲကို ဖျက်သိမ်းခြင်းမပြုနိုင်။




## ဥပဒေ (၁၁)၊ လူကျွံခြင်း (Offside)

### ၁။ လူကျွံအနေအထား

လူကျွံအနေအထားတစ်ခုတွင် ရှိနေခြင်းသည် (လူကျွံ) အပြစ်တစ်ရပ် ကျူးလွန်ခြင်းမဟုတ်ပါ။

ကစားသမားတစ်ဦးသည် အောက်ပါအနေအထားမျိုးတွင် ရှိနေလျှင် လူကျွံအနေအထားတွင် ရှိသည်ဟု သတ်မှတ်ရမည်။

(၁) ကစားသမားတစ်ဦး၏ ဦးခေါင်း၊ ကိုယ်ခန္ဓာနှင့် ခြေထောက်အစိတ်အပိုင်းတစ်ခုခုတို့သည် တစ်ဖက်အသင်း၏ ကွင်းဝက်ခြမ်းတွင် ရှိနေလျှင် (ကွင်းအလယ်စည်းမှအပ)

(၂) ကစားသမားတစ်ဦး၏ ဦးခေါင်း၊ ကိုယ်ခန္ဓာနှင့် ခြေထောက်အစိတ်အပိုင်းတစ်ခုခုတို့သည် တစ်ဖက်အသင်း၏ ဂိုးစည်းကို ဘောလုံး (သို့မဟုတ်) ဒုတိယနောက်ဆုံး ခုခံကစားသူနှင့် ပို၍ နီးကပ်စွာရှိနေလျှင် ကစားသမားအားလုံး (ဂိုးသမားများအပါအဝင်) တို့၏ လက်(သို့မဟုတ်) လက်မောင်းများကို လူကျွံအနေအထားတွင် ထည့်သွင်းစဉ်းစားခြင်းမပြုရ။ လူကျွံအနေအထားရှိ/မရှိဆုံးဖြတ်ရာတွင် လက်မောင်း၏အထက်ပိုင်းသည် ဂျိုင်းအောက်နှင့် တစ်တန်းတည်းရှိရမည်၊

ကစားသမားတစ်ဦးသည် အောက်ပါအချက်များနှင့် တစ်တန်းတည်းရှိနေလျှင် လူကျွံအနေအထားတွင် ရှိနေခြင်း မဟုတ်ပါ၊ ----

(၁) ဒုတိယနောက်ဆုံး ခုခံကစားသူ (သို့မဟုတ်)

(၂) နောက်ဆုံး ခုခံကစားသူနှစ်ဦး

## ၂။ လူကျွံအပြစ်ကျူးလွန်ခြင်း

လူကျွံအနေအထားတွင်ရှိနေသော ကစားသမားတစ်ဦးထံသို့ ၎င်း၏အသင်းမှ အသင်းဖော်တစ်ဦးက ဘောလုံးကို ပေးပို့ကစားသည့်အချိန် (သို့မဟုတ်) <u>ဘောလုံးကို ထိလိုက်သည့်အချိန်မျိုးတွင်သာ</u> ကစားနေသည့် ကစားပွဲတွင် ထိုကစားသမားက ပါဝင်ပတ်သက်ခဲ့လျှင်-

(၁) သူ၏ အသင်းဖော်တစ်ဦးက ပေးပို့လိုက်သော (သို့မဟုတ်) ထိလိုက်သော ဘောလုံးကို လူကျွံအနေအထားတွင် ရှိနေသူက ကစားနေမှုကို ဝင်ရောက်စွက်ဖက်ကစားလျှင်

(၂) တစ်ဖက်အသင်းသားတစ်ဦးအား အနှောက်အယှက်ပေးစွက်ဖက်ကစားလျှင်

(က) ပြိုင်ဘက်ကစားသမားတစ်ဦးအား မကစားနိုင်အောင် တားဆီးခြင်း (သို့မဟုတ်) ကစားခြင်းမပြုနိုင်စေရန် တစ်ဖက်အသင်းသား၏ မြင်ကွင်းကို သိသာစွာ ပိတ်ပင်တားဆီးခြင်း။

(ခ) ဘောလုံးကို ရယူကစားနိုင်ရန် ပြိုင်ဘက်ကစားသမားနှင့် ဘောလုံးလုယူခြင်း။

ပထမဆုံးသော ဘောလုံးကို ကစားလိုက်ခြင်း၊ ထိလိုက်ခြင်းများကို အသုံးပြုသင့်သည်။

(ဂ) အနားတွင်ရှိသော တစ်ဖက်ကစားသမားထံမှ ဘောလုံးကို ရယူကစားရန် သိသာစွာကြိုးစား အားထုတ်ရာတွင် ထိုတစ်ဖက်ကစားသမားနှင့် ထိမိ/တိုက်မိခြင်း။

(ဃ) တစ်ဖက်ကစားသမား၏ ဘောလုံးကစားမှုစွမ်းဆောင်ရည် ထိခိုက်ကျဆင်းစေရန် သိသာစွာ ပြုမူဆောင်ရွက်ခြင်း။ (သို့မဟုတ်)

(၃) လူကျွံအနေအထားမှ အခွင့်သာမှုတစ်ရပ်ကို ရယူ၍ ဘောလုံးရယူကစားခြင်း (သို့မဟုတ်) တစ်ဖက်ကစားသမားကို အနှောက်အယှက်ပေးခြင်း (အောက်ပါအချိန်များတွင်)

(က) ဂိုးတိုင်၊ ဂိုးဘားတန်း၊ တာဝန်ကျဒိုင်လူကြီးတစ်ဦး (သို့မဟုတ်) တစ်ဖက် အသင်းသားတစ်ဦးတို့ နှင့်ထိ၍ ပြန်ထွက်လာသောဘောလုံး။

( ခ) ပြိုင်ဘက်တစ်ဖက် ကစားသမားတစ်ဦးက တမင်ရည်ရွယ်၍ ခုခံကာကွယ်ရာမှ ပြန်ထွက်လာသော ဘောလုံး။

လူကျွံအနေအထားတွင် ရှိနေသူသည် ဘောလုံးကို တမင်ရည်ရွယ်၍ ကစားလိုက်သည့် ပြိုင်ဘက်တစ်ဦးထံမှ ဘောလုံးကို ရယူကစားရာတွင် (ပြိုင်ဘက်၏တမင်ရည်ရွယ်၍ ကာကွယ်လိုက်ခြင်းမှအပ)၊ အခွင့်သာမှုကို ရယူသည်ဟု မသတ်မှတ်ရ။

ကစားသမားတစ်ဦးသည် ဂိုးထဲသို့ဝင်နေသည့် (သို့မဟုတ်) ဂိုးနှင့်အလွန်နီးကပ်သည့်နေရာတွင် လက်နှင့်လက်မောင်းတို့မှအပ ကျန်ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုခုဖြင့် ဘောလုံးကို ရပ်တန့်သွားအောင် (ဂိုးသမားက ၎င်း၏ပင်နယ်တီဧရိယာအတွင်း ဖမ်းယူခြင်းမှအပ) ခုခံကာကွယ်ခြင်းပင်ဖြစ်သည်။

အောက်ပါနေရာများ၌ အနေအထားအားဖြင့် –

(၁) လူကျွံအနေအထားတွင်ရှိနေသော ကစားသမားတစ်ဦးသည် ရွှေ့လျားခြင်း၊ ရပ်နေခြင်းအားဖြင့် တစ်ဖက်အသင်းမှ ကစားသမားက ဘောလုံးရယူရန်နှင့် ကစားရန် လှုပ်ရှားရာတွင် အနှောက်အယှက်ပြုရာရောက်လျှင် လူကျွံအပြစ်ကျူးလွန်ခြင်း အဖြစ်အပြစ်ပေးရမည်။ ထိုကစားသမားသည် တစ်ဖက်ကစားသမား၏ အပြေးလမ်းကြောင်းကို ပိတ်ဆို့ခြင်းဖြင့် ဘောလုံးကစားနိုင်မှု အခြေအနေကောင်းကို ပိတ်ဆို့တားဆီးပါက (ဥပမာ–ပိတ်ဆို့တားဆီးခြင်း) ဥပဒေ(၁၂)ပါအတိုင်း အရေးယူအပြစ်ပေးရမည်။

(၂) လူကျွံအနေအထားတွင်ရှိနေသော ကစားသမားတစ်ဦးသည် ကစားရန်ရည်ရွယ်ချက်ဖြင့် ဘောလုံးရရှိရန် လှုပ်ရှားရာတွင် ဘောလုံးရယူနိုင်ခြင်းမရှိမီ (သို့မဟုတ်) ဘောလုံးကစားရန် ကြိုးစားလျှင် (သို့မဟုတ်) တစ်ဖက်အသင်းအား ဘောလုံးယှဉ်ပြိုင် လုကစားခြင်းမပြုမီတွင် အပြစ်တစ်စုံတစ်ရာ ကျူးလွန်ပါက လူကျွံအဖြစ် မကျူးလွန်မီက ပြုလုပ်သည့်အပြစ်အရ သင့်တော်သည့် ဥပဒေဖြင့် အရေးယူရမည်။

(၃) လူကျွံအနေအထားတွင်ရှိနေသော ကစားသမားသည် ထိုအနေအထားမှပင် ဘောလုံးကို ရယူကစားခြင်း (သို့မဟုတ်) ဘောလုံးရယူကစားရန်ကြိုးစားခြင်း (သို့မဟုတ်) တစ်ဖက် အသင်းသားထံမှ ဘောလုံးရယူရန် လုကစားခြင်းပြုရာတွင် အပြစ်တစ်စုံတစ်ရာ ကျူးလွန် ခဲ့လျှင် အပြစ်ကျူးလွန်ခြင်းမပြုမီက အနေအထားအတိုင်း လူကျွံအဖြစ် ကျူးလွန်ခြင်းအဖြစ် အပြစ်ပေးရမည်။

## ၃။ လူကျွံအပြစ်ကျူးလွန်ခြင်းမဟုတ်ခြင်း

ကစားသမားတစ်ဦးသည် အောက်ပါအချက်များကို တိုက်ရိုက်ရယူကစားခြင်းပြုပါက လူကျွံအပြစ်ကျူးလွန် ခြင်း မဟုတ်ဟု ဆုံးဖြတ်ရမည်။

(က) ဂိုးမှတည်ကန်လိုက်သောဘောလုံး။

( ခ) ပစ်သွင်းဘော။

( ဂ) ထောင့်ကန်ဘော။

## ၄။ အပြစ်ကျူးလွန်ခြင်းနှင့် အရေးယူခြင်း

လူကျွံအပြစ်ကျူးလွန်မှုတစ်ရပ်ဖြစ်ပေါ်ပါက ဒိုင်လူကြီးသည် ဖြစ်ပျက်သည့်နေရာမှနေ၍ တစ်ဆင့် အလွတ် တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အပြစ်ကျူးလွန်သည့် ကစားသမား၏ ကွင်းဝက်ခြမ်း အတွင်းဖြစ်ပျက်မှု အပါ အဝင်ဖြစ်သည်။

ဒိုင်လူကြီး၏ ခွင့်ပြုချက်မရဘဲ ကစားကွင်းထွက်ခွာသွားသည့် ခုခံကာကွယ်သည့် အသင်းမှ ကစားသမား တစ်ဦးအား ဒိုင်လူကြီးက ဂိုးစည်းနှင့် ဘေးစည်းမှနေ၍ လူကျွံအနေအထားတွင် ရှိနေသည်ဟု နောက်တစ်ကြိမ် ဘောလုံးကစားမှုရပ်ဆိုင်းသည့်အချိန်အထိ (သို့မဟုတ်) ခုခံကာကွယ်သည့်အသင်းက ကွင်းလယ်စည်းဆီသို့ မိမိ၏ ပင်နယ်တီစည်းကို ကျော်လွန်ပြီး ရယူသွားသည့်အချိန်အထိ သတ်မှတ်ယူဆရမည်။ အကယ်၍ ထိုကစားသမားသည် ကစားကွင်းမှ တမင်ရည်ရွယ်၍ ထွက်ခွာသွားခြင်းဖြစ်ပါက ၎င်းအားဘောလုံးနောက်တစ်ကြိမ် ကစားမှုရပ်ဆိုင်း သွား ချိန်တွင် သတိပေးရမည်။

တိုက်စစ်ဆင်ကစားသူတစ်ဦးသည် လှုပ်ရှားကစားနေသည့် ကစားပွဲတွင် ပါဝင်ပတ်သက်ခြင်းမရှိစေရန် ပြသ ရန် ကစားကွင်းပြင်ပသို့ ထွက်ခွာ/ဆက်လက်နေခြင်းပြုရမည်။ ထိုကစားသမားသည် ဂိုးစည်းမှပြန်လည် ဝင်ရောက် လာပြီး၊ နောက်တစ်ကြိမ်ဘောလုံးကစားမှု မရပ်စဲသည့်အချိန်အထိ (သို့မဟုတ်) ခုခံကစားသည့်အသင်းက ၎င်းတို့ ၏ပင်နယ်တီဧရိယာကိုကျော်၍ ကွင်းလယ်စည်းဆီသို့ သယ်ယူကစားသွားသည့်အချိန်အထိ ကစားပွဲတွင် ပါဝင်ကစား ခဲ့လျှင်၊ ထိုကစားသမားကို ဂိုးစည်းပေါ်တွင် လူကျွံအဖြစ်ထည့်သွင်းစဉ်းစားရမည်။ ကစားသမားတစ်ဦးသည် ဒိုင် လူကြီး၏ခွင့်ပြုချက်မရရှိဘဲ ကစားကွင်းမှထွက်ခွာသွားခြင်း၊ ကစားကွင်းအတွင်း သို့ပြန်လည် ဝင်ရောက်လာခြင်း၊ လူကျွံအပြစ်ကျူးလွန်ခြင်းနှင့် အခွင့်သာမှုပေးခြင်းတို့ဖြင့် အရေးမယူရ။ ၎င်းအားသတိပေးခြင်း ပြုရမည်။

တိုက်စစ်ဆင်သည့် ကစားသမားတစ်ဦးသည် ဂိုးတိုင်များနှင့် ဂိုးအတွင်းသို့ ဘောလုံးဝင်ရောက်နေချိန်တွင် ဂိုးအတွင်း ငြိမ်သက်စွာရှိနေလျှင် ဂိုးဝင်သည်ဟု သတ်မှတ်ပေးရမည်။ သို့သော် ထိုကစားသမားသည် လူကျွံအပြစ် ကျူးလွန်ခြင်း၊ ဥပဒေ(၁၂)ပါ ပြစ်မှုများကို ချိုးဖောက်ခြင်းမပြုရ။ ယင်းသို့ချိုးဖောက်ပါက ကစားပွဲကို တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့်ဖြစ်စေ၊ တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့်ဖြစ်စေ ကစားပွဲကို ပြန်လည်စတင်ကစား စေရမည်။

## ဥပဒေ(၁၂)၊ပြစ်မှုဆိုင်ရာများနှင့် မလိုလားအပ်သောအပြုအမူများ (Fouls and Misconduct)

တိုက်ရိုက်အလွတ်တည်ကန်ခြင်းနှင့် တစ်ဆင့်အလွတ်တည်ကန်ခြင်းများနှင့် ပင်နယ်တီကန်ခြင်းများကို ဘောလုံးကစားနေဆဲ (ကစားမှုအထမြောက်နေဆဲ) အချိန်တွင် ကစားသမားတစ်ဦးက အပြစ်ကျူးလွန်ခြင်း အတွက်သာ အပြစ်ပေးအရေးယူနိုင်သည်။

### ၁။ တိုက်ရိုက်အလွတ်တည်ကန်ခြင်း

ကစားသမားတစ်ဦးသည် တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးအပေါ် အောက်ပါအပြစ်များကို ကျူးလွန်မှုကြောင့် အပြစ်ပေးရခြင်းဖြစ်သည်။ အပြစ်ကျူးလွန်ရာတွင် ထိုကစားသမား၏ အပြုအမူသည် (၁) သတိမမူခြင်းကြောင့်ဖြစ်စေ၊ (၂) မဆင်ခြင်ခြင်းကြောင့်ဖြစ်စေ၊ (၃) လိုအပ်သည့်အင်အားထက် ပိုမိုသုံးစွဲကျူးလွန်သည်ဟု ဒိုင်လူကြီးကယူဆလျှင် အပြစ်ပေးရမည်။

(၁) တစ်ဖက်ကစားသမားကို တိုက်ခိုက်ခြင်း၊ (Changes)

(၂) တစ်ဖက်ကစားသမားဆီသို့ခုန်ဝင်ခြင်း၊ (Jumps at)

(၃) တစ်ဖက်ကစားသမားအားကန်ခြင်း(သို့မဟုတ်) ကန်ရန်ကြိုးစားခြင်း၊ (Kicks or attempts to kick)

(၄) တစ်ဖက်ကစားသမားအား တွန်းခြင်း၊(Pushes)

(၅) တစ်ဖက်ကစားသမားအား ထိုး/ရိုက်ခြင်း၊ ထိုး/ရိုက်ရန်ကြိုးစားခြင်း (ဦးခေါင်းနှင့်တိုက်ခြင်း အပါအဝင်)၊ (Strikes or attempts to strike(mcluding head–butt)

(၆) တစ်ဖက်ကစားသမားအား ခြေဖြင့်ဝင်လုခြင်း၊ ဖျက်ထုတ်ခြင်းနှင့် ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်း ( ဥပမာ–ဒူးခေါင်း)နှင့် နည်းစနစ်တွင် မပါဝင်သည့် လုယူကစားခြင်းမျိုး၊ (tackleသည်ခြေဖြင့် လုယူ

ကစားခြင်းဖြစ်ပြီး၊ Challenges သည် ကိုယ်ခန္ဓာ၏အခြားအစိတ်အပိုင်းဖြင့် လုယူကစားခြင်းဖြစ်သည်။

(၇) တစ်ဖက်ကစားသမားအား လဲကျစေခြင်း (သို့မဟုတ်) လဲကျစေရန်အားထုတ်ခြင်း။ (trips or attempts to trip)

အကယ်၍ ကစားသမားတစ်ဦး၏ အပြစ်ကျူးလွန်မှုသည် အခြားသောကစားသမားနှင့် ကိုယ်ကာယခြင်း ထိမိ/တိုက်မိသည်အထိ အပြစ်ကျူးလွန်ခဲ့လျှင် တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၁) သတိမမူခြင်း (careless) ဆိုသည်မှာ ဂရုမစိုက်ခြင်း (သို့မဟုတ်) ယှဉ်ပြိုင်ကစားသည့်အခါတွင် တွေး တောဆင်ခြင်မှုမရှိဘဲ ကစားခြင်း(သို့မဟုတ်) ထိုကစားသမား၏အမူအယာသည် ကြိုတင်ကြံစည် မှုမျိုးမရှိခဲ့ဟု ဒိုင်လူကြီးကယူဆလျှင် သတိမမူဘဲ ကစားခြင်းဖြစ်သည်။ ယင်းပြစ်မှုအတွက် ဒိုင်လူ ကြီးက အပြစ်ပေးရန်သာလိုအပ်ပြီး စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုး ပြုလုပ်ရန်မလိုပါ။

(၂) မဆင်ခြင်ခြင်း (Rackless)ဆိုသည်မှာ ကစားသမားတစ်ဦးပြုမူသည့် ပြစ်မှုသည် ယှဉ်ပြိုင်ဘက် ကစားသမားအပေါ် လေးစားမှုလည်းမရှိ၊ ဂရုလည်းမူဘဲ အန္တရာယ်ဖြစ်အောင် (သို့မဟုတ်) အကျိုး သက်ရောက်အောင် ကစားခြင်းဖြစ်သည်။ဤအပြစ်ကျူးလွန်မှုအတွက် စည်းကမ်းပိုင်းဆိုင်ရာ အရေး ယူမှုအဖြစ် အဝါကတ်ပြ၍ သတိပေးရမည်။

(၃) လိုအပ်သည့် အင်အားထက်ပိုမိုအသုံးပြုကစားခြင်း (using Excessive force)ဆိုသည်မှာ ကစားသ မားသည် လိုအပ်သည်ထက်အင်အားကို အသုံးပြုခြင်းကြောင့် ပြိုင်ဘက်ကစားသမားအား အန္တရာယ် ရှိသော ဒဏ်ရာရရှိအောင် ကစားခြင်းဖြစ်သည်။ ဤအပြစ်ကို ကျူးလွန်သူအား အနီကတ် ပြ၍ ကစား ကွင်းမှ ထုတ်ပယ်ရမည်။

ကစားသမားတစ်ဦးသည် အောက်ပါအချက်များကို ကျူးလွန်ပါကလည်း တိုက်ရိုက်အလွတ် တည်ကန်ခြင်း ဖြင့် အပြစ်ပေးရမည်။

(၁) လက်ထိဘောဥပဒေကို ကျူးလွန်ခြင်း (ဂိုးသမားကရင်း၏ ပင်နယ်တီဧရိယာအတွင်း အပြစ်ကျူးလွန် ခြင်းမှအပ) ။

(၂) တစ်ဖက်အသင်းမှ ကစားသမားအား ဆွဲထား/ဖက်ထားခြင်း။

(၃) တစ်ဖက်အသင်းမှ ကစားသမားအား လူခြင်းထိ၍ ဟန့်တားခြင်း။

(၄) အသင်းလူစာရင်းတွင်ပါဝင်သူများ (သို့မဟုတ်) ပြိုင်ပွဲတာဝန်ရှိသူတစ်ဦးဦး အားကိုက်ခြင်း၊ တံတွေး ဖြင့်ထွေးခြင်း။

(၅) ဘောလုံး၊ တစ်ဖက်ကစားသမား၊ တာဝန်ကျဒိုင်လူကြီးတို့အား အရာဝတ္ထုတစ်ခုဖြင့်ပစ်ပေါက်ခြင်း (သို့မဟုတ်) လက်တွင်ကိုင်ထားသော အရာဝတ္ထုတစ်ခုဖြင့် ဘောလုံးကိုပစ်ပေါက်ခြင်း။

*ဥပဒေ(၃)ပါ ပြစ်မှုများကိုလည်းကြည့်ပါ။*

**ဘောလုံးကိုထိကိုင်ခြင်း**

လက်နှင့်ထိကိုင်ခြင်းပြစ်မှုဖြစ်/မဖြစ်ဆုံးဖြတ်ရာတွင် လက်မောင်း၏အထက်ပိုင်းသည် ဂျိုင်းအောက်နှင့် တစ်တန်းတည်းရှိရမည်။ ကစားသမားတစ်ဦး၏ လက်/လက်အစိတ်အပိုင်းကို ဘောလုံးနှင့် ထိသည့်အခါတိုင်းသည် ပြစ်မှုမမြောက်ပါ။

ကစားသမားတစ်ဦးသည် အောက်ပါအချက်များကို ပြုလုပ်လျှင် ဥပဒေချိုးဖောက်ခြင်းဖြစ်သည်။

(၁) ဘောလုံးကို လက်/လက်မောင်းတို့ဖြင့် တမင်ရည်ရွယ်၍ ထိကိုင်ခြင်း၊ ဥပမာအားဖြင့် (ဘောလုံးဆီသို့ လက်/လက်မောင်းများဖြင့် ရွေ့လျားခြင်း)။


(၂) ၎င်းတို့၏ခန္ဓာကိုယ်ကိုသဘာဝမကျဘဲကြီးမားအောင်ပြုလုပ်၍ကစားးသမားတစ်ဦးသည် လက်/ လက် မောင်းအသုံးပြု၍ ဘောလုံးအားထိခြင်း။ ၎င်းခန္ဓာကိုယ်အား သဘာဝမကျဘဲ ကြီးမားအောင် ပြုလုပ်ခြင်းအားစဉ်းစားရာတွင် ၎င်း၏လက်လက်မောင်း၏ အနေအထားသည် / ကစားသမား၏ အနေအထားသည် ကစားသးမား၏ ကိုယ်ခန္ဓာအနေအထားလှုပ်ရှားမှုနှင့် ဆက်စပ်မှုမရှိဟု တွေ့ရှိပါ က သဘာဝမကျဘဲ ခန္ဓာကိုယ်ကြီးမားအောင် လုပ်ဆောင်သည်ဟု စဉ်းစားရမည်။ ယင်းကဲ့သို့သော အနေအထားမျိုးတွင် ကစားသမားသည် ၎င်း၏လက်လက်မောင်းတို့အပြင် ဘောလုံးအား ဥပဒေကို အလေးမထားဘဲ / လက်မောင်းတို့အပြင် ထိခဲ့လျှင်အရေးယူခြင်းခံရမည်။/လက်

(၃) ပြိုင်ဘက်ဂိုးအတွင်းသို့ဂိုးသွင်းယူခြင်း

- တစ်ဖက်အသင်း၏ဂိုးထဲသို့ လက်/လက်မောင်းတို့ဖြင့် တိုက်ရိုက်ဂိုးသွင်းရယူခြင်း၊ (မတော်တဆ သွင်းမိစေကာမူ)။ ဂိုးသမားက တိုက်ရိုက်ပစ်သွင်းခြင်း အပါအဝင်။

- လက်/လက်မောင်းတို့ဖြင့်ဘောလုံးအားထိမိပြီးနောက်ရုတ်တရက်ချက်ခြင်းဂိုးသွင်းယူခဲ့လျှင်( မတော်တဆဆိုလျှင်တောင်မှ)

ဂိုးသမားသည် ၎င်း၏ ပင်နယ်တီဧရိယာပြင်ပတွင် ဘောလုံးကို ဖမ်းယူကိုင်တွယ်ခွင့်မရှိပါ။ ပင်နယ်တီဧရိယာ ပြင်ပတွင် အခြားသော ကစားသမားများကို အရေးယူသကဲ့သို့ပင် အရေးယူရမည်။ ဂိုးသမားသည် ၎င်း၏ ပင်နယ် တီဧရိယာအတွင်း ဥပဒေမှခွင့်ပြုမထားသည့် ဘောလုံးကို ကိုင်တွယ်ခြင်းများအတွက် ၎င်းအား တစ်ဆင့် အလွတ် တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။ သို့သော် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုးဖြင့် အရေးယူ ရန်မလိုပါ။သို့သော်လည်း ပြန်လည်စတင်ကစားပြီးနောက် အခြားကစားသမားတစ်ဦးတစ်ယောက်မထိမီ ဒုတိယ အကြိမ်ဘောလုံးအား ကစားခဲ့ပါက( လက်နှင့် သို့မဟုတ် လက်/လက်မောင်းအစိတ်အပိုင်းမဟုတ်ဘဲနှင့် ) အကယ်၍ ပြစ်မှုသည် တိုက်စစ်အခွင့်အရေးကောင်းပျက်ပြယ်ခဲ့လျှင် သို့မဟုတ် ပြိုင်ဘက်အသင်း၏ဂိုးတစ်ဂိုး သို့မဟုတ် သေချာ ပေါက်ဂိုးရရှိနိုင်သောအခွင့်အရေးအားပျက်ပြယ်စေခဲ့လျှင် ဂိုးသမားအားအပြစ်ပေးအရေးယူရမည်။




## ၂။ တစ်ဆင့်အလွတ်တည်ကန်ခြင်း

ကစားသမားတစ်ဦးသည် အောက်ပါအချက်များကို ကျူးလွန်ခဲ့လျှင် တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၁) အန္တရာယ်ဖြစ်လောက်အောင် ပြုမူကစားခြင်း

(၂) တစ်ဖက်ကစားသမားတစ်ဦး၏ ကစားမှုကို ကိုယ်ကာယခြင်းထိခိုက်မှုမရှိစေဘဲ ပိတ်ဆို့တားဆီး ခြင်း။

(၃) သဘောထားကွဲလွဲခြင်း၊ ဥပဒေချိုးဖောက်ခြင်း၊ စော်ကားခြင်း (သို့မဟုတ်) ဆဲရေးတိုင်းထွာခြင်း၊ လက်ခြေအမူအယာများပြသခြင်း၊ နှုတ်အားဖြင့် ပြောဆိုခြင်းများသည် အပြစ်ကျူးလွန် ခြင်းများ ပင်ဖြစ်သည်။

(၄) ဂိုးသမား၏ လက်ဝယ်ရှိ ဘောလုံးကို လွှတ်ထုတ်ခြင်း မပြုနိုင်စေရန် ပြုလုပ်ခြင်း၊ ဂိုးသမားက ဘော လုံးကို လွှတ်ထုတ်ခြင်း ပြုလုပ်နေစဉ် ဘောလုံးကိုကန်ခြင်း၊ ကန်ရန်ကြိုးစားခြင်း။

(၅) ဂိုးသမားထံသို့ တမင်ရည်ရွယ်လှည့်ဖျားသည့်သဘောဖြင့် ဥပဒေကို ချိုးဖောက်၍ ဦးခေါင်း၊ ရင်ဘတ်၊ ဒူးတို့ဖြင့် အကွက်ဆင်၍ ပြန်ပေးခြင်း (အလွတ်တည်ကန်ဘောများ သို့မဟုတ် ဂိုးမှတည်ကန် ဘောများ အပါအဝင်) ဂိုးသမားက သူ၏လက်ဖြင့် ဘောလုံးကို ထိမိသည်ဖြစ်စေ၊ မထိမိသည်ဖြစ်စေ။ အကယ်၍ တမင်ရည်ရွယ်လှည့်ဖျားသည့်သဘောဖြင့် ဥပဒေကို ချိုးဖောက်ခြင်းအား ဂိုးသမားမှ စတင်ခဲ့လျှင် ဂိုးသမားအားအဝါကတ်ပြသရမည်။

(၆) ဘောလုံးဥပဒေတွင် ဖော်ပြမထားသော အခြားပြစ်မှုမျိုးကို ကျူးလွန်ခြင်းများအတွက် အပြစ်ရှိသည့် ကစားသမားကို သတိပေး၊ ထုတ်ပယ်ခြင်းပြုလုပ်ရန် ကစားပွဲကို ရပ်ဆိုင်းရသည့် အပြစ်ကျူးလွန် မှု များ ပြုလုပ်ခြင်း။

ဂိုးသမားတစ်ဦးသည်၎င်း၏ ပင်နယ်တီဧရိယာအတွင်း အောက်ပါပြစ်မှုမျိုးကို ကျူးလွန်လျှင် တစ်ဆင့်အ လွတ် တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၁) ဂိုးသမားသည် ဘောလုံးကို ပိုင်နိုင်စွာဖမ်းမိပြီးနောက် ဘောလုံးကို မလွှတ်ထုတ်မီ (၆ စက္ကန့်) ထက် ပို၍ လက်/<u>လက်မောင်း</u>တို့ဖြင့် ကိုင်တွယ်ထားခြင်း။

(၂) ဘောလုံးကို လွှတ်ထုတ်ပြီးနောက် အခြားကစားသမားတစ်ဦးနှင့်မှ မထိမီ ဘောလုံးကို လက်/<u>လက် မောင်း</u> ဖြင့် ထိကိုင်ခြင်း။

(၃) <u>ကစားပွဲ အထမြောက်စေရန် ဘောလုံးကို လွှတ်ထုတ်ရာတွင် သိသာစွာကန်ခြင်း (သို့မဟုတ်) ကန်ရန် ကြိုးစားခြင်းတို့မှအပ ဂိုးသမားသည် လက်/လက်မောင်းဖြင့် ဘောလုံးကို ထိကစားခြင်း။</u>

(က) မိမိအသင်းသားတစ်ဦးက ဂိုးသမားထံသို့ တမင်ရည်ရွယ်၍ ကန်ပေးခြင်း၊

(ခ ) မိမိအသင်းသားတစ်ဦးက ပစ်သွင်းဘော ပစ်သွင်းခြင်းကို တိုက်ရိုက်ရယူကိုင်တွယ်ခြင်း။

ဂိုးသမားတစ်ဦးအဖို့ ဘောလုံးကို လက်ဖြင့်ပိုင်နိုင်စွာ ထိန်းသိမ်းထားသည်ဟု အောက်ပါအနေအထားမျိုးတွင် ဆုံးဖြတ်ရမည်။

(၁) ဘောလုံးသည် ဂိုးသမား၏လက်များတွင်ရှိနေလျှင် (သို့မဟုတ်) လက်နှင့်အခြားသော မည်သည့် မျက်နှာပြင်များအကြားတွင် ရှိနေလျှင် (ဥပမာ– မြေကြီးနှင့်ဂိုးသမား၏ ကိုယ်ခန္ဓာအကြား) (သို့မ ဟုတ်) ဂိုးသမား၏ မည်သည့်လက်/လက်မောင်း အစိတ်အပိုင်းတစ်ခုခုဖြင့် ဘောလုံးကို ထိထား ချိန်များတွင်ဖြစ်သည်။ (ဂိုးသမားနှင့်ထိ၍ ပြန်ထွက်လာသော ဘောလုံးနှင့် ဂိုးသမားက ကာကွယ် လိုက်၍ ထွက်လာသော ဘောလုံးမျိုးမှအပ)။

(၂) ဘောလုံးကို ဂိုးသမား၏ ဆန့်တန်းထားသောလက်များဖြင့် ထိကိုင်ထားလျှင်

(၃) ဂိုးသမားက ဘောလုံးကို မြေပြင်ပေါ်သို့ လက်ဖြင့်ပုတ်ခြင်း (သို့မဟုတ်) လေထဲတွင်ဘောလုံးကို မြှောက်ပစ်ခြင်း။

ဂိုးသမားသည် ဘောလုံးကိုလက်ဖြင့် ထိန်းသိမ်းပိုင်ဆိုင်ထားချိန်တွင် တစ်ဖက်အသင်းမှ ကစားသမား တစ်ဦး သည် ဝင်ရောက်လုယူခွင့်မရှိပါ။

## **<u>အန္တရာယ်ဖြစ်စေနိုင်သည့် အပြုအမူဖြင့် ကစားခြင်း</u>**

အန္တရာယ်ဖြစ်အောင် ပြုမူကစားခြင်းဆိုသည်မှာ ကစားသမားတစ်ဦးသည် ဘောလုံးကိုရယူကစားရန် ကြိုး စားနေချိန်တွင် အခြားသော ကစားသမားတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊(မိမိကိုယ်တိုင်ကိုဖြစ်စေ)၊ အနာတရ ဖြစ်စေ လောက်အောင် ပြုလုပ်သည့် မည်သည့်ပြုမူကစားခြင်းကိုမဆို သတ်မှတ်သည်။ ထို့ပြင် မိမိအနားတွင်ရှိနေ သော တစ်ဖက်အသင်းမှ ကစားသမားကို ထိခိုက်မိခြင်း၊ အနာတရဖြစ်မည်ကို စိုးရွံ့ခြင်းကြောင့် တစ်ဖက် ကစားသမားက မကစားရဲအောင် ပြုမူလျှင်လည်း ဤပြစ်မှုကို ကျူးလွန်ခြင်းပင်ဖြစ်သည်။

ကတ်ကြေးကိုက်ကန်ခြင်း (Scissory) သို့မဟုတ် စက်ဘီးစီးကန်ခြင်း (Bicycle kick) များကို ဒိုင်လူကြီးက တစ်ဖက်အသင်းမှ ကစားသမားကို အန္တရာယ်မဖြစ်နိုင်ဟု ယူဆမှသာ ခွင့်ပြုရမည်။

<u>တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးကို ကိုယ်ကာယခြင်း မထိခိုက်စေဘဲ ပိတ်ဆို့တားဆီးခြင်း</u>

တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးကို ကိုယ်ကာယခြင်း မထိခိုက်စေဘဲ ပိတ်ဆို့တားဆီးခြင်း ဆိုသည်မှာ ကစားသမားနှစ်ဦးတို့သည် ကစားနိုင်သည့် အကွာအဝေးတွင် မရှိသည့်အခါမျိုး၌ တစ်ဖက် ကစားသမား ၏ ပြေးလမ်းကို ဟန့်တားခြင်း၊ တားဆီးခြင်း၊ ပိတ်ဆို့ခြင်း၊ အရှိန်ပျက်စေခြင်း၊ ဦးတည်ချက် ပြောင်းသွားအောင် ပြု လုပ်ခြင်းဖြင့် တစ်ဖက်အသင်းမှ ကစားသမားကို ဘောလုံးရယူကစားနိုင်ခြင်း မရှိအောင် ပြုမူကစားခြင်းဖြစ်သည်။

ကစားသမားအားလုံးသည် ကစားကွင်းအတွင်း၌ မိမိရောက်ရှိနေသည့် အနေအထားအရ ကစားကွင်းအတွင်း ပြေးလွှားလှုပ်ရှားကစားခွင့်ရှိသည်။ သို့သော်လည်းကစားသမားတစ်ဦး၏ လှုပ်ရှားသည့် လမ်းကြောင်းသည် တစ်ဖက် မှ ကစားသမားလှုပ်ရှားလာမည့် လမ်းကြောင်းနှင့် တူညီခြင်း မရှိသလို၊ ပိတ်ဆို့ခြင်းလည်း မဖြစ်စေရ။

ဘောလုံးကို လက်ဝယ်ပိုင်ဆိုင်ရရှိထားသော ကစားသမားတစ်ဦးသည် ဘောလုံးကို ကထား၍ ကစားခြင်းကို ဥပဒေမှခွင့်ပြုထားသည်။ သို့သော် ထိုကစားသမားသည် တစ်ဖက်မှ ကစားသမားနှင့် ဘောလုံးအကြားတွင် ကစားနည်းပရိယာယ်အရ ဘောလုံးကို ကစားနိုင်မည့် အကွာအဝေးတွင် ရှိနေရမည်။ ထိုသို့ ကာထားရာတွင် အချိန်မည်မျှကြာမြင့်အောင် ကာရံထားနိုင်သည်ဟု သတ်မှတ်ချက်မရှိစေကာမူ တစ်ဖက်ကစားသမားကို လက်/ကိုယ်ခန္ဓာတို့ဖြင့် ဆွဲထားခြင်း၊ တွန်းထားခြင်းမပြုသမျှ စည်းကမ်းပိုင်းဆိုင်ရာ အပြစ်ကျူးလွန်ခြင်း မဟုတ်ပါ။

ဘောလုံးကိုကစားနိုင်သည့် အကွာအဝေးတွင်ရှိနေလျှင် ကစားသမားတစ်ဦးကို ပြိုင်ဘက်ကစားသမား တစ်ဦး ကို ပြိုင်ဘက်ကစားသမားက တရားမျှတစွာ ကိုယ်ကာယခြင်း(ပုခုံးခြင်း) တွန်းတိုက် ကစားနိုင်သည်။

## ၃။ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်း

ဒိုင်လူကြီးသည် ကစားပွဲမစတင်မီ ကြိုတင်စစ်ဆေးရန်အတွက် ကစားကွင်းအတွင်းသို့ စတင်ဝင်ရောက်လာချိန်မှစ၍ ကစားပွဲပြီးဆုံးသွားပြီးနောက် (ပင်နယ်တီအမှတ်မှ ကန်ခြင်းအပါအဝင်) ကစားကွင်းမှထွက်ခွာ သွား သည့်အချိန်အထိ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ ပြုလုပ်ရန် အခွင့်အာဏာရှိသည်။

အကယ်၍ ကစားပွဲစတင်ရန် ကစားကွင်းအတွင်းသို့ မဝင်မီတွင် ကစားသမာတစ်ဦး (သို့မဟုတ်) အသင်း၏တာဝန်ရှိသူတစ်ဦးက ထုတ်ပယ်ရမည့် အပြစ်ကို ကျူးလွန်ပါက ထိုကစားသမားနှင့် <u>အသင်း၏တာဝန်ရှိသူ</u>ကို ထိုကစားပွဲတွင် ပါဝင်ခြင်းမပြုစေရန် တားဆီးပိုင်ခွင့်ရှိသည်။ ***(ဥပမာ ၃-၆-ကိုကြည့်ပါ)။*** ဒိုင်လူကြီးသည် မလိုလား အပ်သော မည်သည့်ချိုးဖောက်မှုမျိုးကိုမဆို သက်ဆိုင်ရာအဖွဲ့အစည်းသို့ တင်ပြအစီရင်ခံရမည်။

ကစားသမားတစ်ဦး (သို့မဟုတ်) အသင်း၏ တာဝန်ရှိသူတစ်ဦးသည် သတိပေးရမည့် ပြစ်မှုမျိုး (သို့မဟုတ်) ထုတ်ပယ်ရမည့် ပြစ်မှုမျိုးကို ကစားကွင်းအတွင်း (သို့မဟုတ်) ကစားကွင်းပြင်ပတွင် ကျူးလွန်ခဲ့လျှင် ကျူးလွန်သည့် ပြစ်မှုအပေါ်မူတည်၍ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုးဖြင့် အရေးယူရမည်။

အဝါကတ်သည် သတိပေးခြင်း (caution) ဖော်ဆောင်၍ အနီကတ်သည် ထုတ်ပယ်ခြင်း (sending-off) အဖြစ် ဖော်ဆောင်သည်။

အဝါကတ်နှင့် အနီကတ်များကို ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားနှင့် <u>အသင်း၏တာဝန်ရှိသူ</u>တို့ကိုသာ ပြသခွင့်ရှိသည်။

<u>ကစားသမားများ၊ အရံကစားသမားများ၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားများ။</u>

<u>ကစားပွဲပြန်လည်စတင်ကစားရန် နှောင့်နှေးစေခြင်းအတွက် ကတ်ပြားတစ်ခုပြသခြင်း</u>

ဒိုင်လူကြီးက ကစားသမားတစ်ဦးကို သတိပေးရန် (အဝါကတ်) သို့မဟုတ် ထုတ်ပယ်ရန် (အနီကတ်) ပြသရန်ဆုံးဖြတ်ခဲ့လျှင် လိုအပ်သည့် အရေးယူမှုမျိုး (အဝါ/အနီကတ်) ပြသအရေးယူပြီးမှသာ ကစားပွဲကို ပြန်လည်စတင်ကစားစေရမည်။ <u>အပြစ်ကျူးလွန်ခြင်း မဟုတ်သည့် အသင်း (အပြစ်ကျူးလွန်ခြင်းခံရ သည့်အသင်း) က အလွတ်တည်ကန်ခြင်းကို အမြန်ကန်ပြီး သိသာထင်ရှားသည့် ဂိုးရရှိမှု အခွင့်အရေး ရှိနေချိန်တွင် ဒိုင်လူကြီးကလည်း စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုး မပြုလုပ်ခဲ့လျှင် ထိုဂိုးရရှိမှု အခွင့်အရေးကို တစ်ဖက်အသင်းက တားဆီးခဲ့သော် ထိုတားဆီးသူအား နောက်တစ်ကြိမ်ဘောလုံး ကစားမှုရပ်ဆိုင်းသွားချိန်တွင် သတိပေးခြင်း (အဝါကတ်) ပြခြင်းဖြင့် အရေးယူမည်။</u>

**အခွင့်သာမှုပေးခြင်း**

ပြစ်တစ်ခုကျူးလွန်မှုအပေါ် ဒိုင်လူကြီးက အဝါကတ်၊ အနီကတ် ပြသရန်ရှိသော်လည်း အခွင့်သာမှုပေး၍ ဆက်လက်ကစားစေခဲ့လျှင် ဘောလုံးကစားမှု နောက်တစ်ကြိမ်ရပ်ဆိုင်းသွားချိန်၌ အပြစ်ကျူးလွန်သူကို အဝါကတ်/အနီကတ် ပြသရမည်။ (ကစားသမားတစ်ဦးက သိသာထင်ရှားသည့် ဂိုးရရှိနိုင်မှု အခွင့်အရေးကောင်းကို တားဆီးသဖြင့် ကစားသမားကောင်း မပီသသည့် အပြုအမူဖြင့် သတိပေးရမည်ဖြစ်ပြီး၊ တိုက်စစ်အခွင့်အရေးကောင်း ပျက်ပြယ်စေရန်နှောင့်ယှက်ခြင်း သို့မဟုတ် ပျက်ပြယ်စေခဲ့လျှင် သတိပေးစရာမလိုပေ။

အခွင့်သာမှုပေးခြင်းကို ဒိုင်လူကြီးများသည် (၁) ကြီးလေးသောအပြစ်ကိုကျူးလွန်ခြင်း၊ (၂) ဆိုးသွမ်းရိုင်းပျသည့် အပြုအမူကို ပြုမူခြင်း၊ (၃) ဒုတိယအကြိမ် အဝါကတ်အပြခံရခြင်းတို့မှတစ်ပါး (သိသာထင်ရှားသည့် ဂိုးတစ်ဂိုးရရှိရန် ရှိနေခြင်းမှအပ) အခွင့်သာမှုပေးခြင်းကို မပြုသင့်ပါ။ ဒိုင်လူကြီးသည် ဘောလုံးကစားမှု နောက်တစ်ကြိမ်ရပ်ဆိုင်းသွားချိန်တွင် ထိုကစားသမားကို ထုတ်ပယ်ရမည်။ သို့သော် ထိုကစားသမားသည် ဘောလုံးကို ကစားခြင်း၊ လုယူဖျက်ထုတ်ခြင်း၊ တစ်ဖက်ကစားသမားကို အနှောက်အယှက်ပေးခြင်းပြုပါက ဒိုင်လူကြီးသည် ကစားပွဲကို ရပ်ဆိုင်းပြီး ထိုကစားသမားကို ထုတ်ပယ်ကာ တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် ပြန်လည်စတင် ကစားစေရမည်။ (ထိုကစားသမားက ပိုမိုကြီးလေးသော အပြစ်ကိုကျူးလွန်ခြင်းမှအပ)။

ခုခံကစားသည့် ကစားသမားတစ်ဦးက တစ်ဖက်မှ တိုက်စစ်ဆင်ကစားသူတစ်ဦးကို ပင်နယ်တီဧရိယာ အပြင်ဘက်တွင် ဆွဲထားရာမှ ပင်နယ်တီဧရိယာအတွင်းသို့ ရောက်သည်အထိ ဆက်လက်ဆွဲထားလျှင် ပင်နယ်တီကန်ခြင်း ဖြင့်အပြစ်ပေးရမည်။

<u>**သတိပေးရမည့် အပြစ်ကျူးလွန်မှုများ**</u>

ကစားသမားတစ်ဦးသည် အောက်ပါအပြစ်များကို ကျူးလွန်လျှင် အဝါကတ်ပြ သတိပေးရမည်။

(၁) ဘောလုံးကစားမှု ပြန်လည်စတင်ရန် နှောင့်နှေးကြန့်ကြာစေခြင်း။

(၂) ကိုယ်နှုတ်အမူအယာဖြင့် မကျေနပ်ကြောင်း ပြုမူပြောဆိုခြင်း။

(၃) ဒိုင်လူကြီး၏ ခွင့်ပြုချက်မရဘဲ ကစားကွင်းအတွင်းသို့ ဝင်ရောက်ခြင်း၊ ပြန်လည်ဝင်ရောက်ခြင်း၊ ကစားကွင်းမှ တမင်ရည်ရွယ်၍ ထွက်ခွာသွားခြင်း။

(၄) ထောင့်ကန်ဘော၊ အလွတ်တည်ကန်ဘောများ၊ပစ်သွင်းခြင်းများဖြင့် ပြန်လည်စတင်ကစားရမည့် အချိန်များတွင် သတ်မှတ်ထားသော အကွာအဝေးတွင်ရှိနေရန် မလိုက်နာခြင်း။(ထောင့်ကန်ဘော ၉.၁၅ မီတာ၊ အလွတ်တည်ကန်ဘောများ ၉.၁၅ မီတာ၊ ပစ်သွင်းဘော ၂ မီတာ)

(၅) ဘောလုံးဥပဒေများကို အကြိမ်ကြိမ်ကျူးလွန်နေခြင်း၊ (တိကျသော အရေအတွက် နှင့် ပုံသဏ္ဍာန် သီးခြား မရှိပါ)။

(၆) အားကစားသမား စိတ်ဓာတ်ကင်းမဲ့သည့် အပြုအမူများ ပြုလုပ်ခြင်း။

(၇) ဒိုင်လူကြီးများ ဗီဒီယိုကြည့်ရှုသည့်အခန်း (RRA)အတွင်းသို့ ဝင်ရောက်လာခြင်း။

(၈) ဗီဒီယိုအကူဒိုင်လူကြီး၏ (VAR)၏ တီဗီဖန်သားပြင်ကို အလွန်အမင်း အချိန်ကြာမြင့်စွာကြည့်ရှုခြင်း။

**အရံကစားသမားတစ်ဦးနှင့် လူစားလဲခြင်းခံရပြီးသည့် ကစားသမားသည်အောက်ပါပြစ်မှုများကို ကျူးလွန်ပါက သတိပေးရမည်။**

(၁) ဘောလုံးကစားမှု ပြန်လည်စတင်ရန် နှောင့်နှေးအောင် ပြုလုပ်ခြင်း။

(၂) ကိုယ်နှုတ်အမူအယာဖြင့် မကျေနပ်ကြောင်း ပြုမူပြောဆိုခြင်း။

(၃) ဒိုင်လူကြီး၏ ခွင့်ပြုချက်မရရှိဘဲ ကစားကွင်းအတွင်းသို့ ဝင်ရောက်လာခြင်း (သို့မဟုတ်) ပြန်လည်ဝင်ရောက်ခြင်း။

(၄) အားကစားသမား စိတ်ဓာတ်ကင်းမဲ့သည့် အပြုအမူများပြုမူခြင်း။

(၅) ဒိုင်လူကြီးများ ဗီဒီယိုကြည့်ရှုသည့် အခန်း(RRA)သို့ ဝင်ရောက်ခြင်း။

(၆) တီဗီအကူဒိုင်လူကြီး၏ (VAR)၏ ဖန်သားပြင်ကို အလွန်အမင်းအချိန်ကြာမြင့်စွာကြည့်ရှုခြင်း။

သတိပေးရမည့်ပြစ်ချက်တစ်ခုကို နီးကပ်စွာဆက်၍ ဖြစ်ပွားစေကာမူ၊ ထိုအပြစ်နှစ်ခုကို သီးခြားစီ အဝါကတ်နှစ်ခုအဖြစ် သတိပေးရမည်။ ဥပမာ–ကစားသမားတစ်ဦးသည် ဒိုင်လူကြီး၏ ခွင့်ပြုချကမရဘဲ ကစားကွင်းအတွင်းသို့ ဝင်ရောက်လာပြီး မဆင်မခြင်ပြုမူသည့်အပြစ် (reckless tackle) (သို့မဟုတ်) တိုက်စစ်ကောင်းတစ်ရပ် ကစားလာခြင်း (Promising attack)အပေါ် ပြစ်မှုတစ်ခု ကျူးလွန်ခြင်း (သို့မဟုတ်) ဘောလုံးကို လက်ဖြင့်ထိကိုင်ခြင်းပြုပါက

(၁) ဒိုင်လူကြီး၏ ခွင့်ပြုချက်မရဘဲ ကစားကွင်း အတွင်းဝင်ရောက်လာခြင်းအတွက် သီးခြားအဝါကတ်တစ်ခုနှင့် အခွင့် အရေးကောင်းရှိနေသည့် တိုက်စစ်ဆင်လာမှုအပေါ် အပြစ်ကျူးလွန်ခြင်း၊ ဘောလုံးကို လက်ဖြင့်ထိကိုင်ခြင်း အတွက် သီးခြားအဝါကတ်တစ်ခုဖြင့် အရေးယူရမည်။

## <u>အားကစားသမားကောင်းမပီသသည့် အပြုအမူများအတွက် သတိပေးခြင်း</u>

အားကစားသမားတစ်ဦးအပေါ် အားကစားသမားကောင်းမပီသသည့် အပြအမူဖြင့် အရေးယူရမည့် မတူခြား နားသည့် ပတ်ဝန်းကျင် အခြေအနေများ များစွာရှိသည်။

(၁) ဒိုင်လူကြီးအား လိမ်လည်လှည့်ဖျားလိုသော သဘောဖြင့်ဒဏ်ရာအနာရဟန်ဆောင်ခြင်း၊ (သို့မဟုတ်) ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းခံရသကဲ့သို့ ဟန်ဆောင်ခြင်း၊၏

(၂) ကစားနေစဉ်အတွင်း(သို့မဟုတ်) ဒိုင်လူကြီး၏ ခွင့်ပြုချက်မရဘဲ ဂိုးသမားနှင့် နေရာခြင်းလဲလှယ် ကစားခြင်း။ ***(ဥပဒေ ၃ ကိုကြည့်ပါ)။***

(၃) တိုက်ရိုက်အလွတ်တည်ကန်ဘောခြင်းဖြင့် အပြစ်ပေးရမည့် အပြစ်ကျူးလွန်ခြင်းမှ တစ်ချက်ချက်ကို မဆင်မခြင်ပြုမူကစားခြင်း။

(၄) တစ်ဖက်အသင်း၏ တိုက်စစ်ကောင်းတစ်ရပ် ဆင်လာမှုအပေါ် စွက်ဖက်ခြင်း (သို့မဟုတ်) တိုက်စစ် ဆင်ခြင်းမပြုနိုင်စေရန် ဘောလုံးကို လက်ဖြင့်ထိကိုင်ခြင်း။

(၅) အလားအလာကောင်းနေသည့် တိုက်စစ်ကို စွက်ဖက်နှောက်ယှက်ခြင်း (သို့မဟုတ်) ရပ်ဆိုင်းသွားစေ ရန် ပြစ်မှုတစ်ခုကျူးလွန်ခြင်းဖြင့် ဟန့်တားခြင်း (ဘောလုံးကစားရန် အားထုတ်ခြင်းပြုရာတွင် အပြစ်တစ်စုံတစ်ရာကြောင့် ဒိုင်လူကြီးက ပင်နယ်တီကန်ရန်ခွင့်ပြုခြင်းမှအပ)

(၆) တစ်ဖက်အသင်း၏ သိသာသောဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်းကို ကစားရန် ရည်ရွယ်ချက်ဖြင့် ဥပဒေပါ ဟန့်တားကျူးလွန်မိခြင်းအတွက် ဒိုင်လူကြီးက ပင်နယ်တီဖြင့် အပြစ်ပေးခြင်း။

(၇) ဂိုးတစ်ဂိုးရရှိရန်ကြိုးစားရာတွင် ဘောလုံးကိုလက်ဖြင့် ထိကိုင်ခြင်း (ကြိုးစားမှုသည် အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ (သို့မဟုတ်) ဂိုးတစ်ဂိုးကို ကာကွယ်ရာတွင် မအောင်မြင်သော ကြိုးစားမှု)။

(၈) ကစားကွင်းပေါ်တွင် တရားမဝင်စည်းများ ရေးဆွဲခြင်း။

(၉) ကစားကွင်းမှ ထွက်ခွာရန် ဒိုင်လူကြီး၏ ခွင့်ပြုချက်ရရှိပြီးနောက် ဘောလုံးကို ဆက်လက်ကစား ခြင်း။

(၁၀) ကစားပွဲအပေါ် လေးစားမှုကို နည်းပါးသည့် အပြုအမူကို ပြသခြင်း။

(၁၁) ဂိုးသမားထံသို့ တမင်ရည်ရွယ်လှည့်ဖျားသည့်သဘောဖြင့် ဥပဒေကို ချိုးဖောက်၍ ဦးခေါင်း၊ ရင်ဘက်၊ ဒူးတို့ဖြင့် အကွက်ဆင်၍ ပြန်ပေးခြင်း (အလွတ်တည်ကန်ဘောများ သို့မဟုတ် ဂိုးမှတည် ကန်ဘောများ အပါအဝင်) ဂိုးသမားက သူ၏လက်ဖြင့် ဘောလုံးကို ထိမိသည်ဖြစ်စေ၊ မထိမိ သည်ဖြစ်စေ။ အကယ်၍ တမင်ရည်ရွယ်လှည့်ဖျားသည့်သဘောဖြင့် ဥပဒေကို ချိုးဖောက်ခြင်းအား ဂိုးသမားမှစတင်ခဲ့လျှင် ဂိုးသမားအားအဝါကတ်ပြသရမည်။

(၁၂) ပြိုင်ပွဲကစားနေစဉ် (သို့မဟုတ်) ပြန်လည်စတင်ကစားနေချိန်တွင် တစ်ဖက်အသင်းမှ ကစားသမား ကို နှုတ်ဖြင့်ပြောဆိုနှောက်ယှက်ခြင်း။

## ဂိုးတစ်ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံခြင်း

ကစားသမားတစ်ဦးသည် ဂိုးသွင်းလိုက်ပြီးနောက် အောင်ပွဲခံခြင်းကို ပြုလုပ်နိုင်သည်။ သို့သော် ထိုသို့ အောင် ပွဲခံခြင်းသည် လိုအပ်သည်ထက် အလွန်အကြူးမဖြစ်စေရ။ သို့သော် ဘဲလေးကကွက်မျိုးကဲ့သို့ အောင်ပွဲခံ ခြင်း မျိုးသည် အလွန်အချိန်ဖြုန်းတီးရာရောက်သဖြင့် ဒိုင်လူကြီးက ထိုကိစ္စမျိုးကို အားမပေးရ။

အောင်ပွဲခံရန် ကစားကွင်းမှ ထွက်ခွာသွားခြင်းသည် သတိပေးရမည့် အပြစ်ကျူးလွန်မှုမဟုတ်ပါ။ သို့သော် ထိုကစားသမားများသည် ကစားကွင်းအတွင်းသို့ စောနိုင်သမျှ စောစောပြန်ဝင်လာရန် လိုအပ်သည်။

ကစားသမားတစ်ဦးသည် အောင်ပွဲခံရာတွင် အောက်ပါအချက်များကို ကျူးလွန်လျှင် သူသွင်းလိုက်သည့် ဂိုး ကို ခွင့်မပြုစေကာမူ ၎င်းအားသတိပေးရမည်။

(၁) ဂိုးသွင်းအပြီး အောင်ပွဲခံရာတွင် ကစားကွင်းနှင့်ပရိတ်သတ်အကြား ကာရံထားသည့် စည်းရိုးကို ကျော် တက်ခြင်းဖြင့် လုံခြုံရေးအတွက် ထိခိုက်နိုင်သည့် အပြုအမူကို ပြုလုပ်လျှင်၊

(၂) ဒိုင်လူကြီးက ထိုကစားသမား၏ အောင်ပွဲခံမှု ခြေဟန်လက်ဟန် အမူအယာသည် တစ်ဖက်အသင်း အား ပျက်ရယ်ပြုရာရောက်စေအောင် (သို့မဟုတ်) ဒေါသထွက်စေသော လှုံ့ဆော်ရာ ရောက်သည်ဟု ယူဆလျှင်၊

(၃) သူ၏ဦးခေါင်း (သို့မဟုတ်) မျက်နှာကို မျက်နှာဖုံးဖြင့်ဖြစ်စေ (သို့မဟုတ်) အလားတူ အရာဝတ္ထုဖြင့် ဖုံး အုပ်ထားလျှင် (ဒဏ်ရာရရှိခြင်းမရှိအောင် ကာကွယ်ရန်အတွက် မူလကပင် ဒိုင်လူကြီးက ခွင့်ပြုထား သော အခြားအသုံးအဆောင်များ မပါဝင်ပါ)။

(၄) ဂျာစီ (သို့မဟုတ်) ရှပ်အင်္ကျီကိုချွတ်လျှင် (သို့မဟုတ်) ဂျာစီဖြင့် ဦးခေါင်းကိုဖုံးအုပ်ခဲ့လျှင်၊

## ကစားပွဲပြန်လည်စတင်ရန်နှောင့်နှေးအောင်ပြုလုပ်ခြင်း

အောက်ပါအချက်များဖြင့် ကစားပွဲပြန်လည်စတင် နှောင့်နှေးအောင်ပြုသည့် ကစားသမားများအား ဒိုင်လူကြီး သည် အဝါကတ်ပြ သတိပေးရမည်။

(၁) ပစ်သွင်းဘော ပစ်သွင်းရန်နေရာယူပြီး ပစ်သွင်းရန်အသင့်ဖြစ်နေပြီးမှ ရုတ်တရက်ဘောလုံးကို လွှတ် ချ၍ မိမိအသင်းသားတစ်ဦးအား ပစ်သွင်းစေခြင်း၊

(၂) လူစားလဲလှယ်ချိန်တွင် လူစားလဲခြင်းခံရသည့် ကစားသမားသည် ကစားကွင်းအတွင်းမှ အလွန်နှေးကွေးစွာ ထွက်ခွာခြင်း၊

(၃) ကစားပွဲပြန်လည်စတင်ရန် အလွန်အမင်းအချိန်ဆွဲခြင်း၊ (ပစ်သွင်းဘော၊ အလွတ်တည်ကန်ဘောများ ကန်ချိန်စသည်----)။

(၄) ဒိုင်လူကြီးကကစားပွဲကို ရပ်ဆိုင်းလိုက်ချိန်တွင် ဘောလုံးကို အဝေးသို့ကန်ခြင်း၊ အဝေးသို့ ယူဆောင်သွားခြင်း (သို့မဟုတ်) ဘောလုံးကို တမင်တကာထိကိုင်၍ ထိပ်တိုက်ရန်စောင်အောင် လှုံ့ဆော်မှုပြုခြင်း။

(၅) အလွတ်တည်ကန်ဘော ကန်ချိန်တွင် ဒိုင်လူကြီးက ပြန်ကန်ခိုင်းစေရန်ဟူသော တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် တမင်တကာ နေရာမှား၍ တည်ခြင်း။

**<u>ကစားကွင်းမှ ထုတ်ပယ်ရမည့်ပြစ်ချက်များ</u>**

ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားတို့သည် အောက်ပါအပြစ်များကို ကျူးလွန်ပါက အနီကတ်ပြ၍ ကစားကွင်းမှ ထုတ်ပယ်ရမည်။

(၁) တစ်ဖက်အသင်းမှ ရှင်းလင်းပြတ်သားစွာ ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်းကို ပျက်ပြယ်စေရန် ဘောလုံးကို လက်ဖြင့် တမင်ကိုင်တွယ်ခြင်း၊ (ဂိုးသမားသည် မိမိ၏ ပင်နယ်တီဧရိယာအတွင်း ဘောလုံးကို ဖမ်းယူခြင်းမှအပ)။

(၂) တစ်ဖက်အသင်းမှ ရှင်းလင်းပြတ်သားစွာ ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်းကို ရရှိပြီး၊ တိုက်စစ်ဆင်လာခြင်းကို ပျက်ပြယ်စေရန်အတွက် အလွတ်တည်ကန်ခြင်းများဖြင့် အပြစ်ပေးနိုင်သည့် ပြစ်ချက်တစ်ခုကို ကျူးလွန်ခြင်း (အောက်ပါအချက်များမှအပ)။

(၃) ကြီးလေးသော ပြစ်မှုကို ကျူးလွန်ခြင်း (Serious Foul Play)

(၄) တစ်ဦးတစ်ယောက်ကို ပါးစပ်ဖြင့် ကိုက်ခြင်း (သို့မဟုတ်)တံတွေးဖြင့် ထွေးခြင်း။

(၅) ဆိုးသွမ်း ရိုင်းပြသည့်အပြုအမူကို (Violent Conduct)ကျူးလွန်ခြင်း။

(၆) ဥပဒေချိုးဖောက်ခြင်း၊ စော်ကားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်လက်အမူအယာဖြင့် ပြုမူပြောဆိုခြင်း။

(၇) ကစားပွဲတစ်ပွဲအတွင်း ဒုတိယအကြိမ်အဖြစ် အဝါကတ်အပြခံရခြင်း။

(၈) ဗီဒီယိုပြသသည့်အခန်း(VOR) အတွင်းသို့ ဝင်ရောက်ခြင်း။

ကစားသမားတစ်ဦး၊ အရံကစားသမားတစ်ဦး၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားတစ်ဦးသည် အနီကတ်ပြသ၍ ထုတ်ပယ်ခြင်းခံရပါက ကစားကွင်းအနီးပတ်ဝန်းကျင်တွင်ဖြစ်စေ၊ နည်းစနစ်ဧရိယာတွင်ဖြစ်စေ နေထိုင်ခွင့်မရှိပါ။

**<u>ဂိုးတစ်ဂိုး (သို့မဟုတ်) ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ်ကိုတားဆီးခြင်း</u>**

ဂိုးတစ်ဂိုး (သို့မဟုတ်) ဂိုးရရှိနိုင်မည့်အခွင့်အရေးကောင်းတစ်ရပ်ကို တားဆီးသည့်အနေဖြင့် ကစားသမား တစ်ဦးက ဘောလုံးကို လက်ဖြင့်ထိကိုင်သည့်အပြစ်ကျူးလွန်ခဲ့လျှင် ထိုထိကိုင်သည့်နေရာမှနေ၍ ၎င်းအား ကစားကွင်းမှ ထုတ်ပယ်ရမည်။

ကစားသမားတစ်ဦးသည် ၎င်း၏ပြိုင်ဘက်ကစားသမားတစ်ဦးအပေါ်တွင် ဂိုးတစ်ဂိုး (သို့မဟုတ်) ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်း တစ်ရပ်ကို မိမိ၏ ပင်နယ်တီဧရိယာအတွင်း လက်ဖြင့်တားဆီးသည့်ပြစ်မှုကို ကျူးလွန်ပါက ၎င်းအား ပင်နယ်တီကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(က) အကယ်၍ ဘောလုံးကစားရန်အတွက် ပြုမူခြင်းဖြစ်ပါက ၎င်းအား အဝါကတ်ပြ သတိပေးရမည်။

( ခ) အခြားသောအကြောင်းအချက်များဖြစ်ပါက (ဥပမာ– တစ်ဖက်ကစားသမားကို ဖက်ထားခြင်း၊ ဆွဲထား ခြင်း၊ တွန်းခြင်း၊ ဘောလုံးကစားရန် မဖြစ်နိုင်သည့်အနေအထားမျိုး စသည်---) တို့ကို ကျူးလွန်ပါက ထိုကျူးလွန်သူက အနီကတ်ပြ၍ ထုတ်ပယ်ရမည်။

ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့် ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်း ခံရပြီးသည့် ကစားသမားသည် လိုအပ်သော ဒိုင်လူကြီး၏ ခွင့်ပြုချက်ရရှိဘဲ ကစားကွင်းအတွင်းသို့ ဝင်ရောက်လာပြီး ကစားနေမှုနှင့် ကစားနေသည့်ဂိုးရရှိနိုင်မည့် အခွင့်အရေးကောင်း တစ်ရပ်ကို လက်ဖြင့်တားဆီးသည့် ပြစ်မှုကို ကျူးလွန်သူအား ထုတ်ပယ်ရမည့်ပြစ်ချက်ကို ကျူးလွန်သူအဖြစ် သတ်မှတ်၍ အနီကတ်ပြထုတ်ပယ်ရမည်။

ဒိုင်လူကြီးသည် အောက်ပါအနေအထားမျိုးကိုလည်း ထည့်သွင်းစဉ်းစားရမည်။

(က) ပြစ်မှုကျူးလွန်သည့်နေရာနှင့် ဂိုးတိုင်တည်ရှိရာအကွာအဝေး

( ခ) ဘောလုံးကစားနေမှု၏ ဦးတည်ရာလမ်းကြောင်း

( ဂ) ဘောလုံးကို ရယူထားခြင်း (သို့မဟုတ်) ဘောလုံးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ဖြစ်နိုင်သည့် အနေအထား

(ဃ) ခုခံကာကွယ်သည့် ကစားသမားများ အရေအတွက်နှင့် ၎င်းတို့ရှိနေသည့် အနေအထား

**ကြီးလေးသောပြစ်မှုကို ကျူးလွန်ကစားခြင်း (Serious Foul Play)**

ကစားသမားတစ်ဦးသည် ခြေဖြင့်လုယူကစား (Tackle) သည်ဖြစ်စေ၊ အခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြင့် လုယူကစားသည် (Challenge)ဖြစ်စေ၊ တစ်ဖက်အသင်းမှ ကစားသမားတစ်ဦး၏ လုံခြုံမှုကို ထိခိုက်စေလောက်အောင် ကစားခြင်း၊ လိုအပ်သည့်အင်အားထက် အလွန်အကျွံသုံးစွဲ၍ ကစားခြင်း(သို့မဟုတ်) ရက်စက်ကြမ်းကြုတ်စွာ ကစားခြင်းပြုပါက ကြီးလေးသောပြစ်မှုကို ကျူးလွန်ကစားခြင်းပင်ဖြစ်သည်။

မည်သည့်ကစားသမားမဆို ပြိုင်ဘက်ကစားသမားတစ်ဦးဆီသို့ ဘောလုံးကိုရယူရန် လုယူကစားရာတွင် ရှေ့မှနေ၍ ဖြစ်စေ၊ ဘေးမှနေ၍ဖြစ်စေ၊ နောက်မှနေ၍ဖြစ်စေ၊ ခြေတစ်ချောင်း (သို့မဟုတ်) ခြေနှစ်ချောင်းဖြင့် လိုအပ်သည်ထက် အင်အားကို ပိုမိုသုံးစွဲ၍ တစ်ဖက်အသင်းသား၏ လုံခြုံရေးကို ပျက်ပြားစေသည့် (အန္တရာယ်ဖြစ် စေသည့်) လုယူဖျက်ထုတ်ခြင်းမျိုးကို ကြီးလေးသော ပြစ်မှုကို ကျူးလွန်ကစားခြင်းအဖြစ် သတ်မှတ်ရမည်။

**ဆိုးသွမ်းရိုင်းပျသည့် အပြုအမူကို ပြုမူခြင်း (Violent Conduct)**

ဆိုးသွမ်းရိုင်းပျသည့် အပြုအမူကို ပြုမူခြင်းဆိုသည်မှာ ကစားသမားတစ်ဦးသည် ဘောလုံးကို ရယူ ကစားခြင်း မပြုသည့်အချိန်တွင် ပြိုင်ဘက်ကစားသမားတစ်ဦးအပေါ် လိုအပ်သည့် အင်အားထက် အလွန်အကျွံသုံးစွဲ၍ ဖျက်ထုတ်ခြင်း(သို့မဟုတ်) ဖျက်ထုတ်ရန်ကြိုးစားခြင်း (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်စွာပြုမူလျှင် ဤအပြစ်ကို ကျူးလွန်ခြင်းပင်ဖြစ်သည်။ ထို့ပြင် ၎င်းသည် မိမိအသင်းမှ ကစားဖော်တစ်ဦးကို ဖြစ်စေ၊ အသင်း၏တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ပွဲကြည့်ပရိတ်သတ်များနှင့် အခြားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ကိုယ်ခန္ဓာခြင်း ထိခိုက် ၍ ဖြစ်စေ ၊ မထိခိုက်၍ ဖြစ်စေ ကျူးလွန်ခြင်းဖြစ်ပါက ဤအပြစ်ကို ကျူးလွန်ခြင်းအပြစ်ဖြင့်ပင် ဆုံးဖြတ်ခြင်းပြုရမည်။

ထို့ပြင်ကစားသမားတစ်ဦးသည် ဘောလုံးကို လုယူကစားခြင်း မပြုသည့်အချိန်တွင် ပြိုင်ဘက်ကစားသမားတစ်ဦး (သို့မဟုတ်) အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှဖြစ်စေ ၊ ဦးခေါင်း (သို့မဟုတ်)မျက်နှာပေါ်၌ လက် (သို့မဟုတ်) လက်မောင်းတို့ဖြင့် တမင်ရည်ရွယ်၍ ထိုးရိုက်ခဲ့လျှင် (အကယ်၍ ထိုသို့ပြုလုပ်ရာတွင် အင်အားကို မဖြစ် စလောက်သာ သုံးစွဲသည်မှအပ) ဆိုးသွမ်းရိုင်းပျသည့် အပြုအမူကို ကျူးလွန်ခြင်းအဖြစ် သတ်မှတ်ရမည်။

**အသင်း၏တာဝန်ရှိသူများ**

အပြစ်တစ်ခုကို ကျူးလွန်ရာတွင် အပြစ်ကျူးလွန်သူကို တိကျစွာ ဖော်ပြနိုင်ခြင်းမရှိပါက နည်းစနစ်ဧရိယာအတွင်းရှိ နည်းပြချုပ်သည် အပြစ်ပေးခြင်းကို ခံရမည်။ (အပြစ်ပေးရမည်)။

**သတိပေးခြင်း (Warning)**

အောက်ပါအပြစ်ကျူးလွန်မှုများသည် သတိပေးရမည့် ဖြစ်လေ့ဖြစ်ထရှိသော အပြစ်များဖြစ်သည်။ အပြစ်များကို ထပ်ခါထပ်ခါပြုလုပ်ခြင်း (သို့မဟုတ်) အရှက်မဲ့စွာပြုလုပ်ခြင်းများကို သတိပေးခြင်း၊ ထုတ်ပယ်ခြင်းများဖြင့် အပြစ်ပေးရမည်။

(၁) လေးစားသမှုပြု၍ ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုသည့် အပြုအမူမျိုးဖြင့် ကစားကွင်းအတွင်းသို့ဝင်ရောက်ခြင်း။

(၂) တာဝန်ကျဒိုင်လူကြီးတစ်ဦးဦးဖြင့် ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ (ဥပမာ– လက်ထောက်ဒိုင် လူကြီး (သို့မဟုတ်) စတုတ္ထတာဝန်ရှိဒိုင်လူကြီးတို့၏ ညွှန်ကြားချက်များကို မလိုက်နာခြင်း။

(၃) ဆုံးဖြတ်ချက်တစ်ခုကို (စကားဖြင့်ဖြစ်စေ၊ အမူအယာဖြင့်ဖြစ်စေ) သေးငယ်/အဆင့်နိမ့်သည့် သဘော၊ မတူညီမှုပြသခြင်း။

(၄) အခြားသောပြစ်မှုများကို ကျူးလွန်ခြင်းမရှိသော်လည်း နည်းစနစ်ဧရိယာမှ မကြာခဏထွက် ခွာခြင်း။

<u>**သတိပေးခြင်း (Caution)**</u>

အောက်ပါအချက်များသည် သတိပေးရမည့် အချက်များတွင် ပါဝင်သည်။ (အရေအတွက် ကန့်သတ်မှုမရှိ)

(၁) မိမိအသင်း၏နည်းစနစ်ဧရိယာကို သိသာစွာနှင့် အကြိမ်ကြိမ်လေးစားမှုမပြသခြင်း။

(၂) မိမိအသင်းမှ ပြန်လည်စတင်ကစားရန် နှောင့်နှေးစေခြင်း။

(၃) ပြိုင်ဘက်အသင်း၏ နည်းစနစ်ဧရိယာအတွင်းသို့ (ထိပ်တိုက်ရင်ဆိုင်မည့်အပြုအမူမျိုးမပြုဘဲ) တမင်ဝင်ရောက်ခြင်း။

(၄) မကျေနပ်ကြောင်း နှုတ်အားဖြင့်ဖြစ်စေ၊ ကိုယ်လက်အမူအယာများဖြင့်ဖြစ်စေ ပြသခြင်း။

(က) သောက်ရေဘူးများနှင့် အခြားအရာဝတ္ထုများဖြင့် ပစ်ပေါက်ခြင်း၊ ခြေဖြင့်ကန်ခြင်း။

(ခ) တာဝန်ကျဒိုင်လူကြီး (များ) အပေါ် မလေးစားသည့်အမူအယာများ သိသာစွာပြုမူခြင်း (ဥပမာ–စောင်းချိတ်ပြောဆိုခြင်း၊ လက်ခုပ်တီးခြင်း)။

(၅) ဒိုင်လူကြီးများက ဗီဒီယိုကြည့်ရှုသည့်အခန်း (RRA) တွင်းသို့ ဝင်ရောက်ခြင်း။

(၆) အဝါကတ်/အနီကတ်ပြသခြင်းများအတွက် ကိုယ်ဟန်အမူအယာဖြင့် မကျေနပ်ကြောင်း လွန်ကဲစွာအကြိမ်ကြိမ်ပြုလုပ်ပြသခြင်း။

(၇) VAR (Video Assistant Referee)ကို ပြန်လည်ကြည့်ရှုရာတွင် တီဗီကို အချိန်ကြာမြင့်စွာ ကြည့်ရှုခြင်း။

(၈) ခြေဟန်လက်ဟန် အမူအယာများပြသခြင်း၊ ငြင်းခုံခြင်း၊ နှိုးဆွစေသော အမူအယာများပြသခြင်း။

(၉) လက်ခံနိုင်ဖွယ်မရှိသည့် အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ (သတိပေးပြီးဖြစ်သည့် ပြစ်မှု များကို ထပ်မံပြုလုပ်ခြင်းအပါအဝင်)

(၁၀) ကစားပွဲအပေါ် လေးစားဂရုပြုမှု နည်းပါးစွာပြသခြင်း။

## ၃။ **ထုတ်ပယ်ခြင်း (Sending – Off)**

ထုတ်ပယ်ရမည့်ပြစ်ချက်များတွင် အောက်ပါအချက်များပါဝင်သည်။ (သို့သော် အရေအတွက်အတိအကျ မရှိပါ)။

(၁) ပြိုင်ဘက်အသင်းက ဘောလုံးပြန်လည်စတင်ကစားရန် နှောင့်နှေးစေခြင်း၊ (ဥပမာ–ဘောလုံးကို ကိုင်ထားခြင်း၊ ဘောလုံးကို အဝေးသို့ ကန်ပစ်ခြင်း၊ ကစားသမားတစ်ဦး၏ လှုပ်ရှားမှုကို ပိတ်ဆို့ဟန့်တားခြင်း။

(၂) နည်းစနစ်ဧရိယာမှ တမင်ထွက်ခွာသွားခြင်း။

(က) တာဝန်ကျဒိုင်လူကြီးတစ်ဦးအပေါ် မကျေနပ်ကြောင်း ပြသခြင်းနှင့် ဆန့်ကျင်ကန့်ကွက်ရန်။

( ခ) ငြင်းခုံခြင်းနှင့် ဆူပူရန်နှိုးဆွသော အပြုအမူပြုလုပ်ခြင်း။

(၃) ပြိုင်ဘက်အသင်း၏ နည်းစနစ်ဧရိယာအတွင်းသို့ ရန်လိုစွာနှင့် ထိပ်တိုက်ရင်ဆိုင်မည့် အပြုအမူများဖြင့် ဝင်ရောက်ခြင်း။

(၄) ဘောလုံးကွင်းထဲသို့ အရာဝတ္ထုတစ်ခုဖြင့် တမင်ပစ်သွင်းခြင်း၊ ကန်သွင်းခြင်း။

(၅) ကစားကွင်းအတွင်းသို့ –

(က) တာဝန်ကျဒိုင်လူကြီးတစ်ဦးအား ရင်ဆိုင်ရန်တွေ့ခြင်း၊ (ကစားချိန်ဝက် သို့မဟုတ် အချိန်ပြည့်တွင် အပါအဝင်)။

( ခ) ကစားပွဲကစားနေခြင်း၊ ပြိုင်ဘက်အသင်းမှ ကစားသမား (သို့မဟုတ်) တာဝန်ကျဒိုင်လူကြီးအပေါ်ဝင်ရောက်စွက်ဖက်နှောက်ယှက်ခြင်း။

(၆) ဗီဒီယိုပြခန်း (Video Operation Room)အတွင်းသို့ ဝင်ရောက်ခြင်း။

(၇) ကိုယ်ကာယဖြင့်ဖြစ်စေ၊ ရန်လိုခြင်းဖြင့်ဖြစ်စေ (တံတွေးဖြင့်ထွေးခြင်း၊ ပါးစပ်ဖြင့် ကိုက်ခြင်းအပါအဝင်) ပြိုင်ဘက်ကစားသမား၊ အရံကစားသမား၊ အသင်း၏တာဝန်ရှိသူ၊ တာဝန်ကျဒိုင်လူကြီး၊ ပွဲကြည့်ပရိတ်သတ် နှင့် အခြားသော ပုဂ္ဂိုလ်များ။ (ဥပမာ-ဘောလုံးကောက်သည့် ယောက်ျား ကလေး/မိန်းကလေး၊ လုံခြုံရေး၊ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူ စသည့် တစ်ဦးဦးအပေါ် ပြုမူလျှင်။

(၈) ကစားပွဲတစ်ပွဲအတွင်း ဒုတိယအကြိမ် အဝါကတ်ပြား (အဝါနှစ်ကြိမ်)ပြခံရလျှင်။

(၉) တိုက်ခိုက်ခြင်း၊ စော်ကားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ခြေလက်အမူအယာဖြင့် ပြောဆိုခြင်း။

(၁၀) တရားမဝင်သည့် လျှပ်စစ်ပစ္စည်း (သို့မဟုတ်) ဆက်သွယ်ရေးကိရိယာများနှင့် မသင့်လျော်သော အပြု အမူပြုလုပ်သုံးစွဲခြင်း။

(၁၁) ဆိုးသွမ်းရိုင်းပျသော အပြုအမူကို ပြုမူခြင်း (Violent Conduct)

အရာဝတ္ထုတစ်ခု (သို့မဟုတ်) ဘောလုံးဖြင့် ပစ်ပေါက်သည့်အပြစ်ကျူးလွန်မှုများ

အထက်ပါကိစ္စနှင့်ပတ်သက်သည့် ကိစ္စရပ်အားလုံးတို့တွင် ဒိုင်လူကြီးသည် သင့်တော်သည့် စည်းကမ်းပိုင်းဆိုင်ရာ ဥပဒေများဖြင့်အရေးယူရမည်။

(၁) မဆင်မခြင်ပြုမူကစားခြင်း(reckless)အပြစ်ကျူးလွန်သည့် ကစားသမားကိုအားကစားသမားကောင်း မပီသသည့် အပြုအမူအဖြစ် (unsporting behoviour)ဖြင့် အဝါကတ်ပြ သတိပေးရန်။

(၂) လိုအပ်သည့်အင်အားထက်ပိုမိုအသုံးပြုခြင်း (using excessive force)ကို အပြစ်ကျူးလွန်သည့် ကစား သမားအား ဆိုးသွမ်းရိုင်းပျသည့် အပြုအမူ (Violent Conduct)အဖြစ် သတ်မှတ်၍ ကစားကွင်းမှ ထုတ်ပယ်ရမည်။

၄။ <u>ပြစ်မှုများနှင့်မလိုလားအပ်သော ကိုယ်နှုတ်အမူအယာများဖြင့် ကျူးလွန်ပြီးနောက် ကစားပွဲကိုပြန်လည်စတင်ခြင်း။</u>

(၁) အကယ်၍ ဘောလုံးကစားမှုရပ်ဆိုင်းသွားပြီးဖြစ်ပါက ကစားပွဲကို ပြီးခဲ့သော ဆုံးဖြတ်ချက်အတိုင်း ပြန်လည်စတင်ကစားရန်။

(၂) အကယ်၍ ဘောလုံးကစားမှုအထမြောက်နေဆဲအချိန်တွင် ကစားသမားတစ်ဦးသည် ကစားကွင်းအတွင်း၌ <u>ကိုယ်ကာယဖြင့်ထိခိုက်မိသောအပြစ်</u> ကိုကျူးလွန်ပါက-

(က) ပြိုင်ဘက်ကစားသမားတစ်ဦးအပေါ် ကျူးလွန်ပါက တစ်ဆင့်အလွတ်တည်ကန်ခြင်း (သို့မ ဟုတ်)တိုက်ရိုက်အလွတ်တည်ကန်ခြင်း(သို့မဟုတ်)ပင်နယ်တီကန်ခြင်းဖြင့်အပြစ် ပေးရမည်။

( ခ) မိမိအသင်း၏ ကစားသမား ၊အရံကစားသမား၊လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ် ပယ်ခြင်းခံရသည့် ကစားသမား၊ အသင်း၏တာဝန်ရှိသူ၊ တာဝန်ကျဒိုင်လူကြီး တစ်ဦးအပေါ် ကျူးလွန်ခြင်းဖြစ်ပါက၊ တိုက်ရိုက်အလွတ်တည်ကန်ခြင်း၊ ပင်နယ်တီကန်ခြင်း ဖြင့် အပြစ် ပေးရမည်။

နှုတ်အားဖြင့်ကျူးလွန်သည့်အပြစ်မျိုးအားလုံးကို တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့်အပြစ်ပေးရမည်။

ကစားသမားတစ်ဦးမှ ပြင်ပပုဂ္ဂိုလ်တစ်ဦးအား ကစားကွင်းအတွင်း သို့မဟုတ် ကစားကွင်းအတွင်း၌ ပြစ်မှုကျူးလွန်ခဲ့၍ ကစားပွဲအားရပ်ဆိုင်းခဲ့လျှင်၊ မြေချဘောဖြင့်ပြန်လည်စတင်ကစားစေရမည် (ဒိုင်လူကြီး၏ခွင့်ပြုချက် မရဘဲ ကစား ကွင်း ပြင်ပထွက်ခွာသွား၍ အလွတ်တည်ကန်ဘောသတ်မှတ်ပေးသည်မှလွဲ၍)

အကယ်၍ ဘောလုံးကစားနေဆဲအချိန်တွင်–

(၁) ကစားသမားတစ်ဦးသည် တာဝန်ကျဒိုင်လူကြီးတစ်ဦးအပေါ် (သို့မဟုတ်) တစ်ဖက်အသင်းမှ ကစား သမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့် ကစား သမား၊ အသင်း၏တာဝန်ရှိသူတို့ကို ကစားကွင်းပြင်ပတွင် အပြစ်ကျူးလွန်ခြင်းတစ်ရပ်ကို ကျူးလွန် ပါက–

(၂) အရံကစားသမား၊လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့်ကစားသမား (သို့မ ဟုတ်) အသင်း၏တာဝန်ရှိသူက တစ်ဖက်အသင်းမှ ကစားသမားကို နှောက်ယှက်စွက်ဖက်ခြင်း တာ ဝန်ကျဒိုင်လူကြီးတစ်ဦးကို ကစားကွင်းပြင်ပတွင် အပြစ်တစ်ခုကျူးလွန်ပါက–

ကစားပွဲ နယ်နိမိတ်စည်းနှင့် အနီးဆုံးသော အပြစ်ကျူးလွန်သည့်နေရာတွင် နယ်နိမိတ်စည်းပေါ်မှ နေ၍ အလွတ်တည်ကန်ဘောဖြင့် ပြန်လည်စတင်စေရမည်။ အကယ်၍ တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့်အပြစ်ပေးရ မည်။ အပြစ်ကျူးလွန်မှုကို ပင်နယ်တီဧရိယာအတွင်း ကျူးလွန်ပါက ပင်နယ်တီကန်ခြင်းဖြင့်အပြစ်ပေးရမည်။


ကစားတစ်ဦးက ကစားကွင်းပြင်ပတွင် မိမိ၏အသင်းမှ ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီး သည့် ကစားသးမား၊ အသင်း၏တာဝန်ရှိ ပုဂ္ဂိုလ်အား ကစားကွင်းပြင်ပတွင်အပြစ်ကျူးလွန်ခြင်းပြုခဲ့လျှင်၊ ပြစ်မှုကျူး လွန်သည့်နေရာနှင့် အနီးဆုံးသော နယ်နိမိတ်စည်းပေါ်မှနေ၍ တစ်ဆင်အလွတ်တည်ကန်ခြင်းဖြင့် ပြန်လည်စတင် ကစားစေရမည်။

ကစားသမားတစ်ဦးသည် အရာဝတ္ထုတစ်ခု(ဖိနပ်၊ ညှိသကျည်းကာ စသည်)တို့ဖြင့် လက်မှကိုင်၍ဘောလုံးကို ထိမှန်အောင် ပစ်ပေါက်ခဲ့လျှင် ကစားပွဲကို တိုက်ရိုက်အလွတ်တည်ကန်ခြင်း (သို့မဟုတ်) ပင်နယ်တီဖြင့် ပြန်လည်စတင်ကစားစေရမည်။

ကစားကွင်းအတွင်း(သို့မဟုတ်) ကစားကွင်းပြင်ပတွင်ရှိနေသော ကစားသမားတစ်ဦးသည် အရာဝတ္ထု တစ်ခုဖြင့် ပစ်ပေါက်ခြင်း၊ ကန်ကြောက်ခြင်းကို (ကစားနေသည့်ဘောလုံးမှအပ)၊ တစ်ဖက်အသင်းမှကစားသမားကိုဖြစ်စေ၊ အရာဝတ္ထုတစ်ခုဖြင့် ပစ်ပေါက်ခြင်း၊ ကန်ကြောက်ခြင်း(ဘောလုံးအပါအဝင်)ကို တစ်ဖက်အသင်းမှ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့်ကစားသမား(သို့မဟုတ်) အသင်း၏တာဝန်ရှိသူတစ်ဦး၊တာဝန်ကျဒိုင်လူကြီးတစ်ဦး(သို့မဟုတ်) ကစားနေသည့်ဘောလုံးကိုဖြစ်စေပစ်ပေါက်၊ကန်ကြောက်ပါက အရာဝတ္ထု နှင့် ထိမှန်သောနေရာ (သို့မဟုတ်) ထိမှန်နိုင်သောနေရာမှ (လူ သို့မဟုတ် ဘောလုံး) တိုက်ရိုက်အလွတ် တည်ကန်ခြင်းဖြင့် ပြန်လည်စတင်စေရမည်။

အကယ်၍ဖြစ်ပျက်နေသည့်နေရာသည် ကစားကွင်းပြင်ပတွင်ဖြစ်ပါက ထိုနေရာနှင့်အနီး ဆုံးဖြစ်သော နယ်နိမိတ်စည်းပေါ်မှနေ၍ အလွတ်တည်ကန်ခြင်းကို ပြုစေရမည်။ အကယ်၍အပြစ်ကျူးလွန်သူ၏ ပင်နယ်တီဧရိယာအတွင်း ဖြစ်ပွားပါက ပင်နယ်တီကန်ခြင်းဖြင့်အပြစ်ပေးရမည်။

အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့် ကစားသမား ကစားကွင်းပြင်ပသို့ ခေတ္တရောက်ရှိနေသော ကစားသမား၊ အသင်း၏တာဝန်ရှိသူက ကစားကွင်းပေါ်သို့ အရာဝတ္ထုတစ်ခုကို ပစ်သွင်းခြင်း၊ ကန်သွင်းခြင်းပြုပါက ထိုပစ်သွင်းမှုသည် ကစားနေသည့် ကစားပွဲကိုဖြစ်စေ၊ တစ်ဖက်အသင်းမှ ကစားသမား (သို့မဟုတ်) တာဝန်ကျဒိုင်လူကြီးတို့အပေါ်တွင် နှောက်ယှက်/စွက်ဖက်ရာရောက်ပါက ကစားပွဲကို တိုက်ရိုက်အလွတ်တည်ကန်ခြင်း (သို့မဟုတ်) ပင်နယ်တီကန်ခြင်းဖြင့် ပြန်လည်စတင်စေရမည်။ ထိုအရာဝတ္ထုသည် ကစားပွဲကို အနှောက်ပယှက်ပေးခြင်း၊ တစ်ဖက်အသင်းမှ ကစားသမား၊ တာဝန်ကျဒိုင်လူကြီး (သို့မဟုတ်) ဘောလုံးနှင့်ထိသည့် နေရာ (သို့မဟုတ်) ထိနိုင်သည့်နေရာတွင် တိုက်ရိုက်အလွတ်တည်ကန်ခြင်း (သို့မဟုတ်) ပင်နယ်တီကန်ခြင်းဖြင့် ပြန် လည်စတင်ကစားစေရမည်။




## ဥပဒေ(၁၃)၊အလွတ်တည်ကန်ခြင်းများ (Free Kick)

### ၁။ အလွတ်တည်ကန်ခြင်းအမျိုးအစားများ

(၁) တိုက်ရိုက်အလွတ်တည်ကန်ခြင်းနှင့် (၂)တစ်ဆင့်အလွတ်တည်ကန်ခြင်းများကို အသင်းတစ်သင်းမှကစား သမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမား၊ ထုတ်ပယ်ခြင်းခံရသည့် ကစားသမားနှင့် ထိုအသင်း မှ အသင်း၏တာဝန်ရှိသူတို့က အပြစ်တစ်ခုကျူးလွန်ခဲ့လျှင် တစ်ဖက်ပြိုင်ဘက်အသင်းကို ကန်ခွင့်ပေးရသည့် အ လွတ်တည်ကန်ခြင်းများဖြစ်သည်။

**<u>တစ်ဆင့်အလွတ်တည်ကန်ခြင်းအတွက် အချက်ပြခြင်း</u>**

ဒိုင်လူကြီးသည် တစ်ဆင့်အလွတ်တည်ကန်ခြင်းအတွက် သူ၏လက်မောင်းကို ဦးခေါင်းအပေါ်သို့မြှောက်၍ ပြသထားရသည်။ ဤသို့ပြသခြင်းသည် တစ်ဆင့်အလွတ်တည်ကန်ခြင်းကို ကန်လိုက်ပြီးနောက် ဘောလုံးသည် အခြားကစားသမားတစ်ဦးနှင့်ထိခြင်း၊ ကစားမှုရပ်ဆိုင်းသွားခြင်း (သို့မဟုတ်) ဂိုးတစ်ဂိုးအဖြစ် တိုက်ရိုက်ရယူနိုင်ခြင်း မရှိနိုင်ကြောင်း သေချာသည့်အချိန်အထိ လက်ကိုမြှောက်၍ ပြသထားရမည်။

အကယ်၍ ဒိုင်လူကြီးကတစ်ဆင့် အလွတ်တည်ကန်ခြင်းအတွက် လက်ကိုမြှောက်၍ ပြသရန် ပျက်ကွက်ခဲ့လျှင် (သို့မဟုတ်) ဘောလုံးကို ဂိုးအတွင်းသို့ တိုက်ရိုက်ကန်သွင်းလိုက်သည့်အခါတွင် တစ်ဆင့် အလွတ်တည်ကန်ခြင်းကို ပြန်လည်၍ ကန်စေရမည်။

**<u>ဂိုးအတွင်းသို့ ဘောလုံးဝင်ရောက်ရှိသွားခြင်း</u>**

(၁) အကယ်၍ တိုက်ရိုက်အလွတ်တည်ကန်ခြင်းကို ယှဉ်ပြိုင်ဘက်အသင်း၏ ဂိုးအတွင်းသို့ တိုက်ရိုက်ကန်သွင်းလိုက်ပါက ဂိုးအဖြစ်သတ်မှတ်ပေးရမည်။

(၂) အကယ်၍တစ်ဆင့်အလွတ်တည်ကန်ခြင်းကို ယှဉ်ပြိုင်ဘက်အသင်း၏ ဂိုးအတွင်းသို့ တိုက်ရိုက်ကန်သွင်းခဲ့လျှင် ဂိုးမှတည်ကန်ဘောအဖြစ် သတ်မှတ်ရမည်။

(၃) အကယ်၍တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့်ဖြစ်စေ၊ တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့်ဖြစ်စေ၊ မိမိအသင်း (ကန်သူ၏အသင်း)၏ ဂိုးအတွင်းတိုက်ရိုက်ကန်သွင်းခဲ့လျှင် ထောင့်ကန်ဘောအဖြစ် သတ်မှတ်ရမည်။

၂။ **<u>လုပ်ထုံးလုပ်နည်း</u>**

အောက်ပါအချက်များမှအပ အလွတ်တည်ကန်ခြင်းများကို အပြစ်ကျူးလွန်သည့်နေရာမှနေ၍ ကန်စေရမည်။

(၁) တိုက်စစ်ဆင်သည့်အသင်းက ယှဉ်ပြိုင်ဘက်အသင်း၏ ဂိုးဧရိယာအတွင်း ကန်ခွင့်ရတစ်ဆင့်အလွတ်တည်ကန်ခြင်းကို ဂိုးစည်းနှင့် မျဉ်းပြိုင်ကျသည့် အပြစ်ကျူးလွန်သည့်နေရာနှင့် အနီးဆုံး ဂိုးဧရိယာစည်းပေါ်တွင် တည်ကန်ရမည်။

(၂) ခုခံကာကွယ်သည့်အသင်းက ၎င်းတို့၏ ဂိုးဧရိယာအတွင်း အလွတ်တည်ကန်ခြင်းများ(တိုက်ရိုက်/တစ်ဆင့်ကန်)ကို ဂိုးဧရိယာအတွင်းရှိ မည်သည့်နေရာမှမဆို တည်ကန်ရမည်။

(၃) ဒိုင်လူကြီး၏ခွင့်ပြုချက်မရဘဲ ကစားသမားတစ်ဦးသည် ကစားကွင်းအတွင်းသို့ ဝင်ရောက်ခြင်း၊ ပြန်လည်ဝင်ရောက်ခြင်း၊ ကစားကွင်းပြင်ပသို့ ထွက်ခွာသွားခြင်းကြောင့် ဒိုင်လူကြီးက အလွတ်တည်ကန်ခြင်းများ (တိုက်ရိုက်/တစ်ဆင့်ကန်) သတ်မှတ်ပေးသည့်အခါများတွင် ကစားမှုရပ်ဆိုင်းသွား ချိန်၌ ဘောလုံးရောက်ရှိသည့်နေရာမှနေ၍ ကန်ရမည်။သို့သော် ကစားသမားတစ်ဦးသည် ကစားကွင်း

ပြင်ပသို့ရောက်ရှိနေစဉ် အပြစ်ကျူးလွန်ခြင်းပြုပါက ကစားပွဲကို ပြစ်မှုကျူးလွန်သည့် နေရာနှင့် အနီးဆုံးသော နယ်နိမိတ်စည်းပေါ်မှနေ၍ အလွတ်တည်ကန်ခြင်းများဖြင့် ပြန်လည်စတင်စေရမည်။ တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည့်ပြစ်မှုမျိုးကို အပြစ်ကျူးလွန်သူ၏ ပင်နယ်တီဧရိယာအတွင်းဖြစ်ပွားပါက ပင်နယ်တီကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၄) ဘောလုံးဥပဒေတွင် ဖော်ပြထားသော အခြားနေရာများတွင် အခြားသောအနေအထားများအတွက် ***(ဥပဒေ ၃-၁၁-၁၂ ကို ရှုပါ)***။

ဘောလုံးသည် -

(၁) တည်ငြိမ်စွာ တည်ထားရမည်။ကန်လိုက်သူသည် အခြားကစားသမားတစ်ဦးတစ်ယောက်နှင့်မျှ မထိမီ ထပ်မံ၍ ထိကစားခြင်းမပြုရ။

(၂) ဘောလုံးကို ကန်လိုက်၍ သိသာစွာလှုပ်ရှားသွားပါက ကစားမှုအထမြောက်သည်။

ဘောလုံးကစားမှုအထမြောက်သည်အထိ အခြားသောယှဉ်ပြိုင်ဘက်ကစားသမားအားလုံးသည်-

(၁) ဘောလုံးနှင့်အနည်းဆုံး (၉.၁၅)မီတာ (၁၀-ကိုက်) အကွာတွင်ရှိနေရမည်။ (မိမိတို့၏ဂိုးစည်းဘေးရှိ ဂိုးတိုင်နှစ်တိုင်အကြားတွင် ရှိနေခြင်းမှအပ)။

(၂) ယှဉ်ပြိုင်ဘက်အသင်း ပင်နယ်တီဧရိယာ၏ ပြင်ပတွင်သာရှိနေရမည်။

<u>ခုခံကာကွယ်သည့်အသင်းမှ သုံးဦး(သို့မဟုတ်)သုံးဦးထက်ပို၍ လူနံရံပြုလုပ်သည့်အခါတွင် တိုက်စစ်ဆင်သည့်အသင်းမှ ကစားသမားအားလုံးသည် ဘောလုံးကစားမှုအထမြောက်သည်အထိ လူနံရံနှင့်အနည်းဆုံး(၁)မီတာ (၁-ကိုက်)အကွာတွင် ရှိနေရမည်။</u>

အလွတ်တည်ကန်ခြင်းကို ပြုရာတွင် ဘောလုံးကိုခြေတစ်ချောင်းဖြင့်ဖြစ်စေ၊ ခြေနှစ်ချောင်းဖြင့် တစ်ပြိုင်တည်း ပင့်မြှောက်၍ဖြစ်စေ ပြုလုပ်နိုင်သည်။

အလွတ်တည်ကန်ခြင်းကိုပြုရာတွင် တစ်ဖက်အသင်းသားအား စိတ်ရှုပ်ထွေးသွားစေရန် ဟန်ပြလှည့်စား၍ ကစားခြင်းကို ကစားနည်း၏အစိတ်အပိုင်းတစ်ခုအဖြစ် ခွင့်ပြုသည်။

ကစားသမားတစ်ဦးသည် အလွတ်တည်ကန်ခြင်းကို မှန်ကန်စွာပြုလုပ်ရာတွင် ထပ်မံကန်ခွင့် ရရှိစေရန် ရည်ရွယ်ပြီး တစ်ဖက်အသင်းမှ ကစားသမားအားထိအောင်တမင်တကာကန်လိုက်သော်လည်း သတိမမူ၍ပြုလုပ် ခြင်း၊ မဆင်မခြင်ကစားခြင်း၊ လိုအပ်သည်ထက်အင်အားကို ပိုမိုသုံးစွဲ၍ ကစားသည့်အပြုအမူမျိုးမဟုတ်ပါက ဒိုင်လူကြီးသည် ကစားပွဲကို ဆက်လက်ကစားရန်ခွင့်ပြုသည်။

၃။ **<u>အပြစ်ကျူးလွန်ခြင်းများနှင့် အရေးယူခြင်းများ</u>**

အလွတ်တည်ကန်ခြင်းပြုလုပ်ရာတွင် တစ်ဖက်ပြိုင်ဖက်အသင်းမှ ကစားသမားတစ်ဦးသည် လိုအပ်သည့် အကွာအဝေးထက်ပိုနီးသည့်နေရာတွင်ရှိနေခဲ့လျှင် အလွတ်တည်ကန်ခြင်းကိုထပ်မံ၍ ပြန်ကန်စေရမည်။ (အခွင့်သာမှုတစ်ရပ်ကို ပေးရခြင်းမှအပ)။ သို့သော် ကစားသမားတစ်ဦးက အလွတ်တည်ကန်ခြင်းကို အမြန်ကန်လိုက်သည့်အခါ မျိုးတွင် လိုအပ်သည့် အကွာအဝေး(၉.၁၅)မီတာ (၁၀-ကိုက်)ထက်ပို၍ နီးကပ်စွာရှိနေသည့် တစ်ဖက်အသင်းမှ ကစား သမားက ကြားဖြတ်ရယူသွားလျှင် ဒိုင်လူကြီးသည် ကစားပွဲကိုဆက်လက်ကစားရန် ခွင့်ပြုရမည်။သို့သော် တစ်ဖက် အသင်းမှ ကစားသမားတစ်ဦးက အလွတ်တည်ကန်ခြင်းကို အမြန်ကန်၍မရအောင် တမင်တားဆီးနှောက်ယှက်ခဲ့ လျှင် ကစားပွဲပြန်လည်စတင်ကစားရန် နှောင့်နှေးစေမှုဖြင့် သတိပေးရမည်။

<u>အလွတ်တည်ကန်ခြင်းပြုလုပ်နေစဉ်တွင် တိုက်စစ်ဆင်သည့် ကစားသမားတစ်ဦးသည် သုံးဦး(သို့မဟုတ်) သုံး ဦးနှင့်အထက် "လူနံရံ"ပြုလုပ်ထားသည့် ခုခံကာကွယ်သည့်အသင်းမှ ကစားသမားများထက်လိုအပ်သည့် အကွာအ ဝေး(၁)မီတာ (၁ကိုက်)ထက်ပို၍ နီးကပ်စွာရှိနေခဲ့လျှင် ၎င်းအားတစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရ မည်။</u>

ခုခံကာကွယ်သည့်အသင်းက ၎င်းတို့၏ ပင်နယ်တီဧရိယာအတွင်း အလွတ်တည်ကန်ခြင်းပြုလုပ်နေစဉ် တစ်ဖက်အသင်းမှ ကစားသမားများသည် ထိုပင်နယ်တီဧရိယာအတွင်း ရောက်ရှိနေရာမှ ပြန်လည်ထွက်ခွာရန် အချိန်မရရှိခဲ့လျှင် ဒိုင်လူကြီးသည် ထိုကစားပွဲကို ဆက်လက်ကစားရန် ခွင့်ပြုရမည်။ အလွတ်တည်ကန်ခြင်းပြုလုပ်နေစဉ် တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးသည် ပင်နယ်တီဧရိယာအတွင်းရှိနေခဲ့လျှင် (သို့မဟုတ်) <u>ဘောလုံးကစားမှု အထမမြောက်မီအချိန်တွင်</u> ပင်နယ်တီဧရိယာအတွင်းသို့ ဝင်ရောက်ခဲ့ပြီးဘောလုံးကိုရယူခြင်း (သို့မဟုတ်) ဘောလုံးကို ရရှိရန်လုယူကစားခြင်းပြုပါက အလွတ်တည်ကန်ခြင်းကို ပြန်လည်၍ ကန်စေရမည်။

အကယ်၍ ကစားမှု အထမြောက်ပြီးနောက် အလွတ်တည်ကန်ဘောကန်သူသည် အခြားကစားသမား တစ်ဦး တစ်ယောက်နှင့်မျှ ဘောလုံးနှင့်မထိမီ ထပ်မံ၍ ထိကစားခဲ့လျှင် ၎င်းကစားသးမားအား တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အကယ်၍ ထိုကန်လိုက်သည့်ကစားသမားသည် လက်ထိဘောဥပဒေကို ကျူးလွန်ခဲ့ပါက-

(၁) တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၂) အကယ်၍ လက်ထိဘော ထပ်မံကျူးလွန်သူ၏ ပင်နယ်တီဧရိယာအတွင်း ကျူးလွန်ပါက (ဂိုးသမားမှအပ) ပင်နယ်တီကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အကယ်၍ ဂိုးသမားသည် မိမိ၏ ပင်နယ်တီဧရိယာအတွင်း လက်ဖြင့်ထပ်မံထိကိုင်ခဲ့လျှင် တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

## ဥပဒေ(၁၄)၊ပင်နယ်တီကန်ခြင်း (The Penalty Kick)

ပင်နယ်တီကို ကစားသမားတစ်ဦးသည် မိမိ၏ ပင်နယ်တီဧရိယာအတွင်း တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင် (သို့မဟုတ်) ဥပဒေ ၁၂နှင့် ၁၃ အရ ကစားကွင်း၏ ပြင်ပတွင် ကစားမှုအစိတ်အပိုင်းအဖြစ် အပြစ်ကျူးလွန်ခဲ့လျှင် ထိုအသင်းဘက်သို့ ပင်နယ်တီကန်ခြင်းဖြင့် အပြစ်ပေးရမည်။

ပင်နယ်တီကန်ခြင်းမှ တိုက်ရိုက်ဂိုးသွင်း၍ ရယူနိုင်သည်။

### ၁။ လုပ်ထုံးလုပ်နည်း

ပင်နယ်တီကန်ရာတွင် ပင်နယ်တီအမှတ်အသားပေါ်မှ ဘောလုံးကို တည်ငြိမ်စွာတည်ထားရမည်။

ဂိုးတိုင်များ၊ ဂိုးဘားနှင့် ဂိုးပိုက်များသည် လှုပ်ရှားမှုမရှိစေရ။

ပင်နယ်တီကန်မည့် ကစားသမားကို (ဒိုင်လူကြီး) ကရှင်းလင်းစွာသတိပေးရမည်။

ခုခံကာကွယ်မည့် ဂိုးသမားသည် ဂိုးစည်းပေါ်တွင် ဂိုးတိုင်နှစ်တိုင်အကြား၌ရှိနေပြီး ကန်သွင်းမည့်သူအား မျက်နှာမူထားရမည်။ ပင်နယ်တီကန်လိုက်ပြီးသည့်အချိန်အထိ ဂိုးတိုင်များ၊ ဂိုးဘားနှင့် ဂိုးပိုက်များကို ထိထားခြင်းမရှိစေရ။

ပင်နယ်တီကန်မည့်သူနှင့် ခုခံကာကွယ်မည့်ဂိုးသမားတို့မှအပ ကျန်ကစားသမားများသည်–

(၁) ပင်နယ်တီအမှတ်အသားမှ အနည်းဆုံး (၉.၁၅)မီတာ(၁၀–ကိုက်) အကွာတွင်

(၂) ပင်နယ်တီအမှတ်အသား၏အနောက်ဘက်

(၃) ကစားကွင်းအတွင်း

(၄) ပင်နယ်တီဧရိယာ၏အပြင်ဘက် (ဘီးကုပ်အပါအဝင်)တွင် ရှိနေရမည်။

ကစားသမားများသည် ဥပဒေနှင့်အညီနေရာယူပြီးကြလျှင် ဒိုင်လူကြီးသည် ပင်နယ်တီကန်ရန်ခရာမှုတ်၍ အချက်ပြရမည်။

ပင်နယ်တီကန်သူသည် ဘောလုံးကို ရှေ့သို့သာကန်ရမည်။ နောက်ပြန်ကန်ခြင်းကို ဘောလုံးသည် ရှေ့သို့ သွားနေခဲ့လျှင် ခွင့်ပြုသည်။

ပင်နယ်တီကန်လိုက်ချိန်တွင် ခုခံကာကွယ်မည့် ဂိုးသမား၏ အနည်းဆုံး ခြေတစ်ဖက်၏အစိတ်အပိုင်းသည် ဂိုးစည်းနှင့် ထိနေရမည့်အပြင် ဂိုးစည်းနှင့်တစ်တန်းနည်းရှိနေရမည်။

ဘောလုံးကိုကန်လိုက်၍ ဘောလုံးသည် သိသာစွာရွေ့လျားသွားသည်နှင့် ကစားမှုအထမြောက်သည်။ ပင်နယ် တီကန်သူသည် အခြားကစားသမားတစ်ဦးတစ်ယောက်နှင့် မထိမီအထိ ဘောလုံးကို ထပ်မံထိကစားခြင်း မပြုရ။

ပင်နယ်တီကိုကန်လိုက်ပြီးနောက် ဘောလုံးသည် လှုပ်ရှားမှုရပ်ဆဲသွားသည့်အချိန် ကစားမှုရပ်ဆိုင်း သွားချိန်နှင့် အပြစ်တစ်စုံတစ်ရာကြောင့် ဒိုင်လူကြီးက ကစားပွဲကို ရပ်ဆိုင်းလိုက်ချိန်တို့တွင် ပင်နယ်တီကန်ခြင်း ပြီးဆုံးသည်။

ကစားပွဲ၏ သာမန်ကစားချိန် တစ်ပိုင်းစီ (၄၅-မိနစ်)နှင့် အချိန်ပိုကစားခြင်း (၁၅-မိနစ်)စီတို့ပြီးဆုံးရန် အချိန်ပိုင်းတို့တွင် ပင်နယ်တီကန်ရန်ရှိပါက အချိန်တိုးမြှင့်၍ ပေးနိုင်သည်။ အချိန်တိုးမြှင့်ပေး၍ ပင်နယ်တီကန်ရာ တွင် ပင်နယ်တီကန်ပြီးနောက် (၁)ဘောလုံးသည် လှုပ်ရှားမှုရပ်စဲသွားသည့်အချိန်၊ (၂)ကစားမှုရပ်ဆိုင်းချိန် (out of play)၊ အခြားကစားသမား တစ်ဦးဦးက ထိကစားလိုက်ချိန် (ပင်နယ်တီကန်သူအပါအဝင်) ခုခံကာကွယ်သည့် ဂိုးသမား မှအပနှင့် ပင်နယ်တီကန်သူနှင့် ၎င်း၏အသင်းမှ ကစားသမားများ၏ အပြစ်ကျူးလွန်မှုကြောင့် ဒိုင်လူကြီးက ကစား ပွဲကို ခေတ္တရပ်ဆိုင်းလိုက်ချိန်တို့တွင် ပင်နယ်တီကန်ခြင်းပြီးဆုံးသည်။ခုခံကာကွယ်သည့်အသင်းမှ (ဂိုးသမား အပါ အဝင်) အပြစ်တစ်စုံတစ်ရာကို ကျူးလွန်လျှင်ဖြစ်စေ၊ ပင်နယ်တီကန်ခြင်း လွဲချော်သွားခြင်း/ ကာကွယ်နိုင်ခြင်း များရှိ ခဲ့လျှင် ပင်နယ်တီကို ပြန်လည်၍ ကန်စေရမည်။

## ၂။ အပြစ်ကျူးလွန်ခြင်းနှင့် အရေးယူခြင်း

ဒိုင်လူကြီးက ပင်နယ်တီကန်ရန် အချက်ပြသည့်အခါ ပင်နယ်တီကိုကန်ရမည်။ အကယ်၍ ကန်ခြင်းမပြုပါက ဒိုင်လူကြီးသည် ပင်နယ်တီကို ပြန်ကန်ရန်အချက်မပြမီတွင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုးဖြင့် အရင်အရေး ယူရမည်။

အကယ်၍ ကစားမှုအထမမြောက်မီအချိန်တွင် အောက်ပါအချက်တစ်ချက်ချက်ကို ကျူးလွန်ပါက-

(၁) ပင်နယ်တီကန်သွင်းသူ(သို့မဟုတ်)၎င်း၏အသင်းဖော်က အပြစ်ကျူးလွန်လျှင်-

(က) အကယ်၍ ဘောလုံးသည် ဂိုးဝင်သွားပါက ပင်နယ်တီကိုပြန်ကန်စေရန်။

(ခ) အကယ်၍ ဘောလုံးသည် ဂိုးဝင်ခြင်းမရှိပါက ဒိုင်လူကြီးသည် ကစားပွဲကို ရပ်ဆိုင်းပြီး တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

အောက်ပါအချက်များမှအပ တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် ကစားပွဲကိုရပ်ဆိုင်း (သို့မဟုတ်) ပြန်လည်စတင်ခြင်းတို့အတွက် ဂိုးဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အလေးထားခြင်းမပြုရ။

(က) ပင်နယ်တီကိုနောက်ပြန်ကန်ခြင်း

(ခ) သတ်မှတ်ထားသော ပင်နယ်တီကန်မည့်သူက မကန်ဘဲ ၎င်း၏အသင်းမှ ကစားသမား တစ်ဦးက ဝင်ကန်ခဲ့လျှင် ဒိုင်လူကြီးသည် ထိုဝင်ကန်သူကို အဝါကတ်ပြ သတိပေးရမည်။

(ဂ) ပင်နယ်တီကန်ရာတွင် ကန်သွင်းမည့်သူသည် ကိုယ်ဟန်ပြလှည့်စားခြင်း(Feinting)ကို ပင်နယ်တီကန်ရန်ပြေးလာစဉ် တစ်ကြိမ်သာပြုလုပ်ရန် ခွင့်ပြုသည်။ပြေးလာစဉ်တွင် လှည့်စားခြင်းတစ်ကြိမ်နှင့် ပြီးဆုံးသည်။ ထပ်မံပြုလုပ်ပါက ထိုသူကို ဒိုင်လူကြီးက အဝါကတ်ပြ သတိပေးရမည်။

(၂) ဂိုးသမားက အပြစ်ကျူးလွန်ခြင်း။

(က) အကယ်၍ ဘောလုံးသည် ဂိုးအတွင်းသို့ဝင်သွားပါက ထိုဂိုးကို ခွင့်ပြုရမည်။

(ခ) အကယ်၍ ဘောလုံးသည် လွဲချော်ခဲ့လျှင် သို့မဟုတ် ဂိုးတိုင်၊ ဂိုးဘားတန်းများအား ထိပြီးနောက်ပြန်ကန်ထွက်လာခဲ့လျှင်၊ အကယ်၍ဂိုးသမားကျူးလွန်မှုသည် ကန်သွင်းသူအပေါ် ရှင်း လင်းစွာ အကျိုးသက်ရောက်မှုရှိခဲ့မှသာလျှင် ပင်နယ်တီကိုပြန်ကန်စေရမည်။

(ဂ) အကယ်၍ဂိုးသမားသည်ဂိုးဝင်နိုင်မှုအားကာကွယ်နိုင်ခဲ့လျှင်၊ ပင်နယ်တီကိုပြန်ကန်စေရမည်။

အကယ်၍ဂိုးသမား၏ပြစ်မှုကျူးလွန်မှုကြောင့် ပင်နယ်တီပြန်ကန်ရလျှင်၊ ပထမအကြိမ်ကျူး လွန်မှုအတွက် ဂိုးသမားအား နှုတ်ဖြင့်သတိပေးရမည်ဖြစ်ပြီး၊ မည်သည့်နောက်ဆက်တွဲကျူး လွန်မှုမျိုးကိုမဆို အဝါကတ်ပြသ အရေးယူရမည်။

(၃) ဂိုးသမားအသင်းဖော်မှ ပြစ်မှုကျူးလွန်ခဲ့လျှင်

အကယ်၍ ဘောလုံးသည် ဂိုးအတွင်းသို့ဝင်သွားပါက ထိုဂိုးကို ခွင့်ပြုရမည်။

အကယ်၍ ဘောလုံးသည် ဂိုးမဝင်ခဲ့ပါက ပင်နယ်တီကိုပြန်ကန်စေရမည်။

(၄) အသင်းနှစ်သင်းစလုံးမှ ကစားသမားက ဘောလုံးဥပဒေကို ချိုးဖောက်ပါက ကစားသမားတစ်ဦးက ပိုမိုကြီးလေးသော ပြစ်မှုကို ကျူးလွန်ခြင်းမရှိခဲ့လျှင် (ဥပမာ–တရားမဝင်ကိုယ်ဟန်ပြလှည့်စားခြင်း)၊

(၅) အကယ်၍ ခုခံကာကွယ်သည့် ဂိုးသမားနှင့် ပင်နယ်တီကန်သွင်းသူတို့က တစ်ချိန်တည်းတွင် ပြိုင်တူအ ပြစ်ကျူး လွန်ခြင်းပြုခဲ့လျှင်– ကန်သွင်းသူအား သတိပေးပြီး ခုခံကာကွယ် ကစားသည့်အသင်းအား တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့်ပြန်လည်စတင်ကစားစေရမည်။

အကယ်၍ ပင်နယ်တီကို ကန်လိုက်ပြီးနောက်–

(၁) ကန်သွင်းသူက အခြားကစားသမားတစ်ဦးတစ်ယောက်နှင့်အမျှ မထိမီ ထပ်မံ၍ ဘောလုံးကို ရယူကစားလျှင်–

(က) တစ်ဆင့်အလွတ်တည်ကန်ခြင်း (လက်ထိဘော ဥပဒေကျူးလွန်ပါက တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရန်)။

(၂) ဘောလုံးသည် ရှေ့သို့သွားနေခိုက် ပြင်ပလူနှင့် ထိမိခဲ့လျှင်–

(က) ဘောလုံးသည် ဂိုးအတွင်းသို့သွားနေခြင်းမဟုတ်ခဲ့လျှင် ထိုနှောက်ယှက်မှုသည် ဂိုးသမားနှင့် ခုခံကာကွယ်သည့် ကစားသမားတို့အတွက် အဆီးအတားမဖြစ်ခဲ့လျှင် ဘောလုံးသည် ဂိုးအတွင်းသို့ဝင်သွားပါက ဂိုးပေးရမည်။ (ဘောလုံးနှင့်ထိမိစေကာမူ) တိုက်စစ်ဆင်သည့် အသင်းက အနှောက်အယှက်ပေးခြင်းမဟုတ်ခဲ့လျှင်–

(၃) ဘောလုံးသည် ဂိုးသမား၊ ဂိုးဘား၊ ဂိုးတိုင်များမှတစ်ဆင့် ကစားကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ပြင်ပလူတစ်ဦးတစ်ယောက်နှင့် ထိခဲ့လျှင်–

(က) ဒိုင်လူကြီးသည် ကစားပွဲကို ရပ်လိုက်ရမည်။


(ခ) ပြင်ပလူနှင့် ဘောလုံးထိသည့်နေရာတွင် မြေချဘောဖြင့် ကစားပွဲကို ပြန်လည်စတင်ကစားစေရမည်။

၃။ **အကျဉ်းချုပ်ဇယား**

**ပင်နယ်တီကန်သွင်းမှုရလဒ်**

| | ဂိုးဝင်လျှင် | ဂိုးမဝင်ခဲ့လျှင် |
|---|---|---|
| တိုက်စစ်ကစားသစားမှ ကျူးကျော်ဝင်ရောက်ခြင်း | ပယ်နယ်တီပြန်ကန်ရန် | တဆင့်အလွတ်တည်ကန်ရန် |
| ခုခံကစားသမားမှ ကျူးကျော်ဝင်ရောက်ခြင်း | ဂိုးရ | ပင်နယ်တီပြန်ကန်ရန် |
| ခုခံကစားသမားနှင့်တိုက်စစ်ကစားသမားများကျူးကျော်ဝင်ရောက်ခြင်း | ပင်နယ်တီပြန်ကန်ရန် | ပင်နယ်တီပြန်ကန်ရန် |
| ဂိုးသမားက အပြစ်ကျူးလွန်ခြင်း | ဂိုးရ | မကာကွယ်နိုင်ခဲ့လျှင်--ပင်နယ်တီပြန်ကန်ခြင်းမပြုရန်(ကန်သွင်းသူအားရှင်းလင်းစွာအကျိုး သက်ရောက်မှုမရှိစေခဲ့လျှင်(<br><br>ကာကွယ်နိုင်ခဲ့လျှင်- -ပင်နယ်တီပြန်ကန်စေရမည်ဖြစ်ပြီး ဂိုးသမားအား ထပ်မံ ပြစ်မှုများကျူးလွန်ပါက အဝါကတ် ပြသခြင်း ခံရမည်ဟု နုတ်ဖြင့် |

| | | |
|---|---|---|
| | | သတိပေးရမည်။ |
| ဂိုးသမားနှင့်ကန်သွင်းသူတချိန်တည်းပြစ်မှုကျူးလွန်ခဲ့လျှင် | တဆင့်အလွတ်တည် ကန်ဘော နှင့် ကန်သွင်း သူ အား အဝါ ကတ် ပြသရန် | တဆင့်အလွတ်တည်ကန်ဘောနှင့် ကန်သွင်းသူအား အဝါကတ် ပြသရန် |
| ဘောလုံးအားနောက်သို့ပြန်ကန်ခြင်း | တဆင့်အလွတ်တည် ကန်ဘော | တဆင့်အလွတ်တည်ကန်ဘော |
| တရားမဝင်ကိုယ်ဟန်လှည့်စားခြင်း | တဆင့်အလွတ်တည် ကန်ဘောနှင့် ကန်သွင်းသူ အား အဝါကတ်ပြသရန် | တဆင့်အလွတ်တည်ကန်ဘောနှင့် ကန်သွင်းသူအား အဝါကတ်ပြသရန် |
| သတ်မှတ်ထားသူမဟုတ်ဘဲ အခြားကစားသမားကန်ခြင်း | တဆင့်အလွတ်တည် ကန်ဘောနှင့် မှား ယွင်းကန်သွင်းသူအား အဝါကတ်ပြသရန် | တဆင့်အလွတ်တည်ကန်ဘောနှင့် မှားယွင်းကန်သွင်းသူအား အဝါကတ်ပြသရန် |



## ဥပဒေ (၁၅)၊ ပစ်သွင်းခြင်း (The Throw-in)

ပစ်သွင်းခြင်းကို ဘောလုံးသည် ဘေးစည်းပေါ်မှ ဘောလုံးတစ်လုံးစာ မြေပြင်ပေါ်မှဖြစ်စေ၊ လေထဲမှဖြစ်စေ၊ ဖြတ်ကျော်သွားသည့်အချိန်တွင် ထိုဘောလုံးကို နောက်ဆုံးထိ ကစားစသည့် ကစားသမားနှင့် ယှဉ်ပြိုင်ဘက် ကစားသမား (တစ်ဖက်အသင်းသား) အား ပစ်သွင်းခွင့်ပြုခြင်းဖြစ်သည်။

ပစ်သွင်းဘောမှ ဂိုးထဲသို့ တိုက်ရိုက်ပစ်သွင်းခြင်းအားဖြင့် ဂိုးရရှိခြင်း မပြုနိုင်ပါ။

(၁) ယှဉ်ပြိုင်ဘက်အသင်း၏ ဂိုးအတွင်းသို့ ဘောလုံးတိုက်ရိုက်ဝင်ရောက်သွားပါက - ဂိုးမှတည်ကန်ခြင်းပြုစေရမည်။

(၂) ပစ်သွင်းသူ၏ ဂိုးအတွင်းသို့ ဘောလုံးတိုက်ရိုက်ဝင်ရောက်သွားပါက ထောင့်ကန်ဘောကန်ခြင်းပြုစေရမည်။

### ၁။ လုပ်ထုံးလုပ်နည်း

ဘောလုံးကို ပစ်သွင်းချိန်တွင် ပစ်သွင်းသူသည်-

(၁) မတ်တပ်ရပ်အနေအထားဖြင့် ကစားကွင်းဘက်သို့ မျက်နှာမူထားရမည်။

(၂) ပစ်သွင်းသူ၏ ခြေထောက်အစိတ်အပိုင်းတစ်ခုသည် ဘေးစည်းပေါ်တွင်ဖြစ်စေ(သို့မဟုတ်)ဘေးစည်း၏ ပြင်ပမြေပြင်ပေါ်တွင်ဖြစ်စေ ရှိနေရမည်။

(၃) ကစားကွင်းအပြင်ဘက်သို့ ဘောလုံးထွက်သွားသည့်နေရာမှ (ဘေးစည်းပေါ်မှနေ၍)ဘောလုံးကိုလက် နှစ်ဖက်စလုံးဖြင့် ကိုင်တွယ်၍ ဦးခေါင်း၏နောက်မှနေ၍ ဦးခေါင်းကိုကျော်ပြီး ပစ်သွင်းရမည်။

တစ်ဖက်အသင်းမှကစားသမားအားလုံးသည် ဘေးစည်းပေါ်ရှိပစ်သွင်းရမည့်နေရာနှင့် အနည်းဆုံး(၂)မီတာ (၂-ကိုက်) အကွာတွင် ရပ်လျက် အနေအထားဖြင့်ရှိနေရမည်။

ဘောလုံးကို (နည်းစနစ်မှန်ကန်စွာဖြင့်) ပစ်သွင်းလိုက်ပြီး၊ဘောလုံးသည် ကစားကွင်းအတွင်းသို့ ရောက်ရှိသွားသည်နှင့် ကစားမှုအထမြောက်သည်။ အကယ်၍ ဘောလုံးသည် ကစားကွင်းအတွင်းသို့မရောက်မီ မြေကြီးနှင့်ထိပါက မူလပစ်သွင်းသည့် အသင်းက မူလပစ်သွင်းရမည့်နေရာမှနေ၍ ပစ်သွင်းဘောကို ထပ်မံပစ်သွင်းရမည်။ အကယ်၍ ပစ်သွင်းဘောကို ပစ်သွင်းရာတွင် စနစ်တကျမှန်ကန်စွာ ပစ်သွင်းခြင်းမပြုပါက တစ်ဖက်ပြိုင်ဘက် အသင်းအား ပစ်သွင်းရမည်။

ကစားသမားတစ်ဦးသည် စနစ်တကျမှန်ကန်စွာ ပစ်သွင်းလိုက်သော်လည်း နောက်တစ်ကြိမ်ထပ်မံ၍ ပစ်သွင်းခွင့်ရရှိစေရန်အတွက် တစ်ဖက်အသင်းမှ ကစားသမားကို တမင်ရည်ရွယ်၍ ပစ်သွင်းလိုက်ရာတွင် ထိုပစ်သွင်းမှုသည် သတိမမူ၍ ပြုလုပ်ခြင်း၊ မဆင်မခြင်ပြုမူကစားခြင်း၊ လိုအပ်သည်ထက် အင်အားပိုမိုသုံးစွဲ၍ ကစားခြင်းမရှိပါက ဒိုင်လူကြီးသည် ကစားပွဲကို ဆက်လက်ကစားစေရမည်။

ပစ်သွင်းသူသည် အခြားသော ကစားသမားက ဘောလုံးနှင့် ထိကစားခြင်းမပြုသရွေ့ ထပ်မံထိခြင်းမပြုရ။

## ၂။ အပြစ်ကျူးလွန်ခြင်းနှင့်အရေးယူခြင်း


အကယ်၍ ကစားမှုအထမြောက်ပြီးသည့်နောက် အခြားကစားသမားတစ်ဦးဦးနှင့်မထိမီ မူလပစ်သွင်းသူက ထပ်မံ၍ ထိကစားလျှင် တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အကယ်၍ ပစ်သွင်းသူသည် လက်ထိဘော ဥပဒေကို ကျူးလွန်ပါက–

(၁) တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(၂) အကယ်၍ ပစ်သွင်းသူ၏ ပင်နယ်တီဧရိယာအတွင်းတွင် လက်ထိဘောဥပဒေကို ကျူးလွန်ပါက (ဂိုးသမားမှအပ) ပင်နယ်တီကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အကယ်၍ ဂိုးသမားသည် မိမိ၏ ပင်နယ်တီဧရိယာအတွင်း လက်ဖြင့်ထပ်မံ၍ ထိကိုင်ကစားခဲ့လျှင် တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးသည် ပစ်သွင်းဘော ပစ်သွင်းမည့်သူအား တရားမမျှတစွာစိတ်အာရုံပြောင်းအောင် (သို့မဟုတ်) တားဆီးနှောက်ယှက်လျှင် ပစ်သွင်းမည့်နေရာနှင့်(၂)မီတာ(၂–ကိုက်)ထက်နီးအောင် ဝင်ရောက်လာလျှင် ၎င်းအား အားကစားသမားကောင်း မပီသသည့် အပြုအမူဖြင့် သတိပေးရမည်။ အကယ်၍ ပစ်သွင်းဘောကို ပစ်သွင်းပြီးဖြစ်ပါက တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

ပစ်သွင်းဘောဥပဒေမှ အခြားသော ပြစ်မှုတစ်ခုခုကျူးလွန်ပါက တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးအား ပစ်သွင်းဘောကို ပစ်သွင်းစေရမည်။




## ဥပဒေ (၁၆)၊ ဂိုးဧရိယာမှ တည်ကန်ခြင်း (The Goal Kick)

ဂိုးဧရိယာမှ တည်ကန်ခြင်းကို ဂိုးစည်းပေါ်မှ မြေပြင်ပေါ်မှဖြစ်စေ၊ လေထဲမှဖြစ်စေ၊ဘောလုံးတစ်လုံးစာ လုံး၀ (လုံး၀) ဖြတ်ကျော်သွားချိန်တွင် တိုက်စစ်ဆင်သည့်အသင်းမှ ကစားသမားတစ်ဦးက နောက်ဆုံးထိကစား လိုက်ပြီး ဂိုး အဖြစ်သွင်းယူနိုင်ခြင်းမရှိပါက ဂိုးဧရိယာမှ တည်ကန်ခြင်းအဖြစ် သတ်မှတ်ရမည်။

ဂိုးဧရိယာမှ တိုက်ရိုက်ကန်ခြင်းဖြင့် ဂိုးသွင်းရယူနိုင်သည်။ သို့သော်ပြိုင်ဘက်တစ်ဖက်အသင်း၏ ဂိုးအတွင်းသို့ ကန်သွင်းခြင်းသာဖြစ်ရသည်။ ဘောလုံးသည် ကန်လိုက်သူ၏ ဂိုးအတွင်းသို့ တိုက်ရိုက်ဝင်ရောက်သွားပါက တစ် ဖက်အသင်းအား ထောင့်ကန်ဘောကန်ခြင်းဖြင့် ခွင့်ပြုရမည်။

၁။ **<u>လုပ်ထုံးလုပ်နည်း။</u>**

(၁) ဘောလုံးကို တည်ငြိမ်စွာတည်ထားပြီး ခုခံကစားသည့်အသင်းမှ ကစားသမားတစ်ဦးက ဂိုးဧရိယာ အတွင်း မည်သည့်နေရာမှမဆို ကန်ခွင့်ရှိသည်။

(၂) ဘောလုံးကို ထိကန်လိုက်၍ သိသာစွာလှုပ်ရှား (ရွေ့လျား) သွားသည်နှင့် ကစားမှုအထမြောက်သည်။

(၃) ပြိုင်ဘက်တစ်ဖက်အသင်းမှ ကစားသမားများသည် ဘောလုံးကစားမှုအထမြောက်သည်အထိ ပင်နယ် တီဧရိယာ အပြင်ဘက်တွင် ရှိနေရမည်။

၂။ **အပြစ်ကျူးလွန်ခြင်းနှင့်အရေးယူခြင်း**

အကယ်၍ ကစားမှုအထမြောက်ပြီးသည့်နောက်တွင် (ဂိုးမှတည်ကန်ဘော) ကန်သူသည် အခြားသော ကစားသမားတစ်ဦးတစ်ယောက်နှင့်မျှ မထိမီ၊ ထပ်မံ၍ ဘောလုံးကို ထိကစားပါက တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အကယ်၍ ထိကစားသူသည် လက်ထိဘောအပြစ်ကို ကျူးလွန်ခြင်းဖြစ်ပါက–

(က) တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

( ခ) အကယ်၍ ကန်လိုက်သူ၏ ပင်နယ်တီဧရိယာအတွင်း အပြစ်ကျူးလွန်ခြင်းဖြစ်ပါက ပင်နယ်တီကန်ခြင်းဖြင့် အပြစ်ပေးရမည်။အကယ်၍ ဂိုးသမားသည် ကန်လိုက်သူဖြစ်ပြီး လက်ဖြင့် ထပ်မံကိုင်တွယ်ပါက တစ်ဆင်အလွတ်တည်ကန်ခြင်းဖြင့် အပြစ်ပေးရမည်။

အကယ်၍ ဂိုးမှတည်ကန်ခြင်းပြုနေချိန်တွင် ပင်နယ်တီဧရိယာအတွင်း ရောက်ရှိနေရာမှ ထွက်ခွာရန် အချိန်လုံလောက်စွာမရရှိခဲ့လျှင် ဒိုင်လူကြီးသည် ကစားပွဲကို ဆက်လက်ကစားရန် ခွင့်ပြုရမည်။ ဂိုးမှတည်ကန်ခြင်းပြုနေချိန်တွင် ပင်နယ်တီဧရိယာအတွင်း ရောက်ရှိနေသည့် တစ်ဖက်အသင်းမှ ကစားသမားတစ်ဦး(သို့မဟုတ်) ကစားမှု အထမြောက်ခြင်းမရှိမီ ပင်နယ်တီဧရိယာအတွင်းသို့ ဝင်ရောက်လာသူသည် ဘောလုံးကိုထိခြင်း၊ လုယူကစားခြင်းပြုပါက ဂိုးမှတည်ကန်ခြင်းကို ပြန်လည်၍ ကန်စေရမည်။

ကစားသမားတစ်ဦးသည် ဘောလုံးကစားမှု အထမမြောက်မီ ပင်နယ်တီဧရိယာအတွင်းသို့ ဝင်ရောက်လာပြီး အပြစ်တစ်စုံတစ်ရာကျူးလွန်ခြင်း(သို့မဟုတ်)တစ်ဖက်အသင်းမှ ကစားသမားတစ်ဦးက အပြစ်တစ်စုံတစ်ရာကျူးလွန် ခဲ့လျှင် ဂိုးမှတည်ကန်ခြင်းကို ပြန်လည်ပြုလုပ်စေပြီး အပြစ်ကျူးလွန်သူကို သူ၏အပြစ်ကျူးလွန်မှုအပေါ်မူတည် ၍ အဝါကတ်ပြသတိပေးခြင်း၊ အနီကတ်ပြထုတ်ပယ်ခြင်းများပြုလုပ်ရမည်။

အခြားသော ဥပဒေကျူးလွန်မှုများအတွက် ဂိုးမှတည်ကန်ခြင်းကို ပြန်လည်၍ ပြုလုပ်စေရမည်။




## ဥပဒေ(၁၇)၊ ထောင့်မှတည်ကန်ခြင်း (The Corner Kick)

ထောင့်မှတည်ကန်ခြင်းကို (ဥပဒေ ၁၀ နှင့်အညီ) ဂိုးဝင်ခြင်းမရှိဘဲ ခုခံကစားသည့်အသင်းမှ ကစားသမား တစ်ဦးဦးက ဘောလုံးနှင့် ထိမိပြီးနောက် ဘောလုံးသည် မြေပြင်ပေါ်မှဖြစ်စေ၊ လေထဲမှဖြစ်စေ၊ ဂိုးစည်းပေါ်မှနေ၍ ဘောလုံးတစ်လုံးစာ လုံးဝ(လုံးဝ)ဖြတ်ကျော်သွားပါက တိုက်စစ်ဆင်သည့် အသင်းအား ထောင့်ကန်ဘောအဖြစ် ကန် ခွင့်ပြုရခြင်းဖြစ်သည်။

ထောင့်ကန်ဘောကန်ရာတွင် တိုက်စစ်ဆင်သည့်အသင်းမှ တစ်ဖက်အသင်း၏ဂိုးထဲသို့ တိုက်ရိုက် ဂိုးဝင်သွားခဲ့မှသာ ဂိုးအဖြစ်သတ်မှတ်ပေးရမည်။ အကယ်၍ ဘောလုံးသည် ထောင့်ကန်ဘောကန်သူ၏ အသင်းဘက်သို့ ဂိုးဝင်သွားပါက တစ်ဖက်အသင်းအား ထောင့်ကန်ဘောကန်ရန် ကန်ခွင့်ပြုရမည်။

၁။ **<u>လုပ်ထုံးလုပ်နည်း</u>**

(၁) ဂိုးစည်းမှ ဘောလုံးဖြတ်ကျော်သွားသည့်နေရာနှင့် အနီးဆုံးသော ထောင့်ကန်စက်ဝိုင်းစိတ်အတွင်း ဘောလုံး ကို တည်ထားရမည်။

(၂) ဘောလုံးကို တည်ငြိမ်စွာတည်ထားပြီး တိုက်စစ်ဆင်သည့်အသင်းမှ ကစားသမား တစ်ဦးက ကန်ရမည်။

(၃) ဘောလုံးကို ကန်လိုက်ပြီးနောက် သိသာစွာရွေ့လျားသွားသည်နှင့် ကစားမှုအထမြောက်သည်။ ထောင့်ကန်ဧရိယာကို ကျော်သွားရန်မလိုအပ်ပါ။

(၄) ထောင့်အလံတိုင်ကို နုတ်ပယ်ခြင်း၊ ရွှေ့ပြောင်းခြင်းမပြုရ။

(၅) တစ်ဖက်အသင်းမှ ကစားသမား (ခုခံကစားသည့်အသင်း)သည် ဘောလုံးကစားမှုမြောက်သည်အထိ ထောင့်ကန်ဧရိယာနှင့်အနည်းဆုံး (၉.၁၅)မီတာ(၁၀-ကိုက်) အကွာတွင် ရှိနေရမည်။

၂။ **<u>အပြစ်ကျူးလွန်ခြင်းနှင့် အရေးယူခြင်း</u>**

အကယ်၍ ကစားမှုအထမြောက်ပြီးနောက် (ထောင့်ကန်ဘော)ကို ကန်သူသည် အခြားကစား သမားတစ်ဦးဦးနှင့်မျှ မထိသေးမီ (ဒုတိယအကြိမ်အဖြစ်) ဘောလုံးကို ထိကစားလျှင် ထိုအသင်းဘက်သို့ တစ်ဆင့်အလွတ်တည်ကန်ဘောကန်ခြင်းဖြင့် အပြစ်ပေးရမည်။ အကယ်၍ ထိုကန်သူသည်

**<u>လက်ထိဘောအပြစ်ကို ကျူးလွန်ပါက-</u>**

(က) တိုက်ရိုက်အလွတ်တည်ကန်ဘောကန်ခြင်းဖြင့် အပြစ်ပေးရမည်။

(ခ) အကယ်၍ အပြစ်ကျူးလွန်ခြင်းသည် ကျူးလွန်သူ၏ ပင်နယ်တီဧရိယာအတွင်း ကျူးလွန်ပါက <u>ပင်နယ်တီကန်ခြင်းဖြင့်အပြစ်ပေးရမည်။</u> အကယ်၍ ကန်သူသည် ဂိုးသမားဖြစ်ခဲ့လျှင် (ဒုတိယအကြိမ်ကျူးလွန်ခြင်းအတွက်) <u>တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြင့်</u> အပြစ်ပေးရမည်။

ကစားသမားတစ်ဦးသည် ထောင့်ကန်ဘောကို မှန်ကန်စွာ ကန်လိုက်သော်လည်း ထပ်မံကန်ခွင့်ရရှိစေရန် ရည်ရွယ်၍ တစ်ဖက်ကစားသမားတစ်ဦးအား ထိအောင်တမင်ရည်ရွယ်၍ ကန်လိုက်သည်။ သို့သော် ထိုကစားသမားသည် သတိမမူခြင်း၊ မဆင်မခြင်ကစားခြင်း၊ လိုအပ်သည်ထက်ပို၍ အင်အားအသုံးပြုကစားခြင်းမရှိပါက( ဒိုင်လူကြီးက ယူဆပါက) ဒိုင်လူကြီးသည် ထိုကစားပွဲကို ဆက်လက်ကစားခွင့်ပြုရမည်။

အခြားသော အပြစ်ကျူးလွန်မှုမျိုးမဆို ပြုလုပ်ပါက ထောင့်ကန်ဘောကိုပြန်လည်၍ ကန်စေရမည်။




**နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်ဘုတ်အဖွဲ့ (IFAB )၏ နောက်ဆုံးထုတ်ပြန်လိုက်သော ဘောလုံးဥပဒေ (Laws of the Game)စာအုပ် ၊စာမျက်နှာ (၁၇၉)တွင် ဖော်ပြထားသော (Glossary) အဓိပ္ပါယ် ပြန်ဆိုချက်**

Glossary (အဓိပ္ပါယ်ပြန်ဆိုချက် )

အဓိပ္ပါယ်ပြန်ဆိုချက်တွင် ဘောလုံးဥပဒေအသေးစိတ်များကို ကျော်လွန်၍ အခြားဘာသာများဖြင့် ပြန်ဆိုရန် အမြဲတမ်းလွယ်ကူစွာမပြန်ဆိုနိုင်သည့် ရှင်းလင်းချက်များနှင့် ထင်ရှားစေသည့်အချက်များ၊ စကားလုံးများ၊ စကားစုများပါဝင်သည်။

**ဘောလုံးနှင့်သက်ဆိုင်သည့်အဖွဲ့အစည်းများ**

**The IFAB– (The International Football Association Board)**

နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်ဘုတ်အဖွဲ့

ဤအဖွဲ့အစည်းတွင် ဘောလုံးဥပဒေများကို ကမ္ဘာ့အနှံ့ပြန့်နှံ့စေရန် တာတန်ရှိသည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (**FIFA**) နှင့် ဗြိတိသျှဘောလုံးအဖွဲ့ချုပ်(၄)ခု၊ (အင်္ဂလန်၊ အိုင်ယာလန်၊စကော့တလန်နှင့် ဝေးလ်) တို့ပါဝင်သည်။ အခြေခံအားဖြင့် ဘောလုံးဥပဒေပြင်ဆင်ခြင်းကို နှစ်စဉ်ဖေဖေါ်ဝါရီလ(သို့မဟုတ်) မတ်လအတွင်းကျင်းပသည့် (IFAB) ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးမှ အနည်ပြုပြီးမှသာ အတည်ဖြစ်သည်။

**FIFA (Federation International de Football Association)**

**ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်**

ကမ္ဘာတစ်ဝှမ်းတွင် ဘောလုံးနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ တာဝန်ရှိသည့် အုပ်ချုပ်ရေး အဖွဲ့အစည်း ဖြစ်သည်။

**Confederations နိုင်ငံပေါင်းစုံ(တိုက်ကြီးများအလိုက်) ဘောလုံးအဖွဲ့ချုပ်**

တိုက်ကြီးများ အလိုက် ဘောလုံးနှင့်ပတ်သက်သည့် တာဝန်ရှိသောအဖွဲ့အစည်းဖြစ်သည်။ ထိုအဖွဲ့အစည်း (၆) ခုမှာ AFC (အာရှဘောလုံးအဖွဲ့ချုပ်)၊ UEFA (ဥရောပဘောလုံးအဖွဲ့ချုပ်)၊ CAF(အာဖရိကဘောလုံးအဖွဲ့ချုပ်၊ Concacaf (မြောက်၊ အလယ်အမေရိကနှင့် ကရစ်ဘီယံဘောလုံးအဖွဲ့ချုပ်၊ Conmebol (တောင်အမေရိကဘောလုံးအဖွဲ့ချုပ်နှင့် OFC (သမုဒ္ဒရာပိုင်းဒေသဘောလုံးအဖွဲ့ချုပ်များ) ဖြစ်သည်။

**National Football Association အမျိုးသား (နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်)** နိုင်ငံတစ်နိုင်ငံစီ၏ ဘောလုံးရေးရာကိစ္စများ တာဝန်ရှိအဖွဲ့အ စည်း

(ဥပမာ–မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊(MFF) Myanmar Football Federation)

ထိုင်းနိုင်ငံဘောလုံးအဖွဲ့ချုပ် (FAT) Football Association of Thailand)

**Football Terms (ဘောလုံးနှင့်ပတ်သက်သည့်အခေါ်အဝေါ်များ)**

A.

**Abandon** **= ရပ်ဆိုင်းခြင်း**

ဘောလုံးပွဲတစ်ပွဲတွင် သတ်မှတ်ထားသော ကစားချိန်မပြည့်မီတွင် ကစားပွဲကို ပြီးဆုံးစေခြင်း/ရပ်ဆိုင်းလိုက်ခြင်း။

**Advantage** **= အခွင့်သာမှုပေးခြင်း**

ပြစ်မှုတစ်ခုကို ကျူးလွန်ရာတွင်ပြစ်မှုကျူးလွန်ခြင်းခံရသည့်အသင်း အတွက်အကျိုးရှိစေမည်ဆိုပါကကစားပွဲကို ဆက်လက် ကစားရန် ဒိုင်လူကြီး၏ ခွင့်ပြုချက်ဖြစ်သည်။

**Additional time** **= ဖြည့်စွက်/ထက်ဆောင်းအချိန်ပို**

လူစားလဲလှယ်ခြင်း၊ ဒဏ်ရာအနာတရရရှိခြင်း၊ စည်းကမ်းပိုင်း ဆိုင်ရာ အရေးယူခြင်း၊ဂိုးသွင်းပြီးနောက်အောင်ပွဲခံခြင်း စသည့် ဆုံးရှုံးသွားသောအချိန်များအတွက် ကစားပွဲ၏ အချိန်တဝက်စီ ကုန်ဆုံးသွားချိန်များတွင် ဖြည့်စွက်ခွင့်ပြုသည့် အချိန်ပို။

**Assessment of injured players** **= ဒဏ်ရာရ ကစားသမားကို ပြုစုခြင်း။**

ဆေးဘက်ဆိုင်ရာ ပညာရှင်တစ်ဦးက ဒဏ်ရာရရှိမှုတစ်ခုအပေါ် ဒဏ်ရာရကစားသမားက ကုသမှုခံယူရန် လိုအပ်မှုရှိ-မရှိကို အမြန်စစ်ဆေးကြည့်ရှုခြင်း။

**Away goals rule** **= အဝေးကွင်းတွင် ရ ဂိုးဥပဒေ**

အသင်းနှစ်သင်းက ဂိုးအရေအတွက်တူ ဂိုးသွင်းခြင်း (သို့မဟုတ်) ဂိုးမသွင်းနိုင်ခြင်းဖြစ်ပေါ်ပါက အဝေးကွင်းတွင် ရဂိုးကို နှစ်ဆတိုး၍ ခွင့်ပြုသည့် ကစားပွဲတစ်ပွဲ၏ အနိုင်-အရှုံး ဆုံးဖြတ်သည့် နည်းစနစ်။

B.

**Brutality** **= ရိုင်းစိုင်းရက်စက်စွာ ပြုမူခြင်း**

ရိုင်းစိုင်းရက်စက်စွာ၊ ညှာတာမှုကင်းစွာနှင့် အားကြီးစွာဖြင့် တမင်ဆိုးသွမ်းရိုင်းပြသည့် အပြုအမူကို ပြုမူခြင်း။

C.

**Coution** **= သတိပေးခြင်း**

စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုအတွက် တာဝန်ရှိအဖွဲ့အစည်းသို့ ရေးသားတင်ပြရသည့် အစီရင်ခံစာဖြစ်သည်။ အစီရင်ခံစာတွင် အဝါကတ်ပြသခြင်းကို ဖော်ပြပြီး ကစားပွဲတစ်ပွဲအတွင်း

အဝါကတ် နှစ်ကြိမ် အပြခံရပါက ထိုကစားသမားနှင့် အသင်း၏ တာဝန်ရှိသူ ကို ကစားကွင်းမှ ထုတ်ပယ်သည့် ပြစ်ဒဏ်ဖြစ်သည်။

**Challenge** **= ယှဉ်ပြိုင်လုယူကစားခြင်း**

ကစားသမားတစ်ဦးသည်ပြိုင်ဘက်ကစားသမားတစ်ဦးနှင့်ဘောလုံး ကို ရှရိရေးအတွက် လုယူကစားသည့် လှုပ်ရှားမှုတစ်ရပ် ဖြစ်သည်။

**Charge (an opponent)** **= ပြိုင်ဘက်တစ်ဦးနှင့် တွန်းတိုက်ကစားခြင်း**

ပြိုင်ဘက်ကစားသးမားတစ်ဦးနှင့် ကိုယ်ကာယဖြင့်(တရားမျှ တစွာ) တွန်းတိုက်ကစားခြင်းဖြစ်သည်။ ပုခုံးနှင့် လက်မောင်းအထက်ပိုင်းကို (ကိုယ်နှင့်နီးကပ်စွာထားပြီး) ပုခုံးခြင်း တွန်းတိုက်ကစားခြင်းဖြစ်သသည်။

**Cooling break** **= ကိုယ်အပူရှိန်မြင့်တက်ခြင်းသက်သာစေရန် ခေတ္တအနားပေးခြင်း**

တစ်စုံတစ်ခုသော ရာသီဥတုအနေအထား (စိုစွတ်ထိုင်းမှိုင်းစွားနှင့် မြင့်မားသောအပူရှိန်ကြောင့် ကစားသမား၏ အခြေအနေ ကောင်းမွန်စေရန်နှင့် ဘေးအန္တရာယ်ကင်းစေရန် ကိုယ်ခန္ဓာ၏ အပူရှိန်ကို လျော့ကျစေရန်အတွက် စက္ကန့် (၉၀) မှ (၃)မိနစ် အထိ ပြိုင်ပွဲစည်းကမ်းများတွင် ဖော်ပြထားရသည့် ကိုယ်ခန္ဓာအေးစေရန် ရပ်နားခွင့်ပြုထားသည့် အချိန်ဖြစ်သည်။ (ရေသောက်ခွင့်ပြုသည့် ရပ်နားချိန်နှင့်မတူပါ)။

D.

**Deceive** **= လိမ်လည်သည်**

ဒိုင်လူကြီးအား ဆုံးဖြတ်ချက်အမှားချစေရန် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမှားယွင်းစေရန်အတွက် လိမ်လည်သူနှင့်သူ၏ အပြုလုပ်ခြင်း။

**Deliberate** **= ရည်ရွယ်၍ ပြုလုပ်သည်**

ကစားသမားတစ်ဦးက တမင်ရည်ရွယ်၍ ပြုလုပ်သည့် လှုပ်ရှားမှုတစ်ခု၊ ၎င်းသည် တုန့်ပြန်မှု (သို့မဟုတ်) ရည်ရွယ်ချက်မရှိဘဲ လုပ်ဆောင်သည့်တုန့်ပြန်မှုမျိုးမဟုတ်။

**Direct free kick** **= တိုက်ရိုက်အလွတ်တည်ကန်ခြင်း**

တစ်ဖက်အသင်း၏ ဂိုးအတွင်းသို့ အခြားကစားသမားတစ်ဦးနှင့်မျှ ထိစရာမလိုပဲ၊ တိုက်ရိုက်ကန်သွင်း၍ ဂိုးရရှိနိုင်သည့် အလွတ်တည်ကန်ခြင်းမျိုးဖြစ်သည်။

**Discretion** = **အစစဆင်ခြင်၍သတိရှိမှု**
ဒိုင်လူကြီးနှင့် အခြားတာဝန်ကျဒိုင်လူကြီးများ၊ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရန်အသုံးပြုသည့် ဆုံးဖြတ်ချက်။

**Dissent** = **သဘောထားကွဲလွဲခြင်း။**
တာဝန်ကျဒိုင်လူကြီးတစ်ဦး၏ ဆုံးဖြတ်ချက်ကို နှုတ်အားဖြင့် (သို့မဟုတ်) ကိုယ်ကာယအားဖြင့် ကန့်ကွက်ခြင်း၊ သဘောမတူခြင်းကို ပြသသည့်အမူအယာမျိုး(အဝါကတ်ပြ၍သတိပေးခြင်းပြုနိုင်သည်)။

**Distract** = **စိတ်အာရုံပြန့်လွင့်ခြင်း၊ ရှုပ်ထွေးခြင်း။**
စိတ်အာရုံကို စုစည်း၍ မရအောင်နှောက်ယှက်ခြင်းဦ စိတ်ရှုပ်ထွေးအောင်ပြုလုပ်ခြင်း (တရားမျှတမှုမရှိပါ)။

**Drink's break** = **ရေသောက်ရန် ရပ်နားခွင့်ပြုခြင်း**
ကစားသမားများ မောဟိုက်၍ ရေဓာတ်ရရှိစေရန် ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများတွင် (၁မိနစ်)ထက် မပိုစေပဲ ခွင့်ပြုခြင်း။ (ကိုယ်ခန္ဓာအပူရှိန်ကျစေရန် အအေးဓာတ်ပေးခြင်းနှင့် မသက်ဆိုင်ပါ)။

**Dropped ball** = **မြေချဘော**
ကစားပွဲပြန်စရန် ပြုလုပ်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ အသင်းမှ ဘောလုံးနှင့် နောက်ဆုံးထိလိုက်သည့် ကစား သးမားတစ်ဦးကို ဒိုင်လူကြီးက ချပေးခြင်းဖြစ်သည်။ (ဂိုးဧရိယာအတွင်း ဒိုင်လူကြီးကချပေးသည့်ဘောလုံးမှအပ)။ဘောလုံးသည် မြေကြီးနှင့် ထိသည် နှင့် ကစားမှုအထမြောက်သည်။

E.

**Electronic Player tracking system (EPTS)** = **ကစားသမားအတွက် လျှပ်စစ်ခြေရာခံစနစ်**
ကစားသမား၏ကာယနှင့် ဇီဝလှုပ်ရှားမှုများကို ဆန်းစစ်လေ့လာခြင်းနှင့် မှတ်တမ်းတင်သည့်စနစ်။

**Endanger the safety of an opponent** = **ပြိုင်ဘက်တစ်ဦး၏ ဘေးအန္တရာယ်လုံခြုံမှု**
ပြိုင်ဘက်ကစားသမားတစ်ဦးအပေါ်(အနာတရဖြစ်စေရန်)၊ အန္တရာယ် (သို့မဟုတ်) ပျက်စီးဆုံးရှုံးစေမည့် ပြုမူချက်။

**Excessive force** = **လိုအပ်သည်ထက် အင်အားပိုမိုသုံးစွဲခြင်း**
လိုအပ်သည့်အင်အား/စွမ်းအင်ထက်ပိုမိုသုံးစွဲ၍ ကစားခြင်း။

**Extra time** = **ဖြည့်စွက်အချိန်ပို**

ကစားပွဲတစ်ပွဲ၏ထွက်ပေါ်လာမည့်ရလာဒ်ကိုဆုံးဖြတ်ရန်(၁၅)မိနစ်စီထက်မပိုသော တူညီသည့် အချိန်ပိုဖြင့်ကစားခြင်း။

F.

**Feinting** **= ကိုယ်ဟန်ပြလှည့်စားခြင်း**

တစ်ဖက်အသင်းမှ ကစားသမား၏ စိတ်ကိုရှုပ်ထွေးစေရန်ကြိုး စားသည့် လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ဘောလုံးဥပဒေက ခွင့်ပြုခြင်းနှင့် ခွင့်မပြုသည့် တရားမဝင်ကိုယ်ဟန်ပြလှည့်စားခြင်းကို သတ်မှတ်ပေးထားသည်။

**Field of Play (pitch)** **= ကစားကွင်း**

ဘေးစည်းများ၊ ဂိုးစည်းများနှင့် ဂိုးပိုက်များကို နယ်နိမိတ်အဖြစ်အသုံးပြု၍ သတ်မှတ်ထားသည့် ကစားကွင်းဧရိယာဖြစ်သည်။

G.

**Goal line technology (GLT)** **= ဂိုးစည်းနည်းပညာ**

ဂိုးတစ်ဂိုးသွင်းပြီးနောက် ဒိုင်လူကြီးအားအလျှင်အမြန်သတင်းပေးပို့သည့်လျှပ်စစ်ပိုင်းဆိုင်ရာနည်းစနစ်(ဥပမာ-ဘောလုံးသည်ဂိုးတိုင်များ အတွင်းမှ ဂိုးစည်းကို ဘောလုံးတစ်လုံးစာ လုံးဝဖြတ်ကျော်သွားသည့်အခါ(အသေးစိတ်ကို ဥပဒေ-၁တွင် ကြည့်ပါ)။

H.

**Hybrid system** **= ပေါင်းစပ်ထားသည့်နည်းစနစ်**

နေရောင်ခြည်၊ ရေ၊ လေကောင်းလေသန့်နှင့် မြက်ရိတ်ထားသည့်မြက်ခင်းတုနှင့် သဘာဝမြက်ခင်းပေါင်းစပ်ထားသော ကစားကွင်းမျက်နှာပြင်။

I.

**Impede** **= တားဆီးနှောက်ယှက်သည်**

ပြိုင်ဘက်ကစားသမား၏ပြုမူမှု၊ လှုပ်ရှားမှုများကို နှောင့်နှေးအောင် ပိတ်ဆို့/ကာကွယ်တားဆီးခြင်း။

**Indirect free kick** **= တစ်ဆင့်အလွတ်တည်ကန်ခြင်း**

ဘောလုံးကို ကန်လိုက်ပြီးနောက်အခြားကစားသမားတစ်ဦးနှင့်ထိ(မည်သည့်အသင်းမှဖြစ်စေ)ပြီးမှ ဂိုးရရှိနိုင်သည့် တစ်ဆင့်အလွတ်တည်ကန်ခြင်းဖြစ်သည်။

**Intercept** **= ကြားဖြတ်ရယူသည်**

ရည်ရွယ်ထားသောနေရာသို့ ဘောလုံးမရောက်ရှိစေရန် တားဆီးခြင်း။

K.

**Kick** **= ကန်ခြင်း**

ကစားသမားတစ်ဦးက ခြေထောက်/ခြေမျက်စိဖြင့် ဘောလုံးကို ထိကန်ခြင်း။

**Kicks from the penalty mark** **= ပင်နယ်တီအမှတ်မှ ကန်ခြင်း**

ကစားပွဲ၏ အနိုင် – အရှုံးကို ဆုံးဖြတ်သည့်နည်းဖြစ်သည်။ နှစ်သင်းစလုံးက တစ်လှည့်စီကန်ပြီး တူညီသည့်အကြိမ်ဖြင့် တစ်သင်းကတစ်ဂိုး အသာရသည်အထိ ကန်ခြင်းဖြစ်သည်။(ပထမ ၅ လုံးစီကန်ရာတွင် အသင်းတစ်သင်းက အခြားအသင်းရသည့် ဂိုးအရေအတွက်နှင့်တူအောင် မကန်သွင်းနိုင်ပါက ကျန်ရှိသည့် ကန်ခွင့်ရအကြိမ်များ ဂိုးဝင်သည့်တိုင်)။

N.

**Negligible** **= ထည့်သွင်းစဉ်းစားရန်မလိုသော**

အရေးမပါသော၊ အသေးဆုံးသော

O.

**Offence** **= ဥပဒေချိုးဖောက်ခြင်း**

ဘောလုံးဥပဒေကို ချိုးဖောက်ခြင်း၊ စည်းကမ်းချိုးဖောက်ခြင်း၊ ဆိုးသွမ်းရိုင်းပျသည့်အပြုအမူကို တခါတရံ ပုဂ္ဂိုလ်တစ်ဦး၊ အထူးသဖြင့်ပြိုင်ဘက်ကစားသမားတစ်ဦးအပေါ်တရားမဝင်သည့် အပြု အမူကို ကျူးလွန်ခြင်း။

**Offensive, insulting or abusive language** **= ပုတ်ခတ်ခြင်း၊စော်ကားခြင်း(သို့မဟုတ်)ဆဲရေးတိုင်းထွာခြင်း။**

ရိုင်းပျသော၊ ထိုခိုက်နာကျင်စေသော၊ အရှိအသေနည်းပါးသော၊ ကိုယ်နှုတ်အမူအယာများဖြင့် ပြုမူသည့် ထုတ်ပယ်ရမည့် ပြစ်ချက်များ (အနီကတ်)။

**Outside agent** **= ပြင်ပလူ**

ဒိုင်လူကြီး၊ အသင်း၏စာရင်းတွင်ပါဝင်သည့် ကစားသမား၊ အရံကစားသမားများ၊ အသင်း၏တာဝန်ရှိသူများမှအပ အခြားသော

တစ်ဦးတစ်ယောက်၊ တိရစ္ဆာန်၊ အရာဝတ္ထု၊ပုံသဏ္ဍာန်ရှိ ပစ္စည်းကို ခေါ်သည်။

P.

**Penalise** **= အပြစ်ပေးသည်**

ကစားပွဲကို ရပ်ဆိုင်း၍ အပြစ်ကျူးလွန်သည့် အသင်းအား အလွတ်တည်ကန်ခြင်း၊ ပင်နယ်တီကန်ခြင်းတို့ဖြင့်တစ်ဖက်အသင်းကို ကန် ခွင့်ပြုစေသောအပြစ်ပေးနည်းဖြစ်သည်။ ***(အခွင့်သာမှုပေးခြင်း ကို လည်း ရှုပါ)။***

**Played** **= ကစားသည်**

ဘောလုံးနှင့်ထိတွေ့၍ ကစားသူ၏ အပြုအမူ။

**Playing distant** **= ကစားနိုင်သည့်အကွာအဝေး**

ကစားသမားတစ်ဦးအား ခြေထောက်ကိုဆန့်ထုတ်၍ဖြစ်စေ၊ ခုန်ဝင်၍ဖြစ်စေ၊ဂိုးသမားအား လက်များကို ခုန်၍/ ဆန့်တန်း၍ ဖြစ်စေ ဘောလုံးကစားရန် ခွင့်ပြုသည့် အကွာအဝေး ဖြစ်သည်။ ထိုအကွာအဝေးသည် ကစားသမား၏ ကိုယ်ကာယအရွယ်အစား အပေါ်တွင် မူတည်သည်။

Q.

**Quick free kick** **= အလွတ်တည်ကန်ခြင်းကို အမြန်ကန်ခြင်း**

ကစားမှုရပ်ဆိုင်းသွားပြီးနောက် အလွတ်တည်ကန်ခြင်းကို (ဒိုင်လူကြီး၏ခွင့်ပြုချက်အရ) အမြန်ကန်ခြင်း။

R.

**Rackless** **= မဆင်မခြင်ပြုမူခြင်း**

ကစားသမားတစ်ဦးသည် ပြိုင်ဘက်ကစားသမားကို ဂရုမစိုက် (လျစ်လျူရှု၍) အန္တရာယ်ဖြစ်စေခြင်း (သို့မဟုတ်) ၎င်း၏ အကျိုးဆက်ကြောင့် အန္တရာယ်ဖြစ်စေခြင်းများ ဖြစ်စေရန်ပြုမူ (အများအားဖြင့် လုယူဖျက်ထုတ်ကစားရာတွင်)သည့် အပြုအမူဖြစ်သည်။ ကစားမှုရပ်ဆိုင်းသွားပြီး ခဏအကြာ ကစားပွဲကို ပြန်လည်စတင် ကစားစေသည့် နည်းလမ်းတစ်ခုဖြစ်သည်။

S.

**Sanction** **= အရေးယူခြင်း**

ဒိုင်လူကြီး၏ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းဖြစ်သည်။

**Save** **= ကာကွယ်သည်**

ကစားသမားတစ်ဦးသည် ဘောလုံးက ဂိုးထဲသို့ ဝင်လုဆဲဆဲဖြစ်နေခိုက်၊ လက်/လက်မောင်းမှအပ ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုဖြင့်တားဆီးခြင်း (သို့မဟုတ်) တားဆီးရန်ကြိုးစားခြင်းကို ခေါ်သည်။(ဂိုးသမားသည် မိမိ၏ပင်နယ်တီဧရိယာအတွင်း လက်ဖြင့်ကိုင်တွယ်ခြင်းမှအပ)။

**Sending – off** **= ထုတ်ပယ်ခြင်း**

ကစားသမားတစ်ဦးသည် ထုတ်ပယ်ရမည့် ပြစ်ချက်ကို ကျူးလွန်သဖြင့် ကစားပွဲ၏ ကျန်အချိန်များတွင် ကစားခွင့်မရရန် (အနီကတ် ဖြင့်ဖော်ပြ) ထုတ်ပယ်သည့် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူ မှုတစ် ခုဖြစ်သည်။ ကစားပွဲစတင်ပြီးသည့်အချိန်တွင် ထိုကစားသမား သည် လူစားလဲလှယ်ခြင်း ပြုလုပ်ခွင့်မရှိ။ အသင်းတာဝန်ရှိ သူ သည်လည်း ထုတ်ပယ်ခြင်းကို ခံရမည်။

**Serious foul play** **= ကြီးလေးသောပြစ်မှုကိုကျူးလွန်ခြင်း**

ဘောလုံးကိုခြေထောက်ဖြင့်ဖြစ်စေ၊ အခြားကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့်ဖြစ်စေ၊ လုယူဖျက်ထုတ်ကစားရာတွင် ပြိုင်ဘက် ကစားသမား၏ လုံခြုံမှုကို အန္တရာယ်ဖြစ်စေသော လိုအပ်သည့်အင်အားထက် ပိုမိုသုံးစွဲ၍ ကြမ်းတမ်းရက်စက်စွာကစားခြင်းသည် ထုတ်ပယ် (အနီကတ်ပြ၍) ရမည့်အပြစ်ကျူးလွန်မှုဖြစ်သည်။

**Signal** **= သင်္ကေတပြခြင်း**

ဒိုင်လူကြီးကဖြစ်စေ၊ အခြားတာဝန်ကျဒိုင်များကဖြစ်စေ၊ လက်၊ ခြေ၊ အလံတို့ကို အသုံးပြု၍လည်းကောင်း၊ ဒိုင်လူကြီးက ဝီစီမှုတ်၍လည်းကောင်းဖော်ပြလေ့ရှိသည်။ကိုယ်လက်လှုပ်ရှားမှုသင်္ကေတဖြစ်သည်။

**Simulation** **= ဟန်ဆောင်ခြင်း**

တစ်စုံတစ်ရာမဖြဘဲ ဖြစ်လေ့ဟန်ပြု၍ ထင်ယောင်ထင်မှား ဖြစ်အောင် ကစားသမားတစ်ဦးက တရားမမျှတသော အခွင့်အရေး ရရှိစေရန် ပြုလုပ်သောအပြုအမူ

**Spirit of the game** **= ဘောလုံးကစားနည်း၏ စိတ်ဓာတ်**

ဘောလုံးကစားနည်း၏ အဓိကလိုအပ်ချက်၊လိုအပ်သည့်စည်းကမ်းချက်၊ လူသားမျိုးနွယ်၏ ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာ၊ ဘောလုံး

ကစားနည်းကို အားကစားနည်းတစ်ရပ်သာမက၊ ထူးခြားသည့် ပြိုင်ပွဲအဖြစ်ပါ သဘောထားရမည့် စိတ်ဓာတ်။

**Suspend** **= ခေတ္တရပ်ဆိုင်းသည်**

ကစားပွဲတစ်ပွဲတွင် နောက်ဆုံး၌ ပြန်လည်စတင်ကစားရန်ရည်ရွယ်၍ အချိတ်အနည်းငယ်ရပ်ဆိုင်းခြင်း။ (ဥပမာ- မြူထုများအုံ့ဆိုင်းခြင်း၊ မိုးသည်းထန်ခြင်း၊ မိုးကြီး၍မိုးခြိမ်း၊ မိုးကြိုးပစ်ခြင်း၊ ဒဏ်ရာပြင်းထန်စွာရခြင်း)။

T.

**Tackle** **= ဘောလုံးကိုလုယူကစားခြင်း**

ဘောလုံးကိုရရှိရန် ခြေထောက်ဖြင့် မြေပြင်ပေါ်မှဖြစ်စေ၊ လေထဲမှဖြစ်စေ) လုယူကစားခြင်း။

**Team List** **= အသင်းသားစာရင်း**

အသင်းတစ်သင်း၏ တရားဝင် အထောက်အထားဖြစ်ပြီး၊ အများအားဖြင့် ကစားသးမားများ၊ အရံကစားသမားများနှင့် အသင်း၏ တာဝန်ရှိသူများပါဝင်သည်။

**Team official** **= အသင်းတာဝန်ရှိသူများ**

ဘောလုံးအသင်းတစ်သင်း၏ တရားဝင်ပါဝင်သည့် ကစားသမား မဟုတ်သူများ(ဥပမာနည်းပြဆရာ၊အရိုးအကြောပညာရှင်များ၊ဆရာဝန်စသည်)။(နည်းစနစ်ဧရိယာတွင်ကြည့်ပါ)။

**Technical area** **= နည်းစနစ်ဧရိယာ**

(ကစားကွင်းအတွင်း) အသင်း၏တာဝန်ရှိသူများအတွက် ထိုင်စရာခုံများပါဝင်သည့်သီးသန့်သတ်မှတ်ထားသောနေရာ၊***(ဥပဒေ-၁တွင်ကြည့်ပါ)။***

**Technical Staff** **= နည်းစနစ်ပိုင်းအဖွဲ့ဝင်များ**

အသင်းတစ်သင်း၏ တရားဝင်စာရင်းတွင် ကစားသမားများ မဟုတ်သည့် အသင်းဝင်များ(ဥပမာ- နည်းပြဆရာ၊ အရိုးအကြော၊ ပညာရှင်နှင့်ဆရာဝန်စသည်)။(အသင်း၏တာဝန်ရှိသူများကိုလည်းကြည့်ပါ)။

**Temporary dismissal** **= ခေတ္တထုတ်ပယ်ခြင်း**

ကစားသမားတစ်ဦးအတွက်သတိပေးရမည့်ပြစ်ချက်အချို့ပြစ်ချက်အားလုံး ကျူးလွန်ခြင်းအပေါ် ကစားပွဲ၏ ရှေ့လာမည့်အစိတ်

အပိုင်းတွင်ခေတ္တထုတ်ပယ်ခြင်းဖြစ်သည်။(ပြိုင်ပွဲ၏စည်းမျဉ်းစည်းကမ်းများအပေါ်တွင်မူတည်သည်)။

U.

**Undue interference** **= မသင့်လျော်သောစွက်ဖက်မှု**

မလိုအပ်သောအပြုအမူ၊ သြဇာအရှိန်အဝါ။

**Unsporting behavior** **= အားကစားသမားမပီသသည့်အပြုအမူ**

သတိပေးရမည့် အပြစ်ပေးခြင်းမျိုးဖြစ်သည်။ တရားမမျှတသည့်အပြုအမူ/အမူအကျင့်

V.

**Violent conduct** **= ဆိုးသွမ်းရိုင်းပျသည့်အပြုအမူ**

ဘောလုံးကိုလုယူကစားခြင်းမပြုပဲ လိုအပ်သည့်အင်အားထက် ပိုမိုအသုံးပြုခြင်း၊ ရိုင်းစိုင်းရက်စက်စွာဖြင့် တစ်ဖက်ကစားသမားကို ဦးခေါင်းနှင့် မျက်နှာတို့တွင် တမင်တကာ ထိုးရိုက်သည့် အပြုအမူကိုကျူးလွန်ခြင်း။ (သေးငယ်ခြင်း၊ မပြောပလောက်သည့်အင်အားဖြင့် ထိုးရိုက်ခြင်းမှအပ)။

## Referee terms = ဒိုင်လူကြီးအခေါ်အဝေါ်များ

**Match officials (S) = (ကစားပွဲအတွက်) တာဝန်ကျဒိုင်လူကြီး(များ)။**

ဘောလုံးအဖွဲ့ချုပ်များ၊ ပြိုင်ပွဲများတွင် တာဝန်ရှိသူများကိုယ်စား၊ ဘောလုံးပွဲတစ်ပွဲကိုကြီးကြပ်ဆောင်ရွက်ရမည့် တာတန်ရှိ ပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်များကိုခေါ်သည်။

**Referee = ဒိုင်လူကြီး (ကွင်းလယ်)**

ဘောလုံးပွဲတစ်ပွဲတွင် ကစားကွင်းပေါ်၌ ဆောင်ရွက်ရသည့် အဓိကဒိုင်လူကြီးဖြစ်သည်။ အခြားသော ဒိုင်လူကြီးများသည် ဒိုင်လူကြီး၏ ကြီးကြပ်မှုနှင့် ညွှန်ကြားမှုအောက်တွင် ပါဝင်ဆောင်ရွက်ရမည်။ ဒိုင်လူကြီးသည် နောက်ဆုံး/နောက်ဆုံးဖြစ်သော ဆုံးဖြတ်ချက်ချသူဖြစ်သည်။

**Other match officials = အခြားဒိုင်လူကြီးများ**

**On-field' match officials = ကွင်းပေါ်ရှိ ဒိုင်လူကြီးများ**

ဒိုင်လူကြီးအား အကူအညီပေးရန်အတွက် အခြားဒိုင်လူကြီးများကိုလည်း ပြိုင်ပွဲကျင်းပရေးအဖွဲ့ကခန့်ထားရ မည်။

**(၁) Assistant referee = လက်ထောက်ဒိုင်လူကြီး**

အလံကိုင်ဆောင်ထားသည့် အကူဒိုင်လူကြီးသည် ဘေးစည်း၏ တစ်ဝက်မှနေ၍ ဒိုင်လူကြီးအား လူကျွံအနေအထား၊ ဂိုးမှတည်ကန်ခြင်း၊ ထောင့်မှတည်ကန်ခြင်း၊ ပစ်သွင်းခြင်ငြ်းများကို ညွှန်ပြရန် သီးခြားတာဝန်ရှိသည်။

(၂) **Fourth official = စတုတ္ထအရာရှိ**

ကစားကွင်းအတွင်း၊ ကစားကွင်းပြင်ပတွင် ဖြစ်ပျက်သမျှကို ဒိုင်လူကြီးအား ကူညီရန်နှင့် (နည်းစနစ်ဧရိယာကို ကြည့်ရှုခြင်း၊ လူစားလဲလှယ်ခြင်းကို ကြီးကြပ်ခြင်းအပါအဝင်)ကို ကူညီဆောင်ရွက်ရန်သီးခြားတာ ဝန်ရှိသည်။

(၃) **Additional assistant referee = ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီး**

ဂိုးစည်းမှနေ၍ ပင်နယ်တီဧရိယာအတွင်း ပင်နယ်တီဧရိယာပတ်ဝန်းကျင်၊ ဂိုးဝင်-မဝင်ဆုံးဖြတ်ချက်များကို ဒိုင်လူကြီးအား ကူညီပြသပေးရန် သီးခြားတာဝန်ရှိသည်။

(၄) **Reserve assistant referee = အရံလက်ထောက်ဒိုင်လူကြီး**

လက်ထောက်ဒိုင်လူကြီးက ဆက်လက်ဆောင်ရွက်နိုင်ခြင်းမပြုနိုင်သည့်အခါ ၎င်း၏နေရာတွင် ကစားထိုးဝင်ရောက်ဆောင်ရွက်ရန် (ပြိုင်ပွဲစည်းကမ်းများတွင် ဖော်ပြထားပါက စတုတ္ထအရာရှိနှင့် ထပ်ဖြည့်လက်ထောက်ဒိုင်လူ ကြီးနေရာများတွင်ပါ) တာဝန်ရှိသူဖြစ်သည်။

(၅) **Video match officials = ဗီဒီယိုလက်ထောက်ဒိုင်လူကြီးများ**

(VAR)နည်းစနစ်အရ ဒိုင်လူကြီးအား အကူအညီပေးရန် (VAR)နှင့် (AVAR)တို့ကို ထားရှိရမည်။

(က) Video assistant referee (VAR) = ဗီဒီယိုလက်ထောက်ဒိုင်လူကြီး

လက်ရှိဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးသည့် ဒိုင်လူကြီးတစ်ဦးက ဗီဒီယိုကို ပြန်လည်ပြသခြင်းဖြင့် သိသာသည့်/ထင်ရှားသည့် အမှားများ (သို့မဟုတ်) အမျိုးအစားတစ်ခုစီတွင်မမြင်မတွေ့လိုက်ရသည့် အမှားများအတွက် ဒိုင်လူကြီးအား အကူအညီပေးရန် သတင်းအချက်အလက်များ၊ အကူအညီရရှိစေရန် ဗီဒီယိုအကူဒိုင်လူကြီးကို ခန့်ထားရမည်။

( ခ) Assistant video assistant referee (AVAR) = လက်ထောက်အကူဒိုင်လူကြီး

လက်ရှိဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ခဲ့ပြီးသည့် ဒိုင်လူကြီး/လက်ထောက်ဒိုင်လူကြီးက ဗီဒီယိုလက်ထောက်ဒိုင်လူကြီးကို အကူအညီပေးရန် လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီးကို ခန့်ထားရမည်။

## Practical uidelines for match officials

## ဒိုင်လူကြီးများအတွက် လက်တွေ့လမ်းညွှန်ချက်များ

**Introduction = နိဒါန်း**

ဤလမ်းညွှန်ချက်များသည် ဒိုင်လူကြီးများအတွက် ဘောလုံးဥပဒေအပိုင်း၏ နောက်ဆက်တွဲပါဝင်သည့် လက်တွေ့အကြံပေးချက်များဖြစ်သည်။

ဘောလုံးဥပဒေ(၅)ပါ ဘောလုံးဥပဒေ၏ မူဘောင်များအတွင်းနှင့် ဘောလုံးကစားနည်း၏ စိတ်ဓာတ်များကို ရည်ညွှန်းထားပါသည်။ ဒိုင်လူကြီးသည် ဥပဒေများကို ကိုးကား၍ အသုံးပြုရာတွင် ကစားပွဲတစ်ပွဲ၏ ကစားနေမှု (သို့မဟုတ်) ဆက်လက်ကစားမှုကို ဘောလုံးကစားနည်း၏ စိတ်ဓာတ်နှင့် သာမန်ဉာဏ်အမြော်အမြင်ရှိသူ၏ အမြင်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန် မျှော်လင့်မိပါသည်။

ဤအချက်သည် ဘောလုံးအောက်ခြေအဆင့်များတွင် ဥပဒေကို တိကျစွာလိုက်နာရန် အမြဲတစေမဖြစ်နိုင်ကြောင်း အထူးထင်ရှားစေပါသည်။ ဥပမာအားဖြင့် လုံခြုံမှုကို သတိပြုရခြင်းမရှိပါက ဒိုင်လူကြီးသည် ကစားပွဲကို စတင်ခြင်း/ဆက်လက်ကစားခြင်းများကို ခွင့်ပြုသင့်သည်။

(၁) ထောင့်အလံတိုင်မှ အလံတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ မပါရှိခြင်း။

(၂) ထောင်ကန်ဧရိယာ၊ ကွင်းလယ်စက်ဝိုင်းစသည့် စည်းများမသဲကွဲမှု စသည့်အနည်းငယ်သော မတိကျမှုများရှိနေခြင်း။

(၃) ဂိုးတိုင်၊ ဂိုးဘားတန်းတို့သည် အဖြူရောင်မဟုတ်ခြင်း

အထက်ပါကိစ္စမျိုးတွင် ဒိုင်လူကြီးသည် ကစားမည့်အသင်းများနှင့် သဘောတူညီချက်ရယူ၍ ကစားခြင်း/ဆက်လက်ကစားခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အစီရင်ခံစာတင်သွင်းရမည်။

သောချက်။

- AR = လက်ထောက်ဒိုင်လူကြီး
- AAR = ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီး

## နေရာယူခြင်း၊ လှုပ်ရှားမှုနှင့် အသင်းလိုက်ပူးပေါင်းဆောင်ရွက်မှု

### ၁။ <u>နေရာယူခြင်းအမျိုးမျိုးနှင့် လှုပ်ရှားမှုအမျိုးမျိုး</u>

အကောင်းဆုံးနေရာယူခြင်းမှာ ဒိုင်လူကြီးက မှန်ကန်သောဆုံးဖြတ်မှုပြုနိုင်သော နေရာဖြစ်သည်။ နေရာယူခြင်းများနှင့် ပတ်သက်၍ အားလုံးသောထောက်ခံချက်များမှာ အသင်းတစ်သင်း၏ တိကျသောသတင်း၊ ကစားသမားများနှင့် ကစားပွဲအတွင်းအဖြစ်အပျက်များဖြစ်သည်။

ထင်ရှားသောပုံများပါ အနေအထားများ၏ ထောက်ခံချက်များမှာ အခြေခံလမ်းညွှန်ချက်များဖြစ်သည်။ ဇုန်နယ်အတွက် အထောက်အထားများမှာ ဒိုင်လူကြီးအတွက် ပို၍ထိရောက်စေမည့် ထောက်ခံထားသည့် ဧရိယာတွင် နေရာယူခြင်းများဖြစ်သည်။ ဇုန်နယ်သည် ကစားပွဲ၏ ပတ်ဝန်းကျင်အခြေအနေများအရ ချဲ့နိုင်/ချုံ့နိုင်၊ ခြားနားသောပုံစံများဖြစ်နိုင်သည်။

**ထောက်ခံချက်များ**

(၁) ကစားပွဲသည် ဒိုင်လူကြီးနှင့် ဦးဆောင်လက်ထောက်ဒိုင်လူကြီးတို့အကြားတွင် ဖြစ်သင့်သည်။

(၂) ဦးဆောင်လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးကပို၍ကျယ်သော ထောင့်ဖြတ်မျဉ်းစနစ်ကို အသုံးပြုနိုင်ရန်၊ ဒိုင်လူကြီး၏ မြင်ကွင်းတွင်ရှိနေသင့်သည်။

(၃) ကစားနေမှု၏ အပြင်ဘက်တွင်ရှိနေခြင်းဖြင့် ကစားမှုကို ပို၍လွယ်ကူစေပြီး ဦးဆောင်လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီး၏ မြင်ကွင်းအတွင်းရှိနေသင့်သည်။

(၄) ဒိုင်လူကြီးသည် ကစားနေမှုကို အနှောက်အယှက်မဖြစ်စေဘဲ ကစားနေမှုနှင့် နီးစပ်သည့်နေရာတွင် ရှိနေသင့်သည်။


(၅) "ဘာမဆိုမြင်ရန်လိုအပ်သည်" ဟူသော စကားသည် ဘောလုံး၏ အနီးပတ်ဝန်းကျင်တွင် အမြဲရှိမ နေနိုင်ပါ။ ဒိုင်လူကြီးသည် အောက်ပါအချက်များကို သတိပြုရမည်။

(က) ဘောလုံးမရှိသည့်နေရာတွင် ကစားသမားများ ထိပ်တိုက်ရင်ဆိုင်မှု။

(ခ) ဘောလုံးလှုပ်ရှားကစားသည့်နေရာတစ်ဝိုက်တွင် ပြစ်မှုကျူးလွန်နိုင်ခြင်းများ။

(ဂ) ဘောလုံးသည် ဝေးကွာသည့်နေရာများတွင် ရောက်ရှိနေစဉ်တွင် ဖြစ်ပေါ်နိုင်သည့် အပြစ်ကျူးလွန်ခြင်းများ။

ပုံထည့်ရန် (၉၇) စာမျက်နှာ



<u>လက်ထောက်ဒိုင်လူကြီးနှင့် ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးတို့နေရာယူရမည့်အနေအထား</u>

လက်ထောက်ဒိုင်လူကြီး (AR)သည် ဒုတိယနောက်ဆုံး ခုခံကစားသူ (သို့မဟုတ်) ဘောလုံးတို့ဖြင့် တစ်တန်းတည်းတွင် နေရာယူရမည်။ (ဘောလုံးသည် ဒုတိယနောက်ဆုံးခုခံကစားသူထက် ဂိုးစည်းနှင့်ပိုမိုနီးကပ်စွာရှိနေပါက)။ လက်ထောက်ဒိုင်လူကြီးသည်ကစားကွင်းဘက်သို့အမြဲတမ်းမျက်နှာမူရမည်။ဤအချက်သည်လက်ထောက်ဒိုင်လူကြီးက လူကျွံဘောအဖြစ် ဆုံးဖြတ်ရာတွင် မြင်ကွင်းပိုကောင်းစေရန် အထူးအရေးကြီးသည်။

ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီး (AAR)သည် ဂိုးတစ်ဂိုး ဝင်– မဝင်ကို ဆုံးဖြတ်ရမည့် အနေအထားတွင် ဂိုးစည်းပေါ်တွင် လှုပ်ရှားရန်လိုအပ်သည့် အချိန်မှအပ ဂိုးစည်း၏နောက်တွင် နေရာယူရမည်။ ထပ်ဖြည့်လက်ထောက်၏ ဒိုင်လူကြီးသည် အထူးအကြောင်းအချက်ရှိသည်မှလွဲ၍ ကစားကွင်းအတွင်းသို့ ဝင်ရောက်ခြင်းကို ခွင့်မပြုပါ၊







ဂိုးသမား၊ ခုခံကစားသူ၊ တိုက်စစ်ဆင်ထားသူ

ဒိုင်လူကြီး၊ လက်ထောက်ဒိုင်လူကြီး၊ ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီး


၂။ **<u>နေရာယူခြင်းနှင့်ပူးပေါင်းဆောင်ရွက်ခြင်း</u>**

**<u>တိုင်ပင်ဆွေးနွေးခြင်း</u>**

စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုပြုလုပ်ရသည့်အခါ လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီး နှင့် အကြည့် ခြင်းစုံ၍ အခြေခံသတ္တိရှိစွာဖြင့် ဒိုင်လူကြီးအား လက်ဖြင့်အချက်ပြခြင်းသည် လုံလောက်သည်။တိုက်ရိုက်ဆွေးနွေးရန် လိုအပ်သောအခါများတွင် လက်ထောက်ဒိုင်လူကြီးသည် လိုအပ်ပါက ကစားကွင်းအတွင်းသို့ (၂-၃)မီတာခန့် ဝင်ရောက်နိုင်သည်။ စကားပြောဆွေးနွေးသည့်အခါမျိုးတွင် ဒိုင်လူကြီးနှင့် လက်ထောက်ဒိုင်လူကြီးတို့သည် အခြားသူများ မကြားစေရန်နှင့် ကစားသမားများ၊ ကစားကွင်းကို စောင့်ကြည့်ရန်အတွက် (နှစ်ဦးစလုံး)က ကစားကွင်းကို မျက် နှာမူရမည်။


**<u>ထောင့်ကန်ဘောကန်ခြင်း</u>**

ထောင့်ကန်ဘောကန်ရာတွင် လက်ထောက်ဒိုင်လူကြီးသည် ထောင့်အလံတိုင်၏နောက်ဘက်ဂိုးစည်းနှင့်တစ်တန်းတည်းတွင် ရှိနေရမည်။ သို့သော်လက်ထောက်ဒိုင်လူကြီးသည် ထောင့်ကန်ဘောကန်မည့်သူကို အနှောက်အယှက်မဖြစ်စေရမည့်အပြင် ဘောလုံးကို ထောင့်ကန်ဧရိယာအတွင်း မှန်ကန်စွာ တည်ထားခြင်း ရှိ – မရှိ ကိုပါ ကြည့်ရမည်။





အလွတ်တည်ကန်ခြင်း

အလွတ်တည်ကန်ဘောကန်သည့်အချိန်တွင် လက်ထောက်ဒိုင်လူကြီးသည်လူကျွံခြင်းကိုကြီးကြပ်ရန်အတွက် ဒုတိယနောက်ဆုံးခုခံကစားသူနှင့် တစ်တန်းတည်းတွင်ရှိနေရမည်။ သို့သော် လက်ထောက်ဒိုင်လူကြီးသည် ဂိုးထဲသို့ တိုက်ရိုက်ကန်သွင်းမှုများရှိသည့်အခါ ဘောလုံးသွားရာကို လိုက်ကြည့်နိုင်ရန် ဘေးစည်းမှ ထောင့်အလံတိုင်ဆီသို့ အဆင်သင့်ရှိနေရမည်။


(GK)
Goalkeeper (GK)
Defender
Attacker
Referee


(GK)
Goalkeeper (GK)
Defender
Attacker
Referee








## ဂိုးဝင် – မဝင်ဆုံးဖြတ်ခြင်း

ဂိုးတစ်ဂိုးသွင်းလိုက်သည်ကို ဆုံးဖြတ်ရာ၌ သံသယမရှိပါ ဒိုင်လူကြီးနှင့် လက်ထောက်ဒိုင်လူကြီးတို့သည် မျက်လုံးခြင်း အကြည့်ဆုံပြီး လက်ထောက်ဒိုင်လူကြီးသည် အလံမထောင်ဘဲ ဘေးစည်းမှ ကွင်းလယ်စည်းဆီသို့ မီတာ(၂၅-၃၀) ခန့်အထိ လျှင်မြန်စွာ လှုပ်ရှားသွားရမည်။

ဂိုးတစ်ဂိုးသွင်းလိုက်သော်လည်း ဘောလုံးသည် ကစားမှုအထမြောက်နေဆဲဟု ထင်ရပါက လက်ထောက် ဒိုင်လူကြီးသည် ဒိုင်လူကြီး၏ ဂရုပြုမှုကို ဆွဲဆောင်နိုင်ရန် ဦးစွာအလံမြှောက်ပြပြီး ဂိုးဝင်သည် ပုံမှန်ပြုလုပ်မြဲအတိုင်း ဘေးစည်းမှ ကွင်းလယ်စည်းဆီသို့ မီတာ(၂၅-၃၀)ခန့်အထိ အမြန်ပြေးသွားရမည်။


ဘောလုံးသည်ဂိုးစည်းကို ဘောလုံးတစ်လုံးစာ လုံးဝကျော်ဖြတ်သွားခြင်းမရှိပါက ဂိုးဝင်ခြင်း မရှိသေးသဖြင့် ကစားမှုကို ပုံမှန်အတိုင်း ဆက်လက်ကစားစေရမည်။ ဒိုင်လူကြီးသည် လက်ထောက်ဒိုင်လူကြီးနှင့် မျက်လုံး အကြည့်ခြင်းဆုံ၍ လိုအပ်ပါက သတိရှိစွာဖြင့် လက်သင်္ကေတကို ပြရမည်။




## ဂိုးမှတည်ကန်ခြင်း


လက်ထောက်ဒိုင်လူကြီးသည် ဘောလုံးကို ဂိုးဧရိယာအတွင်း တည်ထားခြင်း ရှိ – မရှိကို ဦးစွာစစ်ဆေးရမည်။ အကယ်၍ ဘောလုံးကို မှန်ကန်စွာတည်ထားခြင်းမရှိပါက လက်ထောက်ဒိုင်လူကြီးသည် နေရာမရွေ့ဘဲ ဒိုင်လူ ကြီးနှင့် မျက်စေ့ခြင်း အကြည့်ခြင်းဆုံပြီး အလံကိုထောင်ပြရမည်။ ဘောလုံးကို ဂိုးဧရိယာအတွင်း မှန်ကန်စွာ တည်ပြီး ပါက လက်ထောက်ဒိုင်လူကြီးသည် လူကျွံခြင်းကို စောင့်ကြည့်သည့်နေရာတွင် နေရာယူရမည်။

သို့သော်လည်းထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးရှိပါက လက်ထောက်ဒိုင်လူကြီးသည်လူကျွံအနေအထား ကို ကြည့်ရမည်။ ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးသည် လူကျွံအနေအထားကို ကြည့်ရမည်။ ထပ်ဖြည့်လက် ထောက်ဒိုင်လူကြီးသည် ဂိုးစည်းနှင့် ဂိုးဧရိယာဆုံသည့်နေရာတွင် နေရာယူပြီး ဘောလုံးကို ဂိုးဧရိယာအတွင်း မှန် ကန်စွာတည်ထားခြင်း ရှိ – မရှိ ကိုစောင့်ကြည့်ရမည်။ ဘောလုံးကို သတ်မှတ်ဧရိယာတွင် မှန်ကန်စွာတည်ထား ခြင်းမရှိပါက ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးအား ဆက်သွယ်အကြောင်းကြားရမည်။





## ဂိုးသမားက ဘောလုံးကို လွှတ်ထုတ်ခြင်း

လက်ထောက်ဒိုင်လူကြီးသည် ပင်နယ်တီဧရိယာအစပ်တွင်နေရာယူပြီး ဂိုးသမားက ပင်နယ်တီဧရိယာပြင်ပတွင် ဘောလုံးကို လက်ဖြင့်ကိုင်တွယ်ခြင်း ရှိ-မရှိ ကိုစောင့်ကြည့်ရမည်။ ဂိုးသမားက ဘောလုံးကို လွှင့်ထုတ်ချိန်တွင် လက်ထောက်ဒိုင်လူကြီးသည် လူကျွံခြင်းရှိ – မရှိကိုလည်း စောင့်ကြည့်ရမည်။





**စတင်ပေးပို့ကစားခြင်း**


လက်ထောက်ဒိုင်လူကြီးများသည် ဒုတိယနောက်ဆုံးခုခံကစားသူနှင့် တစ်တန်းတည်းအနေအထားတွင် ရှိနေရမည်။




## ပင်နယ်တီအမှတ်မှ ကန်ခြင်း


လက်ထောက်ဒိုင်လူကြီးတစ်ဦးက ဂိုးစည်းနှင့် ဂိုးဧရိယာတို့ဆုံသည့်နေရာတွင် နေရာယူမည်။ အခြား လက်ထောက်ဒိုင်လူကြီးတစ်ဦးကမူ ကစားသမားများကို ထိန်းသိမ်းကြည့်ရှုရန် ကွင်းလယ်ဗဟိုစက်ဝိုင်းတွင် ရှိနေရမည်။ အကယ်၍ ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးများရှိပါက ၎င်းတို့နှစ်ဦးသည် ဂိုးတိုင်၏တစ်ဖက်တစ်ချက်စီတွင် ဂိုစည်းနှင့် ဂိုးဧရိယာတို့ဆုံသည့် စည်းပေါ်တွင် ရှိနေရမည်။ (ဂိုးစည်းနည်းပညာကို အသုံးပြုသဖြင့် ထပ်ဖြည့် လက်ထောက်ဒိုင်လူကြီးတစ်ဦးသာ လိုအပ်သည့်အချိန်မှအပ)။ ထပ်ဖြည့်လက်ထောက် ဒိုင်လူကြီး (၂) နှင့် လက်ထောက်ဒိုင်လူကြီး (၁)တို့သည် ကစားသမားများကို ညွှန်ပြရန် ကွင်းလယ်ဗဟိုစည်းအတွင်း၌ ရှိနေရမည်။ လက်ထောက်ဒိုင်လူကြီး(၂)နှင့် စတုတ္ထအရာရှိတို့သည် နည်းစနစ်ဧရိယာကို စောင့်ကြည့် ကြီးကြပ်ရမည်။




**ပင်နယ်တီကန်ခြင်း**

လက်ထောက်ဒိုင်လူကြီးသည် ဂိုးစည်းနှင့် ပင်နယ်တီဧရိယာဆုံသည့်နေရာတွင် နေရာယူရမည်။



ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးများရှိသည့် အခါများတွင် ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးများသည် ဂိုးစည်းနှင့် ပင်နယ်တီဧရိယာတို့ဆုံသည့် နေရာတွင် နေရာယူပြီး လက်ထောက်ဒိုင်လူကြီးသည် လူကျွံခြင်းကို ကြည့်ရန် (လူကျွံစည်းဖြစ်သော) ပင်နယ်တီအမှတ်မှ တစ်တန်းတည်းဖြစ်နေသောနေရာတွင် နေရာယူရမည်။




## လူအများနှင့် ထိပ်တိုက်တွေ့ဆုံခြင်း

လူအများနှင့် ထိပ်တိုက်တွေ့ဆုံသည့်အခါမျိုးတွင် အနီးဆုံးတွင်ရှိသော လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးအား အကူအညီပေးရန် ကစားကွင်းအတွင်းသို့ ဝင်ရောက်ရမည်။ အခြားလက်ထောက်ဒိုင်လူကြီးသည် အဖြစ်အပျက်ကို သေချာစွာစောင့်ကြည့်၍ အသေးစိတ်မှတ်သားထားရမည်။ စတုတ္ထအရာရှိသည် နည်းစနစ်ဧရိယာကို မြင်နိုင်သည့်နေရာမှ စောင့်ကြည့်ရမည်။


## လိုအပ်သည့်အကွာအဝေး

လက်ထောက်ဒိုင်လူကြီးနှင့် အလွန်နီးကပ်စွာ အလွတ်တည်ကန်ဘော ကန်စေသည့်အခါမျိုးတွင် ကစားသမားများသည် ဘောလုံးနှင့် (၉.၁၅)မီတာ (၁၀-ကိုက်) အကွာတွင် ရှိနေခြင်းသေချာစေရန် (အများအားဖြင့် ဒိုင်လူကြီး၏ မေတ္တာရပ်ခံချက်အရ)ကစားကွင်းအတွင်းသို့ ဝင်ရောက်တိုင်သည်။ ဤသို့သောအချိန်မျိုးတွင် ဒိုင်လူကြီးသည် လက်ထောက်ဒိုင်လူကြီးက နေရာတကျရောက်ရှိနေရာယူပြီးမှသာ ပြန်လည်စတင်ကစားခွင့်ပြုရမည်။

**လူစားလဲလှယ်ခြင်း**

အကယ်၍ စတုတ္ထအရာရှိ မရှိပါက လက်ထောက်ဒိုင်လူကြီးသည် လူစားလဲလှယ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စတုတ္ထအရာရှိ ဆောင်ရွက်သကဲ့သို့ ကူညီဆောင်ရွက်ရန် ကွင်းလယ်ဗဟိုစည်းသို့သွားရမည်။ ဒိုင်လူကြီးသည် လက်ထောက်ဒိုင်လူကြီးက နေရာတကျရောက်ရှိနေရာယူပြီးမှသာ ပြန်လည်စတင်ကစားခြင်းကိုခွင့်ပြုရမည်။

အကယ်၍ စတုတ္ထအရာရှိ ရှိပါက စတုတ္ထအရာရှိက လူစားလဲလှယ်ခြင်းဆောင်ရွက်သကဲ့သို့ လက်ထောက်ဒိုင်လူကြီးသည် ကွင်းလယ်စည်းသို့ သွားရောက်ရန်မလိုပါ။ သို့သော်တစ်ချိန်တည်း အခြားသော လူစားလဲလှယ် ခြင်းကို တောင်းခံလာပါက လက်ထောက်ဒိုင်လူကြီးသည် ကွင်းလယ်စည်းသို့သွားရောက်၍ စတုတ္ထအရာရှိကို ကူညီမှုပေးရမည်။



# ကိုယ်ဟန်အမူအယာ၊ သတင်းဆက်သွယ်ခြင်းနှင့် ဝီစီ (ခရာ)။

၁။ **ဒိုင်လူကြီး**

**ကိုယ်ဟန်အမူအယာ။**

ကိုယ်ဟန်အမူအယာသည် အောက်ပါကိစ္စများအတွက် ဒိုင်လူကြီးများအသုံးပြုသည့် လက်နက်ကိရိယာ တစ်မျိုးပင်ဖြစ်သည်။

(၁) ကစားပွဲကို ထိန်းသိမ်းရာတွင် အကူအညီအဖြစ်

(၂) လုပ်ပိုင်ခွင့်နှင့် မိမိကိုယ်ကိုထိန်းသိမ်းမှုအဖြစ် ပြသရန်။

ကိုယ်ဟန်အမူအယာပြခြင်းသည် ဆုံးဖြတ်ချက် တစ်ခုဆုံးဖြတ်ရာတွင် ရှင်းပြချက်မဟုတ်ပါ။

**အချက်ပြခြင်းများ**

ဥပဒေ(၅) ပါ ပုံကြမ်းများ၏ အချက်ပြမှုများကို ကြည့်ပါ။

**ဝီစီ (ခရာ)**

ခရာကို အောက်ပါကိစ္စများတွင် မှုတ်ရန်လိုအပ်သည်။

(၁) စတင်ကစားခြင်း (သာမန်ကစားချိန်၏ပထမပိုင်းနှင့် ဒုတိယပိုင်းအချိန်ပို)ဂိုးတစ်ဂိုးသွင်းယူပြီးနောက်

(၂) ကစားနေမှုကိုရပ်တန့်ရန်

(က) အလွတ်တည်ကန်ခြင်းနှင့် ပင်နယ်တီကန်ခြင်း။

(ခ) ကစားပွဲကို ခေတ္တရပ်ဆိုင်းခြင်းနှင့် ရပ်သိမ်းခြင်း။

(ဂ) ကစားချိန် အချိန်ဝက်များ ပြီးဆုံးချိန်များ။

အောက်ပါအချက်များတွင် ပြန်လည်စတင်ကစားရန်

(က) အလွတ်တည်ကန်ရာတွင် လိုအပ်သည့် အကွာအဝေးတွင် ရှိမနေသည့်အခါ။

(ခ) ပင်နယ်တီကန်ခြင်းများ။

အောက်ပါအကြောင်းများကြောင့် ကစားပွဲကို ရပ်တန့်ထားရာမှ ပြန်လည်စတင်ကစားခြင်းပြုသည့်အခါ

(က) သတိပေးခြင်း။

(ခ) ဒဏ်ရာအနာတရ ရရှိခြင်း။

(ဂ) လူစားလဲလှယ်ခြင်း။

ဝီစီကို အောက်ပါအချက်များတွင် သုံးရန်မလိုပါ။

(၁) သိသာထင်ရှားသည့် ကစားမှုရပ်တန့်ခြင်းများ

(က) ဂိုးမှတည်ကန်ခြင်း၊ထောင့်ကန်ဘော၊ ပစ်သွင်းဘောနှင့် ဂိုးဝင်ခြင်း။

(၂) အောက်ပါအချက်များဖြင့် ပြန်လည်စတင်ကစားသည့်အခါ

(က) အများအားဖြင့် အလွတ်တည်ကန်ခြင်းများ၊ ဂိုးမှတည်ကန်ခြင်း၊ ထောင့်ကန်ဘောကန်ခြင်း၊ ပစ်သွင်းခြင်းနှင့်မြေချဘော။

ဝီစီကို အလွန်အမင်း မကြာခဏမှုတ်ခြင်း၊ မလိုအပ်ဘဲ မှုတ်ခြင်းပြုပါက လိုအပ်သည့်အချိန်တွင် အာရုံလျော့ပါးစေသည်။

အကယ်၍ ဒိုင်လူကြီးက ကစားသမားများအား ကစားပွဲပြန်လည်စတင်ကစားခြင်းမပြုမီ စောင့်ဆိုင်းစေလိုပါက (ဥပမာ– အလွတ်တည်ကန်ရာတွင် ခုခံကာကွယ်သည့် ကစားသမား(၉.၁၅)မီတာ (၁၀–ကိုက်)အကွာအဝေးတွင် ရှိနေစေရန် သေချာလိုသည့်အခါ) ဒိုင်လူကြီးက တိုက်စစ်ဆင်ကစားမည့် ကစားကမားအား ဝီစီမှုတ်မှ ကန်ရန်ရှင်းလင်းစွာပြောပြထားရမည်။

အကယ်၍ ဒိုင်လူကြီးက ဝီစီကို မှားယွင်း၍ မှုတ်မိပါက ကစားပွဲကို ရပ်ဆိုင်းပြီး မြေချဘောဖြင့် ပြန်လည်စတင်ကစားစေရမည်။

## ၂။ လက်ထောက်ဒိုင်လူကြီး

**_Beep ဖြင့် အချက်ပြခြင်း**

Beep ဖြင့် အချက်ပြခြင်းသည် ဒိုင်လူကြီးအား အာရုံစိုက်ရန်အတွက် အသုံးပြုသည့် တစ်ခုတည်းသော အရံအချက်ပြနည်းဖြစ်သည်။

အောက်ပါအချက်များတွင် အသုံးပြုနိုင်သည်။

(၁) လူကျွံခြင်း

(၂) ပြစ်မှုကျူးလွန်ခြင်းများ (ဒိုင်လူကြီးက မမြင်သည့်အခါ)

(၃) ပစ်သွင်းခြင်း၊ ထောင့်မှတည်ကန်ခြင်း၊ ဂိုးမှတည်ကန်ခြင်း၊ ဂိုးဝင်သည့်အခါ၊(ဆုံးဖြတ်ရန် ခက်ခဲသည့်အခါများ)

**လျှပ်စစ်ကိရိယာဖြင့် ဆက်သွယ်ရေးစနစ်**

လျှပ်စစ်ကိရိယာဖြင့် ဆက်သွယ်ရေးစနစ်ကို အသုံးပြုပါက ဒိုင်လူကြီးသည် လက်ထောက်ဒိုင်လူကြီးများအား ၎င်းကိရိယာကို မည်သည့်အချိန်တွင် အသုံးပြုရမည်ကို (ကိုယ်ကာယဖြင့် အချက်ပြခြင်းအစား) အကြံပြုညွှန်ကြားရမည်။

**အလံဖြင့်ပြသခြင်းနည်းစနစ်**

လက်ထောက်ဒိုင်လူကြီး၏ အလံသည်ဒိုင်လူကြီးကမြင်နိုင်စေရန်အမြဲဖြန့်ထားရမည်။ ဤပြုလုပ်နေကျနည်းမှာ ဒိုင်လူကြီးနှင့်နီးသည့်နေရာတွင် အလံကိုလက်ဖြင့်သယ်ဆောင်ရမည်။ အလံဖြင့်အချက်ပြသည့်အခါလက်ထောက် ဒိုင်လူကြီးသည် အပြေးကိုရပ်တန့်၍ ကစားကွင်းသို့ မျက်နှာမူပြီး၊ ဒိုင်လူကြီးနှင့် မျက်စေ့ခြင်းအကြည့်ဆုံ၍ အလံကို တမင်တကာထောင်ပြရမည်။(ကတိုက်ကရိုက်ထောင်ခြင်း၊ပုံကြီးချဲ့ထောင်ခြင်းမပြုရ)၊အလံသည်လက်မောင်းကို ဖြန့်ထားသလိုဖြစ်ရမည်။ လက်ထောက်ဒိုင်လူကြီးများသည် အလံကိုလက်ဖြင့် ထောင်ပြရာတွင် နောက်တစ်ကြိမ် ထပ်မံထောင်ပြမည့် လက်အတိုင်းဖြစ်ရမည်။ အကယ်၍ အခြေအနေတစ်မျိုးပြောင်းလဲသွားပါက အခြားလက်တစ်ဖက်ကို အသုံးပြုရမည်။ လက်ထောက်ဒိုင်လူကြီးသည် အလံကိုအခြားတစ်ဖက်ဆီသို့ ခါးအောက်ပိုင်းအထိ လှုပ်ရမ်းပြရမည်။ လက်ထောက်ဒိုင်လူကြီးက ဘောလုံးကစားမှုရပ်ဆိုင်းသွားကြောင်းပြသလိုပါက ဒိုင်လူကြီးမြင်သည်အထိ ဆက်လက် ပြသထားရမည်။

လက်ထောက်ဒိုင်လူကြီးက ထုတ်ပယ်ရမည့် ပြစ်ချက်ကို ပြသရာတွင် ပြသမှုကို ချက်ခြင်းမမြင်ရပါက–

(၁) ကစားမှုရပ်ဆိုင်းသွားပါကပြန်လည်စတင်ကစားခြင်းကိုဘောလုံးဥပဒေပါအတိုင်းပြောင်းလဲနိုင်သည်။ (အလွတ်တည်ကန်ခြင်း၊ ပင်နယ်တီကန်ခြင်းစသည်)။

(၂) ပြန်လည်စတင်ကစားပြီးဖြစ်ပါက ဒိုင်လူကြီးသည် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုဖြင့် ဆက်၍ အရေးယူနိုင်သော်လည်း ပြစ်မှုကျူးလွန်ခြင်းအတွက် အလွတ်တည်ကန်ခြင်း (သို့မဟုတ်) ပင်နယ်တီကန်ခြင်းဖြင့် အပြစ်မပေးရ။

**ခြေဟန်လက်ဟန်အမူအယာ**

သာမာန်အားဖြင့် လက်ထောက်ဒိုင်လူကြီးသည် သိသာသည့်လက်ဖြင့် ပြခြင်းကိုမပြုသင့်ပါ။ သို့သော် အချို့ကိစ္စများတွင် စဉ်းစားဆင်ခြင်၍ လက်ဖြင့်အချက်ပြခြင်းသည် ဒိုင်လူကြီးကို အကူအညီဖြစ်စေသည်။ လက်ဖြင့်အချက်ပြခြင်းသည် သိသာသည့် အဓိပ္ပါယ်ရှိစေရမည်ဖြစ်ပြီး ကစားပွဲမစမီ ဒိုင်လူကြီးနှင့် ဆွေးနွေးရာမှ သဘောတူထားသည့်အတိုင်း ဖြစ်ရမည်။

**အချက်ပြခြင်း**

***(ဥပဒေ–၆) ပါ အချက်ပြခြင်းပုံများကို ကြည့်ပါ။***

**ထောင့်ကန်ဘောကန်ခြင်း/ဂိုးမှတည်ကန်ခြင်း။**

ဘောလုံးသည် ဂိုးစည်းကိုလုံးဝဖြတ်ကျော်သွားသည့်အခါ လက်ထောက်ဒိုင်လူကြီးနှင့် နီးကပ်ပါက ထောင့်ကန်ဘော၊ ဂိုးမှတည်ကန်ဘောများကို လက်ယာဘက်လက်ဖြင့် (ပိုမိုမြင်လွယ်စေရန်)အချက်ပြရမည်။

ဘောလုံးသည် ဘေးစည်းကို လုံးဝဖြတ်ကျော်သွားသည့်အခါ၊ လက်ထောက်ဒိုင်လူကြီးသည် ဘောလုံးကစားမှုရပ်ဆိုင်းသွားကြောင်းကို ဒိုင်လူကြီးအား အလံထောင်၍ အသိပေးရမည်။ အကယ်၍ –

(၁) လက်ထောက်ဒိုင်လူကြီးနှင့် နီးကပ်ပါက ဂိုးမှတည်ကန်ခြင်း (သို့မဟုတ်) ထောင့်မှတည်ကန်ခြင်းကို ညွှန်ပြရမည်။

(၂) အကယ်၍ လက်ထောက်ဒိုင်လူကြီးနှင့် ဝေးနေပါက ဒိုင်လူကြီးနှင့် မျက်လုံးခြင်းအကြည့်ဆုံပြီး ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်အတိုင်း လိုက်ပါဆောင်ရွက်ရမည်။

ဘောလုံးသည်ဂိုးစည်းကို သိသာစွာ ဖြတ်ကျော်သွားလျှင် လက်ထောက်ဒိုင်လူကြီးသည် ဘောလုံးမှာ ကစားကွင်းမှ ထွက်ခွာသွားကြောင်း အလံထောင်၍ ညွှန်ပြရန်မလိုပါ။ ဂိုးမှတည်ကန်ခြင်းနှင့် ထောင့်မှတည်ကန် ခြင်းများအတွက်  သိသာပါက အချက်ပြရန်မလိုပါ။ အထူးသဖြင့် ဒိုင်လူကြီးကအချက်ပြထားခြင်းဖြစ်သည်။

**အပြစ်ကျူးလွန်ခြင်းများ**

အပြစ်ကျူးလွန်ခြင်း(သို့မဟုတ်) မလိုလားအပ်သော အပြုအမူတစ်ခုကို မိမိအနီးတွင် (သို့မဟုတ်) ဒိုင်လူကြီးမမြင်နိုင်သည့် နေရာတွင်ဖြစ်ပွားပါက လက်ထောက်ဒိုင်လူကြီးသည် အလံထောင်၍ အချက်ပြရမည်။ အခြားသော အခြေအနေများတွင် လက်ထောက်ဒိုင်လူကြီးသည် ခေတ္တစောင့်ဆိုင်း၍ ဒိုင်လူကြီးအား မိမိ၏ ထင်မြင်ချက်ကို လိုအပ်ပါက တင်ပြရမည်။ ထို့နောက် ဒိုင်လူကြီးအား မိမိမြင်ရ၊ ကြားရသည်များနှင့် အပြစ်ကျူးလွန်သည့် ကစားသမားကို ဖော်ပြရမည်။

အပြစ်ကျူးလွန်မှုတစ်ခုအပေါ် အချက်မပြမီ လက်ထောက်ဒိုင်လူကြီးသည် အောက်ပါအချက်များကို ကြည့်ရှုဆုံးဖြတ်ရမည်။

(၁) ဖြစ်ပျက်မှုသည် ဒိုင်လူကြီးမမြင်နိုင်သည့်နေရာတွင် (သို့မဟုတ်) ဒိုင်လူကြီး၏ မြင်ကွင်းသည် အခြားတားဆီးမှုရှိနေခြင်းကြောင့်ဖြစ်စေ။

(၂) ဒိုင်လူကြီးက အခွင့်သာမှုကို အသုံးမပြု၍ဖြစ်စေ

အပြစ်တစ်စုံတစ်ရာ ကျူးလွန်ခြင်းကြောင့် လက်ထောက်ဒိုင်လူကြီး၏ အချက်ပြမှုကို လိုအပ်ပါက

၎င်းသည်–

(၁) မူလအလံထောင်ပြသည့်လက်ဖြင့် အလံကိုမြှောက်ပြပြီး ၎င်းသည်ပင် အချက်ပြမှုအတွက် သတိ ပေးလိုဖြစ်စေသည်။ ဤသို့ပြသခြင်းဖြင့် ဒိုင်လူကြီးကို မည်သူအား အလွတ်တည်ကန် ခြင်းပြုစေရမည်ကို ထင်ရှားသည့်ညွှန်ပြမှုပင်ဖြစ်သည်။

(၂) ဒိုင်လူကြီးနှင့် မျက်စေ့ဖြင့် အကြည့်ခြင်းဆုံရန်ကြည့်ပါ။

(၃) အလံကိုရှေ့နှင့်နောက်သို့
အနည်းငယ်ဝှေ့ရမ်းပါ။(အလွန်အကျူးပြသခြင်းနှင့်ရန်လိုသောပြသ ခြင်းမျိုးကိုရှောင်ပါ)။

လက်ထောက်ဒိုင်လူကြီးသည် ကစားပွဲကိုဆက်လက်ကစားနိုင်ရန်နှင့် အပြစ်ကျူးလွန်ခြင်းကို ခံရသည့် အသင်းက အခွင့်သာမှု ပေးခြင်းအပေါ် အကျိုးတရားရရှိသွားနိုင်မည်ဆိုပါက အလံကိုထောင်ပြခြင်းမပြုဘဲ "စောင့်ကြည့်သည့်နည်းစနစ်" ကို အသုံးချသင့်သည်။ထို့ကြောင့် လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးနှင့် မျက်စေ့ခြင်း။ အကြည့် ခြင်းဆုံရန် အလွန်အရေးကြီးသည်။

## ပင်နယ်တီဧရိယာအတွင်း အပြစ်ကျူးလွန်ခြင်း

ပင်နယ်တီဧရိယာအတွင်း ခုခံကစားသူတစ်ယောက်က အပြစ်ကျူးလွန်ရာတွင် ဒိုင်လူကြီးကမမြင်လိုက်သည့်အချိန်၌ လက်ထောက်ဒိုင်လူကြီးက ၎င်းဖြစ်ပျက်သည့်နေရာအနီးတွင် ရှိနေလျှင် ဒိုင်လူကြီးမည်သည့်နေရာတွင် ရောက်ရှိနေသည်နှင့် ဒိုင်လူကြီးက မည်သို့အရေးယူမည်ကိုသိရှိနိုင်ရန် ဒိုင်လူကြီးနှင့် မျက်စေ့ခြင်း အကြည့်ခြင်းဆုံရန် ကြည့်ရမည်။ အကယ်၍ ဒိုင်လူကြီးက မည်သို့မျှ အရေးမယူခဲ့လျှင် လက်ထောက်ဒိုင်လူကြီးသည် အလံဖြင့် အချက်ပြခြင်း၊ လျှပ်စစ် beep ဖြင့် အချက်ပြခြင်းများ ပြုလုပ်ပြီးဘေးစည်းမှ ထောင့်အလံတိုင်သို့ မြင်သာစွာ လှုပ်ရှားသွားလာရမည်။

## ပင်နယ်တီဧရိယာအပြင်ဘက်တွင် အပြစ်ကျူးလွန်ခြင်း

ခုခံကစားသူတစ်ယောက်က ၎င်း၏ပင်နယ်တီဧရိယာအပြင်ဘက်တွင် (ပင်နယ်တီဧရိယာအနီးတွင်) အပြစ်ကျူးလွန်ပါက လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးနှင့်အကြည့်ခြင်းဆုံပြီး ဒိုင်လူကြီး၏အနေအထားနှင့် မည်သို့အရေးယူမည်ကို ကြည့်ပြီး လိုအပ်ပါက အလံထောင်၍ အချက်ပြရမည်။ တန်ပြန်တိုက်စစ်ဆင်သည့် အနေအထားမျိုးတွင် လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးအား အပြစ်ကျူးလွန်ခြင်း ရှိ – မရှိ၊ အပြစ်ကျူးလွန်ခြင်းသည် ပင်နယ်တီဧရိယာ၏အတွင်း (သို့မဟုတ်) အပြင်ဘက်တွင် ကျူးလွန်သည့်မည်သို့သော စည်းကမ်းပိုင်း ဆိုင်ရာအရေးယူသင့်သည်ကို ဒိုင်လူကြီးအား သတင်းပို့ရမည်။ အပြစ်ကျူးလွန်ခြင်းသည် ပင်နယ်တီဧရိယာပြင်ပတွင် ဖြစ်ပွားခဲ့ပါက ၎င်းကို ညွှန်ပြနိုင်ရန် လက်ထောက်ဒိုင်လူကြီးသည် ဘေးစည်းမှ ကွင်းလယ်စည်းဆီသို့ သိသာသောလှုပ်ရှားမှုဖြင့် သွားရောက်ရမည်။

## ဂိုးဝင် – မဝင်

ဘောလုံးသည် ဂိုးအတွင်းသို့ ဂိုးစည်းကိုကျော်၍ ဘောလုံးတစ်လုံးစာ လုံးဝဝင်ရောက်သွားခြင်းသေချာပါက လက်ထောက်ဒိုင်လူကြီးသည် ဒိုင်လူကြီးနှင့် မျက်စေ့အကြည့်ခြင်းဆုံစေ၍ အခြားသော အချက်ပြမှုများပြုလုပ်ရန် မလိုပါ။

ဂိုးတစ်ဂိုးကိုသွင်းရာတွင် ဘောလုံးသည် ဂိုးစည်းကိုကျော်လွန်ခြင်း ရှိ – မရှိ မသေချာပါက လက်ထောက် ဒိုင်လူကြီးသည် ဒိုင်လူကြီးက သတိပြုမိစေရန် ပထမဦးစွာ အလံထောင်ပြပြီး၊ ဂိုးဝင်ကြောင်းအတည်ပြုရမည်။

## လူကျွံခြင်း

လူကျွံခြင်းကို ဆုံးဖြတ်ရာတွင် လက်ထောက်ဒိုင်လူကြီး၏ ပထမဆုံးလုပ်ရမည့် အလုပ်မှာ အလံထောင်ပြခြင်း (ညာလက်ကို အသုံးပြုခြင်းသည် လက်ထောက်ဒိုင်လူကြီးအား မြင်ကွင်းပို၍ ကောင်းစေသည်) ပြုရမည်။ အကယ်၍ ဒိုင်လူကြီးက ပွဲကိုရပ်လိုက်လျှင် မည်သည့်နေရာတွင်ဖြစ်ပျက်သည်ကို ညွှန်ပြနိုင်ရန် အလံဖြင့်အချက် ပြရမည်။ ဒိုင်လူကြီးက အလံထောင်ပြမှုကို ချက်ခြင်းမမြင်မိလျှင် လက်ထောက်ဒိုင်လူကြီးက ဆက်လက်အလံထောင်ပြထားရမည်။ အလံထောင်ပြခြင်းကို ဒိုင်လူကြီးက အသိအမှတ်ပြုပြီးသည်အထိ(သို့မဟုတ်) ခုခံကစားသည့် အသင်းက သိသာထင်ရှားစွာ ဘောလုံးကို ရယူကစားသည်အထိဖြစ်သည်။

## ပင်နယ်တီကန်ခြင်း

ပင်နယ်တီမကန်မီ ဂိုးသမားက ဂိုးအတွင်းမှတမင်ရည်ရွယ်၍ ထွက်လာသဖြင့် ဂိုးမဝင်ပါက လက်ထောက် ဒိုင် လူကြီးသည် အလံကိုထောင်ပြရမည်။

## လူစားလဲလှယ်ခြင်း

လက်ထောက်ဒိုင်လူကြီးထံသတင်းပို့ရာတွင် (စတုတ္ထဒိုင်လူကြီး (သို့မဟုတ်) အသင်း၏တာဝန်ရှိသူများက) လူစားလဲလှယ်ရန် တောင်းခံလာသည့်အခါ လက်ထောက်ဒိုင်လူကြီးသည် နောက်တစ်ကြိမ်ဘောလုံးကစားမှုရပ်ဆိုင်းသွားချိန်တွင် ဒိုင်လူကြီးအား အချက်ပြရမည်။

## <u>ပစ်သွင်းခြင်း</u>

ဘောလုံးသည် ဘေးစည်းကို လုံးဝကျော်ဖြတ်သွားလျှင် –

(၁) လက်ထောက်ဒိုင်လူကြီး၏ အနီးတွင်ဖြစ်ပါက ပစ်သွင်းဘောကို မည်သည့်အသင်းက ရသင့်သည်ကို ညွှန်ပြရန်။

(၂) လက်ထောက်ဒိုင်လူကြီးနှင့် ဝေးကွာသည့်နေရာဖြစ်ပါက သိသာထင်ရှားသည့် ဆုံးဖြတ်ချက်ဖြစ်ပါက မည်သည့်အသင်းက ရသင့်သည်ကို တိုက်ရိုက်ညွှန်ပြရန်။

(၃) လက်ထောက်ဒိုင်လူကြီးနှင့် ဝေးကွာသည့်ပြင် မည်သည့်ဘက်သို့ ပစ်ရမည်ကို မဝေခွဲနိုင်ပါက လက်ထောက်ဒိုင်လူကြီးသည် ဘောလုံးကစားနေမှု ရပ်ဆိုင်းသွားခြင်းအဖြစ် သတင်းပေးပို့ရန် အလံထောင်ပြပြီး ဒိုင်လူကြီးနှင့် မျက်စေ့ခြင်း အကြည့်ဆုံအောင်ကြည့်ပြီး ဒိုင်လူကြီး၏ အချက်ပြမှုတိုင်းအတွက် လိုက်ပါဆောင်ရွက်ရမည်။

## ၃။ ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးများ (AARS)

ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးများသည် ဒိုင်လူကြီးနှင့် ဆက်သွယ်ရာတွင် (အလံကိုအသုံးမပြုဘဲ) ရေဒီယိုဆက်သွယ်ရေးစနစ်ဖြင့်သာ ဆက်သွယ်ရမည်။ အကယ်၍ ရေဒီယိုဆက်သွယ်ရေးစနစ် ချို့ယွင်းနေပါက ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးသည် အလံချောင်းပါ လျှပ်စစ်အချက်ပေး beep စနစ်ဖြင့် ဆက်သွယ်ရမည်။ ထပ်ဖြည့် လက်ထောက်ဒိုင်လူကြီးများသည် သိသာသောလက်ဖြင့် အချက်ပြခြင်းကို သုံးလေ့မရှိပါ။ သို့သော်လည်း အချို့သောကိစ္စများတွင် သတိရှိစွာဖြင့် လက်ဖြင့်အချက်ပြခြင်းသည် ဒိုင်လူကြီးအား တန်ဖိုးရှိသော အထောက်အကူဖြစ်စေသည်။ လက်ဖြင့် အချက်ပြခြင်းသည် ရှင်းလင်းသည့် အဓိပ္ပါယ်ရှိမည်ဖြစ်ပြီး ကစားပွဲမစတင်မီ ဒိုင်လူကြီးနှင့် ဆွေးနွေး မှုမှ သဘောတူထားသည့်အတိုင်းသာဖြစ်ရမည်။

ထပ်ဖြည့်လက်ထောက်ဒိုင်လူကြီးသည် ဘောလုံးမှာ ဂိုးအတွင်းမှ ဂိုးစည်းကို ဘောလုံးတစ်လုံးစာလုံးဝ ဖြတ်ကျော်သွားသည်ဟု ဆုံးဖြတ်ပြီးပါက –

(၁) ဂိုးတစ်ဂိုးပေးသည့်သည်ဟု ဆက်သွယ်ရေးစနစ်မှ တစ်ဆင့် ဒိုင်လူကြီးအား အမြန်သတင်းပို့ရမည်။

(၂) ဘယ်ဘက်လက်ဖြင့် အလံကိုရှင်းလင်းသောအချက်ပြမှုဖြင့် ကွင်းလယ်သို့ ညွှန်ပြရမည်။

(ဘယ်ဘက်လက်တွင် အလံ၏ အရိုးရှိနေရန်လည်း လိုအပ်သည်)။ ဘောလုံးသည် ဂိုးစည်းကို သိသာထင်ရှားစွာ ကျော်ဖြတ်သွားလျှင် ဤအချက်ပြခြင်းဖြင့် ပြရန်မလိုပါ။ ဒိုင်လူကြီးက နောက်ဆုံး ဆုံးဖြတ်ချက်ကို ပေးလိမ့်မည်။

# အခြားအကြံပြုချက်များ

## ၁။ အခွင့်သာမှုပေးခြင်း

စည်းကမ်းချိုးဖောက်မှု (သို့မဟုတ်) အပြစ်ကျူးလွန်မှုတစ်ခုကိုပြုလုပ်ခဲ့လျှင် ဒိုင်လူကြီးက အခွင့်သာမှုပေး၍ ဆက်လက်ကစားစေမည်ဖြစ်သည်။ သို့သော် အခွင့်သာမှုပေးခြင်း (သို့မဟုတ်) ကစားနေမှုကို ရပ်ဆိုင်းလိုက်ရန် ဆုံးဖြတ်ပါက အောက်ပါအချက်များကို ထည့်သွင်းဆုံးဖြတ်ရမည်။

(၁) အပြစ်ကျူးလွန်မှု၏ အကြီး–အသေးအလိုက်၊ အကယ်၍စည်းကမ်းပိုင်းဆိုင်ရာ အရေးယူခြင်းဖြင့် ထုတ်ပယ်မည်ဆိုပါက ဒိုင်လူကြီးသည် ကစားပွဲကိုရပ်ဆိုင်းပြီး၊ အပြစ်ကျူးလွန်သူကို ထုတ်ပယ်ရမည်။

(၂) အပြစ်ကျူးလွန်သည့် နေရာ၏ အနေအထား–ပြိုင်ဘက်အသင်း၏ ဂိုးနှင့်နီးလေလေ ပိုမိုထိရောက်သော အခွင့်သာမှုပေးရန် ဖြစ်နိုင်လေဖြစ်သည်။

(၃) လျှင်မြန်၍ ဖြစ်နိုင်ဖွယ်ရှိသည့် တိုက်စစ်အနေအထား။

(၄) ကစားပွဲ၏ ပတ်ဝန်းကျင်အခြေအနေ။

## ၂။ ဆုံးရှုံးသွားသော အချိန်များကို ဖြည့်စွက်ခွင့်ပြုခြင်း

များစွာသော ကစားမှုရပ်ဆိုင်းသွားချိန်များသည် လုံးဝသဘာဝကျသည့်ဖြစ်ရပ်များဖြစ်သည်။ (ဥပမာ– ပစ်သွင်းဘော၊ ဂိုးမှတည်ကန်ခြင်းများ) နှောင့်နှေးကြန့်ကြာမှုသည် အလွန်အမင်းဖြစ်မှသာ ခွင့်ပြုရမည်။

## ၃။ ပြိုင်ဘက်ကစားသမားတစ်ဦးကို ဆွဲထားခြင်း

ဆွဲထားခြင်းနှင့်ပတ်သက်၍ ဒိုင်လူကြီးများအား သတိပေးလိုသည်မှာ–ယင်းသို့ဖြစ်လျှင် အမြန်ကြားဝင်ရန် ဟန့်တားရန်နှင့် တိတိကျကျအရေးယူရန်ဖြစ်သည်။ အထူးသဖြင့် ပင်နယ်တီဧရိယာအတွင်း၌ ထောင့်ကန်ဘော ချိန် ၊ အလွတ်တည်ကန်ဘောများကန်ချိန်တို့တွင် အောက်ပါအချက်များကို ကြည့်ရှုရမည်။


(၁) ဘောလုံးကစားမှု အထမမြောက်သေးချိန်တွင် တစ်ဖက်အသင်းသားတစ်ဦးကို ဆွဲထားပါက ထိုဆွဲသူကို ဒိုင်လူကြီးက နှုတ်ဖြင့်သတိပေးရမည်။

(၂) ဘောလုံးကစားမှု အထမမြောက်သေးချိန်အထိဆက်လက်ဆွဲထားပါက အဝါကတ်ပြသတိပေးရမည်။

(၃) ဘောလုံးကစားမှုအထမြောက်ချိန်တွင် နောက်တစ်ကြိမ် ထပ်မံ၍ ဆွဲထားပါကသတိပေးပြီး တိုက်ရိုက်အလွတ်တည်ကန်ခြင်းဖြင့်ဖြစ်စေ၊ ပင်နယ်တီကန်ခြင်းဖြင့် ဖြစ်စေ အပြစ်ပေးရမည်။

## ၄။ လူကျွံခြင်း


**ပုံ(၁) ကစားမှုကို အနှောက်အယှက်ပေးခြင်း။**
**လူကျွံအပြစ်ကျူးလွန်ခြင်း။**




လူကျွံအနေအထားတွင်ရှိနေသော တိုက်စစ်ဆင်သူ(A)သည်ပြိုင်ဘက် ကစားသမားတစ်ဦးအား အနှောက် အယှက်မပေးပါ။ (A)သည် ဘောလုံးကို ထိကစားလျှင်၊ လက်ထောက်ဒိုင်လူကြီးက လူကျွံအဖြစ် အလံထောင် ပြရမည်။

ပုံ(၂) **<u>ကစားမှုကိုအနှောက်အယှက်ပေးခြင်း။</u>**


**<u>လူကျွံအပြစ်မဟုတ်။</u>**




တိုက်စစ်ဆင်ကစားသမား(A) သည် လူကျွံအနေအထားတွင် ရှိနေသော်လည်း ပြိုင်ဘက်ကစားသမားတစ်ဦး တစ်ယောက်ကို အနှောက်အယှက်မပေး၊ <u>ဘောလုံးကို ထိခြင်းမရှိခြင်းကြောင့်</u> လူကျွံအဖြစ် အပြစ်ပေးရန်မလိုပါ။

**ပုံ(၃) ကစားနေမှုကို အနှောက်အယှက်ပေးခြင်း။**


**လူကျွံအပြစ်မဟုတ်။**




တိုက်စစ်ဆင်ကစားသူ (A)သည် လူကျွံအနေအထားတွင် ရှိနေသည်။ လူကျွံအနေအထားတွင်  မရှိသည့် ၎င်း၏ အသင်းဖော် (B) ကဘောလုံးရှိရာသို့ ပြေးသွားပြီး ဘောလုံးကို ရယူကစားလိုက်သည်။ (A)သည် ဘောလုံးကို ထိကစားခြင်းမပြုသဖြင့် လူကျွံအဖြစ် အပြစ်မပေးနိုင်ပါ။

**ပုံ(၄)   ကစားနေမှုအနှောက်အယှက်ပေးခြင်း။**


**လူကျွံအပြစ်ကျူးလွန်ခြင်း။**




လူကျွံအနေအထားတွင်ရှိနေသော ကစားသမား(A)သည် ဘောလုံးကိုထိခြင်း၊ ကစားခြင်းမပြုမီလူကျွံ အဖြစ် အပြစ်ပေးနိုင်သည်။ ဒိုင်လူကြီးက(A)၏ အခြားလူကျွံအနေအထားတွင်မရှိသည့် ကစားဖော်က ဘောလုံးကိုရ ယူကစားနိုင်သည့် အခွင့်အရေးမရှိဟု ယူဆပါက လူကျွံအပြစ်ပေးရမည်။

**ပုံ(၅)   ကစားနေမှုကိုအနှောက်အယှက်ပေးခြင်း။**


**ဂိုးမှတည်ကန်ခြင်း။**




လူကျွံအနေအထားတွင်ရှိသူ တိုက်စစ်ဆင်ကစားသမား(၁)သည် ဘောလုံးဆီသို့ပြေးသွားသော်လည်း ဘောလုံးကို ထိခြင်းမရှိပါ။ လက်ထောက်ဒိုင်လူကြီးသည် ဂိုးမှတည်ကန်ခြင်းအဖြစ် အချက်ပြရမည်။

**ပုံ(၆) ပြိုင်ဘက်ကစားသမားအား အနှောက်အယှက်ပေးခြင်း။**


**လူကျွံအပြစ်ကျူးလွန်ခြင်း။**




လူကျွံအနေအထားတွင်ရှိနေသောတိုက်စစ်ဆင်ကစားသူ(A)သည် ဂိုးသမား၏ မြင်ကွင်းကို သိသာစွာ ပိတ်ဆို့ထားသည်။(A)အားပြိုင်ဘက်ကစားသမား မကစားနိုင်ရန်ကစားနိုင်ခြင်းမရှိစေရန်အတွက် လူကျွံအဖြစ်သတ်မှတ်အပြစ်ပေးရမည်။

**ပုံ(၇) ပြိုင်ဘက်ကစားသမားအား အနှောက်အယှက်ပေးခြင်း။**


**လူကျွံအပြစ်ကျူးလွန်ခြင်းမဟုတ်။**




လူကျွံအနေအထားတွင်ရှိသည့် တိုက်စစ်ဆင်ကစားသူ (A )သည် ဂိုးသမား၏ မြင်ကွင်းကို သိသာစွာ ကာဆီးထားခြင်းလည်းမရှိ ပြိုင်ဘက်တစ်ဦးနှင့်လည်း လုယူကစားခြင်းမပြုသဖြင့် လူကျွံအဖြစ်အရေးယူရန်မလိုပါ။

**ပုံ(၈) <u>ပြိုင်ဘက်ကစားသမားအား အနှောက်အယှက်ပေးခြင်း။</u>**


**<u>လူကျွံအပြစ်ကျူးလွန်ခြင်းမဟုတ်။</u>**




လူကျွံအနေအထားတွင်ရှိနေသော တိုက်စစ်ဆင်ကစားသူ (A )သည် ဘောလုံးရှိရာသို့ ပြေးသွားသော်လည်း ပြိုင်ဘက်တစ်ဦးအား မကစားနိုင်ရန် ကစားခြင်းမပြုနိုင်စေရန် မပြုပါ။(A )သည် ပြိုင်ဘက်ကစားသမား (B ) နှင့် ဘောလုံးလုယူကစားခြင်းမပြုသဖြင့် လူကျွံခြင်းဖြင့် အရေးမယူနိုင်ပဲ ထောင့်ကန်ဘောသာ ကန်စေရမည်။

**ပုံ(၉)   ပြိုင်ဘက်ကစားသမားအား အနှောက်အယှက်ပေးခြင်း။**


**လူကျွံအပြစ်ကျူးလွန်ခြင်း။**




လူကျွံအနေအထားတွင်ရှိသည့် တိုက်စစ်ဆင်သူ(A)သည် ဘောလုံးရှိရာသို့ ပြေးသွားပြီး ပြိုင်ဘက် ကစားသမား (B)အား မကစားနိုင်ရန် (သို့မဟုတ်) ကစားခြင်းမပြုနိုင်စေရန် တားဆီးထားသဖြင့် (A )သည် (B )အား ဘောလုံးကို လုယူကစားခြင်းအတွက် လူကျွံအပြစ်ပေးရမည်။

**ပုံ(၁၀) အခွင့်သာမှုတစ်ရပ် ရယူခြင်း။**


**လူကျွံအပြစ်ကျူးလွန်ခြင်း။**




လူကျွံအနေအထားတွင်ရှိနေသော တိုက်စစ်ဆင်ကစားသူ (B)သည် ပြန်လည်ရောက်ရှိလာသည့် ဘောလုံး (သို့မဟုတ်) ဂိုးသမားက တမင်ကာကွယ်လိုက်သည့် ဘောလုံးကို လူကျွံအနေအထားမှ ကစားခြင်း (သို့မဟုတ်) ထိခြင်းအတွက် လူကျွံအပြစ်ကျူးလွန်ခြင်းဖြစ်သည်။ လူကျွံအနေအထားတွင်ရှိနေသူ (B)ထံသို့ ၎င်း၏ အသင်းဖော်တစ်ဦးက နောက်ဆုံးထိလိုက်ခြင်း (သို့မဟုတ်) ကစားခြင်းတို့အတွက် လူကျွံအပြစ်ပေးရမည်။

**ပုံ(၁၁) အခွင့်သာမှုတစ်ရပ် ရယူခြင်း။**


**လူကျွံအပြစ်ကျူးလွန်ခြင်း။**




လူကျွံအနေအထားတွင်ရှိနေသော တိုက်စစ်ဆင်သူ (B)သည် ပြန်ထွက်လာသော ဘောလုံး (သို့မဟုတ်) ခုခံကစားသည့် အသင်းမှ ကစားသမားတစ်ဦးကပင် ကာကွယ်ရင်း ပြန်ထွက်လာသော ဘောလုံးကို ကစားခြင်း၊ (သို့မဟုတ်) ထိခြင်းပြုပါက (B)အား လူကျွံအပြစ်ပေးရမည်။ လူကျွံအနေအထားတွင် ရှိနေသော (B) သည် ၎င်း၏ အသင်းဖော်တစ်ဦးက နောက်ဆုံးထိလိုက်လျှင် (သို့မဟုတ်) ကစားခဲ့လျှင် (B)အား လူကျွံအပြစ် ပေးရမည်။

ပုံ(၁၂) **<u>အခွင့်သာမှုတစ်ရပ် ရယူခြင်း။</u>**


**<u>လူကျွံအပြစ်ကျူးလွန်ခြင်းမဟုတ်။</u>**




အသင်းဖော်တစ်ဦးဖြစ်သူ(A)ကကန်သွင်းလိုက်ရာတွင် ဂိုးသမားနှင့်ထိ၍ပြန်ထွက်လာသော ဘောလုံး ကို လူကျွံအနေအထားတွင်မရှိသူ(B)က ဘောလုံးကိုရယူကစားလိုက်သည်။ လူကျွံအနေအထားတွင်ရှိနေသူ(C)သည် ထိုနေရာမှနေ၍ အခွင့်သာမှုတစ်ရပ်ကို ရယူခြင်းမရှိသလို၊ ဘောလုံးကိုထိမိခြင်းမရှိသဖြင့် လူကျွံအပြစ်ပေးရန်မလိုပါ။

**ပုံ(၁၃) <u>အခွင့်သာမှုတစ်ရပ် ရယူခြင်း။</u>**


**<u>လူကျွံအပြစ်ကျူးလွန်ခြင်း။</u>**




အသင်းဖော်(A)က ကန်သွင်းလိုက်ရာမှ ပြန်ထွက်လာသောဘောလုံး (သို့မဟုတ်) ပြိုင်ဘက်ကစားသမားတစ်ဦးထံမှ ပြန်ထွက်လာသောဘောလုံးကို (B)က ရယူကစားလျှင် (သို့မဟုတ်) ထိလျှင် မူလကပင်(B)သည် လူကျွံအနေအထားတွင် ရှိနေခြင်းကြောင့် လူကျွံအပြစ်ပေးရမည်။

**ပုံ(၁၄) အခွင့်သာမှုတစ်ရပ် ရယူခြင်း။**

**လူကျွံအပြစ်ကျူးလွန်ခြင်းမဟုတ်။**




လူကျွံအနေအထားတွင်ရှိနေသူ(C)သည် တစ်ဖက်ကစားသမားတစ်ဦးကို အနှောက်အယှက်ပေးခြင်း မရှိ၊ သူ၏အသင်းဖော် (A)က လူကျွံအနေအထားတွင် မရှိသူ(B)အား ပေးလိုက်ရာ(B1)က(B2)နေရာသို့ တစ်ဖက်ဂိုးဆီသို့ပြေးသွားပြီး ဘောလုံးကိုရယူကာ အသင်းဖော်(C)သို့ ပေးပို့လိုက်လျှင် (C)သည် ဘောလုံးပေးပို့လိုက်ချိန်တွင် လူကျွံအနေအထားမဟုတ်သည့်နေရာတွင် ရှိနေသဖြင့်(C)အား အရေးမယူနိုင်ပါ။

## ၅။ သတိပေးခြင်း၊ ထုတ်ပယ်ပြီးနောက် ဒဏ်ရာရသူအား ပြုစုခြင်း၊ ကုသခြင်း

ယခင်ဥပဒေဟောင်းအရ ဒဏ်ရာအနာတရ ရရှိသူတစ်ဦးသည် ဆေးကုသမှုခံယူရန် ကစားပွဲ ပြန်လည်စတင်ခြင်းမပြုမီ ထွက်ခွာရမည်ဟု ပြဋ္ဌာန်းခဲ့သည်။ ပြိုင်ဘက်တစ်ဦးက ဒဏ်ရာရရှိသည့်အခါ ပြစ်မှုကျူးလွန်သည့် အသင်းအတွက် ကစားပွဲပြန်စသည့်အခါအခွင့်အရေးများစွာရရှိနိုင်သဖြင့် တရားမမျှတမှုကို ဖြစ်စေနိုင်သည်။

ထို့ကြောင့် ဤလိုအပ်ချက်ကို ပြဋ္ဌာန်းရခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကစားသမားများသည် ဒဏ်ရာရရှိခြင်းကို အကြောင်းပြု၍ ကစားပွဲပြန်လည်စတင်ရန် နှောင့်နှေးစေရန် နည်းဗျူဟာတစ်ရပ်အနေဖြင့် ကစားသမားကောင်းမပီသစွာဖြင့် အသုံးပြုလာကြသည်။

မမျှတသည့် အထက်ပါဖြစ်ရပ်နှစ်ခုအကြား ညီမျှမှုရှိစေရန် အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ် ဘုတ်အဖွဲ့ (IFAB)က ဆုံးဖြတ်ရခြင်းဖြစ်သည်။ ပြိုင်ဘက်တစ်ဦးကို ကိုယ်ကာယခြင်းထိခိုက်မိမှသာ အပြစ်ကျူးလွန်သူက သတိပေးခြင်း၊ ထုတ်ပယ်ခြင်းပြုရမည်။ ဒဏ်ရာရရှိသွားသည့် ကစားသမားအား အမြန်ပြုစုကုသပြီး ကစားကွင်းအတွင်း ဆက်လက်ရှိနေခွင့်ပြုရန် ဆုံးဖြတ်ရခြင်းဖြစ်သည်။

အဓိကအားဖြင့် ဒဏ်ရာရကစားသမားအား ပြုစုကုသရန် ဆေးဝါးကျွမ်းကျင်သူ(များ)သည် ကစားကွင်းအတွင်းဝင်ရောက်၍ ပြုစုကုသရာတွင် လက်ရှိလုပ်ထုံးထက်ပို၍ မကြာစေသင့်ပါ။ခြားနားချက်မှာ ယခင်ကဒိုင်လူကြီးက လိုအပ်၍ ဆေးဝါးကျွမ်းကျင်သူ(များ)ခေါ်ယူပြီး၊ စစ်ဆေးပြီးနောက် ဒဏ်ရာရသူသည် ကစားကွင်းပြင်ပသို့ ထွက်ခွာရမည့်အချက်အစား ယခုအခါဆေးဝါးအဖွဲ့ကပြုစုကုသပြီး ကွင်းပြင်သို့ထွက်ခွာသွားချိန်တွင်ဒဏ်ရာရကစားသမားက ကစားကွင်းအတွင်း ဆက်လက်ရှိနေခွင့်ရရှိခြင်းပင်ဖြစ်သည်။

ဒဏ်ရာရကစားသမားက တရားမမျှတသည့် နှောင့်နှေးမှုများကို အသုံးပြုခြင်း၊ ကြာရှည်စေခြင်းများမပြုလုပ် ရေး သေချာစေရန်အတွက် ဒိုင်လူကြီးများကို လိုက်နာရန် အကြံပြုလိုသည်မှာ–

(၁) ကစားပွဲအနေအထားနှင့် ပြန်လည်စတင်ကစားမှု နှောင့်နှေးစေရန် ဖြစ်နိုင်သည့်နည်းဗျူဟာကိုသုံး၍ အချိန် ဖြုန်းခြင်းကို ဂရုပြုရန်။

(၂) ဒဏ်ရာရကစားသမားအားဆေးဝါးကုသမှု လို–မလို မေးမြန်း၍လိုအပ်ပါက အမြန်ပြုလုပ်ရန်ကြိုတင် ပြောပြထားရမည်။

(၃) ဆေးဝါးကျွမ်းကျင်သူ(များ)အား အချက်ပြခေါ်ယူ၍ (လူနာတင်ထမ်းစင်မပါ) ဖြစ်နိုင်လျှင် ၎င်းတို့အား အမြန် ကုသရန် ပြောဆိုထားရမည်။

ဒိုင်လူကြီးက ကစားပွဲပြန်လည်စတင်ရန် ဆုံးဖြတ်ပြီး အောက်ပါအချက်(၂)ချက်မှ (၁)ချက် ချက်ဖြင့်ဆောင်ရွက်ရမည်။

(၁) ဆေးဝါးကျွမ်းကျင်သူ(များ) က ထွက်ခွာ၍ ဒဏ်ရာရသူက ဆက်လက်ရှိနေခြင်း။

(၂) လူနာတင်ထမ်းစင် လိုအပ်ပါက ခေါ်ယူပြီး ဒဏ်ရာရသူကို ဆက်လက်ကုသမှုခံယူနိုင်ရန် ကွင်းပြင်သို့ ထွက်ခွာစေခြင်း။

အထွေထွေညွှန်ကြားချက်တစ်ရပ် ဖော်ပြလိုသည်မှာ ကစားသမားများက စတင်ကစားရန်ရှိနေချိန်မှစ၍ ပြန်လည်စတင်ကစားချိန်အထိ နှောင့်နှေးနေခြင်းမရှိစေဘဲ စက္ကန့် ၂၀ မှ ၂၅ စက္ကန့်အတွင်းထက်မပိုစေဘဲ ပြန်လည် ကစားစေရမည်။

ဒိုင်လူကြီးသည် ကစားမှုရပ်ဆိုင်းချိန်များအတွက် အချိန်ပြည့်ပြန်လည် ဖြည့်တင်းပေးရမည်။

## Video Assistant Referee (VAR) Protocal.

## ဗီဒီယိုအကူဒိုင်လူကြီး ((VAR) စာချုပ်စာတမ်း

သဘောတူစာချုပ်စာတမ်း-

အခြေခံစည်းမျဉ်းများ၊ လမ်းညွှန်ချက် လက်တွေ့လုပ်ဆောင်ချက်နှင့် လုပ်ထုံးလုပ်နည်းများ။

VARစာချုပ်စာတမ်းများသည် ဘောလုံးဥပဒေပါ အခြေခံလမ်းညွှန်ချက်များ၊ ဒဿနတို့နှင့် တတ်အားသရွေ့ကိုက်ညီအောင် ဆောင်ရွက်ထားရှိပါသည်။

ဗီဒီယိုလက်ထောက်ဒိုင်လူကြီးအား အသုံးပြုခြင်းကို ပြိုင်ပွဲကျင်းပရေးအဖွဲ့က VARစာချုပ်စာတမ်းပါ အချက်များနှင့် ကိရိယာပစ္စည်းများအတွက် လိုအပ်ချက်များကို (VAR လက်စွဲစာအုပ်ငယ်တွင် ပါရှိသည့်အတိုင်း) ပြည့် စုံစွာ ဖြည့်တင်းထားပြီး၊ IFAB နှင့် ဖီဖါတို့မှ တရားဝင်စာဖြင့် ရေးသားထားသော ခွင့်ပြုချက်များရရှိမှသာ ဆောင် ရွက်ရမည်။

### ၁။ အခြေခံစည်းမျဉ်း/လမ်းညွှန်ချက်များ

ဘောလုံးပြိုင်ပွဲများတွင် VAR ကို အသုံးပြုခြင်းကို အခြေခံလမ်းညွှန်ချက်များကို အခြေခံ၍ VAR ကို အသုံးပြု သည့် ကစားပွဲတိုင်းတွင် ထိုလမ်းညွှန်ချက်များနှင့် ကိုက်ညီစေရမည်။

(၁) ဗီဒီယိုလက်ထောက်ဒိုင်လူကြီး (VAR)သည် တစ်ပါးသူသြဇာကင်းသည့် ပြိုင်ပွဲ၏တာဝန်ရှိ တစ်ဦးတစ် ယောက်ဖြစ်ပြီး အောက်ပါသိသာထင်ရှားသည့် အမှားများနှင့် ကြီးမားသည့်လွဲချော်မှု မမြင်မတွေ့မှု များကို ဒိုင်လူကြီးအား အကူအညီပေးရန်ဖြစ်သည်။

(က) ဂိုးဝင်/မဝင်

( ခ) ပင်နယ်တီအပြစ်ပေးရန် ဟုတ်/မဟုတ်

( ဂ) တိုက်ရိုက်အနီကတ်ပြသခံရခြင်း(သတိပေးသည့် ဒုတိယအကြိမ်အဝါကတ်ပြခံရခြင်းမဟုတ်)

(ဃ) လူမှား၍ ကတ်အပြခံရခြင်း (ဒိုင်လူကြီး၏ ခုခံကစားသည့်အသင်းမှ ကစားသမားအား လူမှား ၍ အဝါကတ်၊ အနီကတ်ပြမိခြင်း)။

(၂) ဒိုင်လူကြီးသည် အမြဲတမ်းပင် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရမည်။ (ဥပမာ– ဒိုင်လူကြီးအား ဆုံးဖြတ်ချက် မချမှတ်ရန် ခွင့်ပြုထားခြင်းမရှိပါ)။ ထို့နောက် VAR ကို အသုံးပြု၍ ဆုံးဖြတ်ချက်ချမှတ်စေခြင်း၊ မှန်ကန်နေသည့် အပြစ်ကျူးလွန်မှုအပေါ် ပြန်လည်ကြည့်ရှု၍ ကစားပွဲကို ဆက်လက်ကစားရန် ခွင့်ပြုခြင်း။

(၃) ဒိုင်လူကြီး၏ မူလကဆုံးဖြတ်ချက်ကို (ဗီဒီယိုပြန်ကြည့်ပြီး ထိုဆုံးဖြတ်ချက်သည် သိသာထင်ရှားစွာ မှားယွင်းနေခြင်းမရှိပါက) ပြင်ဆင်ဆုံးဖြတ်ခြင်းမပြုရပါ။

(၄) ဗီဒီယိုကိုပြန်လည်ကြည့်ရှုရန် ဒိုင်လူကြီးတစ်ဦးသာ ဆုံးဖြတ်ရမည်။ (အခြားသောတာဝန်ကျ ဒိုင်လူကြီးများ)သည် ပြန်လည်ကြည့်ရှုရန် ဒိုင်လူကြီးအား ထောက်ခံအကြံပြုနိုင်သည်။

(၅) နောက်ဆုံး ဆုံးဖြတ်ချက်ကို ဒိုင်လူကြီးက ချမှတ်ရမည်။ (VAR မှ သတင်းအချက်အလက်ကို အခြေခံ၍ဖြစ်စေ၊ ဒိုင်လူကြီးက ကစားကွင်းပေါ်မှ အဖြစ်အပျက်ကို ပြန်လည်ကြည့်ရှုပြီး တာတန်ယူ၍ ဖြစ်စေ)။

(၆) တီဗီကို ဖြစ်စဉ်အလိုက် ပြန်လည်ကြည့်ရှုရန်အတွက် အချိန်သတ်မှတ်ချက်မရှိပါ။ တီဗီအမြန်နှုန်းထားထက် တိကျသေချာမှုက ပို၍အရေးကြီးပါသည်။

(၇) ကစားသမားနှင့် အသင်း၏တာဝန်ရှိ ပုဂ္ဂိုလ်များသည် ဒိုင်လူကြီးအား ဝိုင်းရံထားခြင်း(သို့မဟုတ်) ဆုံး ဖြတ်ချက်တစ်ခုအပေါ် ဩဇာလွှမ်းမိုးအောင် အားထုတ်ခြင်းမပြုရ။ (ပြန်လည်ကြည့်ရှုသည့်ဖြစ်စဉ်နှင့် နောက်ဆုံး ဆုံးဖြတ်ချက်အပေါ်တွင်)။

(၈) တီဗီကိုပြန်လည်ကြည့်ရှုချိန်တွင် သံသယဖြစ်ဖွယ်မရှိရအောင် ဒိုင်လူကြီးသည် မြင်သာသည့်နေရာတွင် ရှိနေရမည်။

(၉) အဖြစ်အပျက်တစ်ခုကို တီဗီတွင် ပြန်ကြည့်ရှုပြီးနောက် အဖြစ်အပျက်မတိုင်မီက ဖြစ်ပွားမှုအတွက် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုမျိုးကို ကစားပွဲဆက်လက်ကစားနေသည့်တိုင်ပယ်ဖျက်ခြင်းမပြုရ။ (မူလက ဆုံးဖြတ်ချက်ပြောင်းလဲသွားစေကာမူ)၊ အလားအလာကောင်းရှိနေသည့် တိုက်စစ်ကို တားဆီးခြင်းနှင့် ဂိုးတစ်ဂိုး၊ ဂိုးရရှိနိုင်သည့်အခွင့်အရေးကောင်းကို တားဆီးခြင်းအတွက် အဝါကတ်/ အနီကတ်ပြခြင်းမှ အပ)။

(၁၀) ကစားပွဲကို ရပ်ဆိုင်းလိုက်ပြီး ပြန်လည်စတင်ကစားပြီးသည့်နောက်တွင် ဒိုင်လူကြီးသည် မှားယွင်း၍ ကတ်ပြားပြမိခြင်း၊ ဖြစ်နိုင်ခြေရှိသည့် ထုတ်ပယ်ခြင်းများမှအပ ဗီဒီယိုပြန်လည်ပြသခြင်းမပြုရ၊ ထို

အချက်များတွင် ဆိုးသွမ်းရိုင်းပျသည့်အပြုအမူများ၊ အပြစ်ကျူးလွန်မှုများ၊ တံတွေးဖြင့်ထွေးခြင်း၊ သွား
ဖြင့်ကိုက်ခြင်း၊ကြီးမားသည့်အပြစ်ကျူးလွန်မှုများ၊စော်ကားခြင်း၊ဆဲရေးတိုင်းထွာခြင်းများမကျေနပ်ေ
ြကောင်း ကိုယ်နှုတ်အမူအယာဖြင့် ပြသခြင်းများပါဝင်သည်။

(၁၁) အဖြစ်အပျက်တစ်ခုမဖြစ်မီနှင့် ဖြစ်ပြီးအနေအထားကို ပြန်လည်ကြည့်ရှုနိုင်ရန် ကြာမြင့်ချိန်ကို ဘောလုံးဥပဒေနှင့် VAR စာချုပ်စာတမ်းပါအရ ဆုံးဖြတ်ရမည်။

(၁၂) အားလုံးသော အနေအထားများ၊ ဆုံးဖြတ်ချက်များကို အလိုအလျောက် စစ်ဆေးသွားမည်ဖြစ်သဖြင့်၊ နည်းပြဆရာများနှင့် ကစားသမားများက ပြန်လည်ကြည့်ရှုရန်အတွက် တောင်းဆိုရန်မလိုပါ။

## ၂။ ပြန်လည်စဉ်းစားရသည့် ဆုံးဖြတ်ချက်ပြောင်းလဲမှုများ/အဖြစ်အပျက်များ

ဒိုင်လူကြီးသည် VAR ထံမှ အမျိုးအစား(၄)မျိုးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ပြောင်းလဲမှုများနှင့် အဖြစ်အပျက်များကို အထောက်အပံ့များရရှိနိုင်သည်။ ဤအခြေအနေများအားလုံးတွင်VARကို ဒိုင်လူကြီး၏ (ပထမ/မူလ) ဆုံးဖြတ်ချက်များကို (ကစားပွဲကိုဆက်လက်ကစားစေခြင်းအပါအဝင်)(သို့မဟုတ်)ကြီးမားသည့် အဖြစ်အပျက်တစ်ခုကို လွဲချော်သွားခြင်း၊ တာဝန်ကျဒိုင်လူကြီးများ မတွေ့မြင်လိုက်ခြင်းများအတွက်တွင်သာ VAR ကို အသုံးပြုရသည်။

ဒိုင်လူကြီး၏ မူလဆုံးဖြတ်ချက်ကို (သိသာထင်ရှားသည့်အမှား၊ တာဝန်ကျ အခြားဒိုင်လူကြီးများ၏ သတင်းပေးချက်အရ (ဥပမာ-လူကျွံခြင်း) ကို ဒိုင်လူကြီးက ဆုံးဖြတ်ချက်ချရခြင်းမှအပ၊ ပြောင်းလဲဆုံးဖြတ်ခြင်း မပြုရ။

ဖြစ်နိုင်ခြေရှိသော သိသာထင်ရှားသည့်အမှား (သို့မဟုတ်) ကြီးမားသည့် မမြင်/မတွေ့လွဲချော်မှုများအတွက် ပြန်လည်၍ တီဗီကို ကြည့်ရှုရမည့် အမျိုးအစားများမှာ-

**(က) ဂိုးဝင်/မဝင်**

(ကက) တိုက်စစ်ဆင်သည့်အသင်းက တိုက်စစ်စတင်တည်ဆောက်ခြင်း (သို့မဟုတ်) ဂိုးသွင်းခြင်း (လက်ထိဘော၊အပြစ်ကျူးလွန်ခြင်း၊လူကျွံခြင်းစသည်) ပြုရာတွင် အပြစ်ကျူးလွန်မှု။

( ခခ ) ဂိုးမသွင်းမီ ဘောလုံးကစားမှု ရပ်ဆိုင်းသွားခြင်း။

( ဂဂ ) ဂိုးဝင်/မဝင် ဆုံးဖြတ်ချက်များ

(ဃဃ) ပင်နယ်တီအမှတ်မှ ပင်နယ်တီကန်ရာတွင် ဂိုးသမား (သို့မဟုတ်) ပင်နယ်တီကန်သူ၏ အပြစ်ကျူးလွန်မှု (သို့မဟုတ်) တိုက်စစ်ဆင်သူ (သို့မဟုတ်)ခုခံကစားသူ၏ ကျူးကျော်မှုကြောင့် ဘောလုံးသည် ဂိုးတိုင်၊ ဂိုးဘား၊ ဂိုးသမားတို့နှင့်ထိ၍ ပြန်ထွက်လာသော ဘောလုံးကို တိုက်ရိုက်ပါဝင်ပတ်သက်နေမှု။

**( ခ ) ပင်နယ်တီကန်ခြင်း/ပင်နယ်တီကန်ရန်မဟုတ်ခြင်း**

(ကက) တိုက်စစ်ဆင်သည့် အသင်းက တိုက်စစ်ဆင်လာစဉ် အပြစ်ကျူးလွန်မှု(လက်ထိဘော၊ အပြစ်ကျူးလွန်ခြင်း၊ လူကျွံခြင်းစသည်)။

( ခခ ) ပင်နယ်တီပေးရန် အဖြစ်အပျက်မဖြစ်မီ ဘောလုံးကစားမှု ရပ်ဆိုင်းသွားခြင်း။

( ဂဂ ) အပြစ်ကျူးလွန်သည့်နေရာ (ပင်နယ်တီဧရိယာအတွင်း/အပြင်ဘက်)။

(ဃဃ) မှားယွင်း၍ ပင်နယ်တီကန်သွင်းစေခြင်း။

( ငင ) ပင်နယ်တီဖြင့် အပြစ်ပေးရမည့် အပြစ်ကျူးလွန်မှုကို ပင်နယ်တီ မပေးမိခြင်း။

**( ဂ ) တိုက်ရိုက်အနီကတ်များပြသခြင်း၊ (ဒုတိယအကြိမ် အဝါကတ်ပြသခြင်းမဟုတ်)**

(ကက) ဂိုးရရှိနိုင်မည့်အခွင့်အရေးကောင်းကို တားဆီးနှောက်ယှက်ခြင်း။ (အထူးသဖြင့်အပြစ်ကျူးလွန်ရာတွင် အနေအထားနှင့် အခြားသော ကစားသမားများ၏ အနေအထား)။

( ခခ ) ကြီးလေးသော အပြစ်ကျူးလွန်မှုကို ကျူးလွန်ခြင်း(သို့မဟုတ်) မဆင်မခြင်ဘောလုံး လုယူကစားခြင်း။

( ဂဂ ) ဆိုးသွမ်းရိုင်းပျသည့် အပြုအမူကို ကျူးလွန်ခြင်း၊ အခြားတစ်ဦးတစ်ယောက်အား သွားဖြင့်ကိုက်ခြင်း၊ တံတေ ွးဖြင့်ထွေးခြင်း။

(ဃဃ) ဥပဒေချိုးဖောက်ခြင်း၊စော်ကားခြင်း၊ဆဲရေးခြင်း စသည်ကိုယ်အပြုအမူတောင်ရွက်ခြင်းများ။

(ဃ) **လူမှား၍ ကတ်ပြသခြင်း (အနီကတ်/အဝါကတ်)**

ဒိုင်လူကြီးသည် အပြစ်တစ်ခုကျူးလွန်မှုအပေါ် အရေးယူအပြစ်ပေးရာတွင် ခုခံကစားသည့်အသင်းမှ ကစားသမားကို လူမှား၍ အဝါကတ်၊ အနီကတ်ပြခဲ့မိလျှင် လူမှား၍ အပြခံရသူသည် ပြန်လည်ကြည့်ရှု ရာတွင် ပါဝင်နိုင်သည်။ သို့သော် အမှန် တကယ်အပြစ်ကျူးလွန်သူမှ ဂိုးဝင်ခြင်း၊ ပင်နယ်တီဖြင့် အပြစ်ပေးခြင်း၊ တိုက်ရိုက်အနီကတ်အပြခံရခြင်းနှင့် ပတ်သက်ခြင်းမရှိလျှင် ပြန်လည်ကြည့်ရှုခြင်းတွင် မပါဝင်နိုင်ပါ။

## ၃။ လက်တွေ့ဆောင်ရွက်ချက်များ

ကစားပွဲတစ်ခုတွင် VAR ကို အသုံးပြုခြင်းသည် အောက်ပါလက်တွေ့ဆောင်ရွက်မှုများ ပါဝင်သည်။

(၁) VAR သည် လက်ထောက်ဗီဒီယို အကူဒိုင်လူကြီးနှင့် ဗီဒီယိုစက်ပြသသူ၏ အကူအညီဖြင့် ဗီဒီယိုပြခန်းတွင် ရှိနေသည်။

(၂) ကင်မရာ၏ ဒေါင့်အမျိုးမျိုးပေါ်တွင် မူတည်၍ (အခြားစဉ်းစားစရာအချက်များ အပါအဝင်) လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီး တစ်ဦးနှင့် ဗီဒီယိုစက်ပြသသူ တစ်ဦးထက်ပို၍ ရှိနေသင့်သည်။

(၃) ဗီဒီယိုပြခန်းအတွင်းသို့ ကစားပွဲကျင်းပနေစဉ်အတွင်း ဗီဒီယိုအကူဒိုင်လူကြီး၊ လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီး၊ ဗီဒီယိုစက်ပြသသူ စသည့် ဆက်စပ်မှုရှိသော တာဝန်ရှိပုဂ္ဂိုလ်များသာ ဝင်ရောက်ခွင့်ရှိသည်။

(၄) VARသည် လွတ်လပ်သော ရှေ့ရှုသွားလာရာလမ်းကြောင်းနှင့် ပြန်လည်ပြသရာတွင် တီဗီထုတ်လွှင့်မှုပေအရှည်ရှိရမည်။

(၅) သည် ဆက်သွယ်ရေးစနစ်များဖြင့် ဆက်သွယ်မှုအရ တာဝန်ကျဒိုင်လူကြီးများက ပြောသမျှကိုကြားနိုင်ပြီး၊ VARက ဒိုင်လူကြီးများအား ခလုပ်နှိပ်ခြင်းဖြင့်သာ ပြောဆိုနိုင်သည်။ (ဒိုင်လူကြီးအားဗီဒီယိုပြခန်းတွင် စကားပြောခြင်းဖြင့်ဒိုင်လူကြီးအတွက် စိတ်ရှုပ်ထွေးမှုကို ရှောင်ရှားနိုင်ရန်ဖြစ်သည်။

(၆) VAR က"စစ်ဆေးခြင်း"၊ "ပြန်လည်ကြည့်ရှုခြင်း" ဖြင့် အလုပ်များနေသည့်အချိန်တွင် လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီးက ဒိုင်လူကြီးအားအထူးသဖြင့် ကစားပွဲရပ်ဆိုင်းရန်လိုအပ်ကြောင်း(သို့မဟုတ်) ကစားပွဲပြန်လည်စတင်ခြင်း မပြုသင့်ကြောင်းကို သေချာစေရန်ပြောဆိုသင့်သည်။

(၇) ဒိုင်လူကြီးကဗီဒီယိုပြန်လည်ပြသရန်ဆုံးဖြတ်ပါက ဗီဒီယိုလက်ထောက်ဒိုင်လူကြီး(VAR)ကအကောင်းဆုံးသော ရှုဒေါင့်နှင့် ပြန်လည်ပြသသည့် အနှေး/အမြန်နှုန်းထားတို့ကို ရွေးချယ်ပြသမည်ဖြစ်သည်။ ဒိုင်လူကြီးက အခြားသော အပိုရှုဒေါင့်များ၊ အနှေး/အမြန်နှုန်းထားများကို တောင်းဆိုနိုင်သည်။

## ၄။ လုပ်ထုံးလုပ်နည်း။

**မူလဆုံးဖြတ်ချက်။**

(၁) ဒိုင်လူကြီးနှင့် အခြားသောတာဝန်ကျဒိုင်လူကြီးများသည် မူလဆုံးဖြတ်ချက် (မည်သည့်စည်းကမ်းပိုင်းဆိုင်ရာအရေးယူမှုမျိုးကိုမဆို) အပါအဝင် VAR မရှိသကဲ့သို့မှတ်ယူ၍ ဆုံးဖြတ်ရမည်။(မမြင်မတွေ့ ၍ လွဲချော်သွားသော အချက်မှအပ)။

(၂) ဒိုင်လူကြီးနှင့် အခြားသောတာဝန်ကျဒိုင်လူကြီးများအား "အဆုံးအဖြတ်မပေးရန်" ခွင့်ပြုထားခြင်းမရှိပါ။ ဤအချက်သည် တာဝန်ထမ်းဆောင်ရာတွင် အားနည်းချက် ချီတုံ/ချတုံဖြစ်၍ မဆုံးဖြတ်နိုင်သည့်အထိ ဦးတည်သွားနိုင်သည်။ ပြန်လည်ကြည့်ရှုခြင်းကို အကြိမ်များစွာကြည့်ရှုခြင်း၊ အရေးကြီးသည့်အကြောင်းရပ်များကို နည်းစနစ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များ ဖြစ်ပေါ်လာလျှင် အဆုံးအဖြတ်ပေးရာတွင် ခက်ခဲစေသည်။

(၃) ဒိုင်လူကြီးသည် ကိစ္စတစ်ရပ်အပေါ်တွင် နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။ VAR သည် တခြားသောတာဝန်ကျ ဒိုင်လူကြီးများနည်းတူ ဒိုင်လူကြီးအား တစ်ဦး တည်းသောအကူအညီပေးနိုင်သူဖြစ်သည်။

(၄) အပြစ်တစ်ခုကျူးလွန်မှုအတွက် နောက်ကျ၍ အလံထောင်ခြင်း၊နောက်ကျ၍ဝီစီမှုတ်ခြင်းများကို ကစားသမားတစ်ဦးက ဂိုးသွင်းမည့်ဆဲဆဲအချိန် (သို့မဟုတ်) ပြိုင်ဘက်အသင်း၏ ပင်နယ်တီ ဧရိယာဆီသို့ သဘ်ဆောင်သွားသည့်သိသာထင်ရှားသည့် တိုက်စစ်ဆင်သည့် အနေအထားများတွင် သာခွင့်ပြုနိုင်သည်။

(၅) အပြစ်ကျူးလွန်မှုတစ်ခုအပေါ် လက်ထောက်ဒိုင်လူကြီးက နောက်ကျ၍ အလံထောင်ခြင်းပြုပါက အလံကိုဆက်လက်၍ ထောင်ပြရမည်။ <u>တိုက်စစ်ဆင်သည့်အသင်းက ဂိုးတစ်ဂိုးသွင်းယူခြင်း၊ ပင်နယ်တီ၊ အလွတ်တည်ကန်ခြင်း၊ ထောင့်မှတည်ကန်ခြင်းများနှင့် ပစ်သွင်းဘောများ ကန်ခွင့်ရခြင်း၊ တိုက်စစ်စတင်ခြင်း၊ ပြီးဆုံးပြီးနောက် ဘောလုံးပိုင်ဆိုင်မှုကို ဆက်လက်ရယူထားခြင်း၊ စသည့် အခြားသော အနေအထားအားလုံးတို့အတွက် လက်ထောက်ဒိုင်လူကြီးသည် ကစားပွဲ၏လိုအပ်ချက်အရ အလံထောင်ပြရန် လို– မလို ဆုံးဖြတ်ရမည်။</u>

**စစ်ဆေးခြင်း။ (Check)**

(၁) ဗီဒီယိုလက်ထောက်ဒိုင်လူကြီးVARသည်
တီဗီကင်မရာပေါ်တွင်ပေါ်သည့်ရုပ်ပုံများကိုအလိုအလျောက် စစ်ဆေးပြီး ဖြစ်နိုင်ချေရှိသည့် (သို့မဟုတ်) အမှန်တကယ်ဖြစ်ခဲ့သည့် ဂိုးဝင်–မဝင်၊ ပင်နယ်တီ ဟုတ်–မဟုတ် (သို့မဟုတ်) တိုက်ရိုက်အနီကတ်ပြသခံရသည့် ဆုံးဖြတ်ချက်/ အဖြစ်အပျက်(သို့မဟုတ်) လူမှား၍ ကတ်အပြခံရသည့်ကိစ္စများတွင် ကင်မရာရှုဒေါင့်ပေါင်းစုံနှင့် အနှေး/အမြန် အရှိန်များကို အသုံးပြု၍စစ်ဆေးနိုင်သည်

(၂) ***VAR*** သည် ပြကွက်များကို ပုံမှန်အရှိန်နှုန်းနှင့်ဖြစ်စေ၊ အနှေးပြခြင်းများနှင့်ဖြစ်စေ စစ်ဆေးနိုင်သည်။ သာမန်အားဖြင့် အနှေးပြခြင်းဖြင့် ပြန်လည်ကြည့်ရှုခြင်းများကို (ဥပမာ– အပြစ်ကျူးလွန်သည့် အနေအထား၊ ကစားသမား၏အနေအထား၊ ကိုယ်ခန္ဓာခြင်းထိတွေ့မှုများအတွက် ထိတွေ့သည့် နေရာ၊ လက် ထိဘော၊ ဘောလုံးကစားမှုရပ်ဆိုင်းသွားခြင်း၊ (ဂိုးဝင်–မဝင်အပါအဝင်)တို့အတွက် အသုံးပြုနိုင်သည်။ ပုံမှန်အရှိန်နှုန်းဖြင့် ကြည့်ရှုခြင်းကို ကြီးမားပြင်းထန်သည့် အပြစ်ကျူးလွန်မှုနှင့် လက်ထိဘော အပြစ်ကျူးလွန်ခြင်းများအတွက် အသုံးပြုနိုင်သည်။

(၃) စစ်ဆေးခြင်းပြုရာတွင် သိသာထင်ရှားသည့်အမှားမျိုး၊ (သို့မဟုတ်) လုံးဝမမြင်မတွေ့လိုက်ရသည့် အဖြစ်အပျက်များအတွက် ပုံမှန်အားဖြင့် VAR သည် ဒိုင်လူကြီးနှင့်ဆက်သွယ်ရန်မလိုအပ်ပါ။၎င်းသည်အသံမထွက်သောစစ်ဆေးခြင်းမျိုးဖြစ်သည်။သို့သော်လည်းအချို့သောအချိန်များတွင်ဒိုင်လူကြီး /လက်ထောက်ဒိုင်လူကြီးများကို ကစားသမားများနှင့် ကစားပွဲအားထိန်းသိမ်းရာတွင် အကူအညီ ဖြစ်စေသည်။အကယ်၍ VAR ကသိသာထင်ရှားသည့် အမှားမရှိကြောင်းနှင့် ကြီးမားသည့်အဖြစ်အပျက်ကို ဖြစ်ပွားသည်ဟု အတည်ပြုခြင်း မရှိသည့်အခါမျိုးတွင် ဖြစ်သည်။

(၄) စစ်ဆေးရန်အတွက် ကစားပွဲပြန်လည် စတင်ရန်နှောင့်နှေးရန်လိုအပ်ပါက ဒိုင်လူကြီးသည် နားကြပ်/ဦးခေါင်းတပ်ကိရိယာကို ကိုင်ဆောင်ပြီး အခြားသောလက်/လက်မောင်းဆီသို့ ဆက်လက်ဆွဲပြရမည်။ ဤလက္ခဏာကို စစ်ဆေးခြင်းကိစ္စပြီးစီးသည်အထိ ထားရှိပြီး၊ ဒိုင်လူကြီးက လိုအပ်သည့် သတင်းအချက်အလက်ရရှိပြီးကြောင်းကို နှင့် အခြားသောတာဝန်ကျဒိုင်လူကြီးထံမှ ဖြစ်နိုင်သည်) ကြေငြာသည့် သဘောဖြစ်သွားသည်။

(၅) VAR ဖြင့်စစ်ဆေးရာတွင် VAR ကသိသာထင်ရှားသည့်အမှား(သို့မဟုတ်)ကြီးမားသည့်မမြင်မတွေ့လွဲချော်မှုအတွက် မှန်ကန်ကြောင်းသက်သေပြနိုင်ပါက VAR သည် ထိုအချက်အလက်နှင့်ပတ်သက်၍ (သို့သော်ဆုံးဖြတ်ရန်မဟုတ်ပါ) ဒိုင်လူကြီးအား ဆက်သွယ်သတင်းပို့မည်ဖြစ်ရာ ဒိုင်လူကြီးက ပြန်လည်ကြည့်ရှုစစ်ဆေးရန် လို-မလိုကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

## ပြန်လည်ကြည့်ရှုစစ်ဆေးခြင်း

(၁) ဒိုင်လူကြီးသည် ဖြစ်နိုင်ချေရှိသည့် သိသာထင်ရှားသည့်အမှား(သို့မဟုတ်) ကြီးမားသည့် မမြင်မတွေ့လွဲချော်မှုအတွက် ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်သည်။

(က) ပြန်လည်ကြည့်ရှုစစ်ဆေးရန် ဗီဒီယိုလက်ထောက်ဒိုင်လူကြီး (သို့မဟုတ်) (အခြားတာဝန်ကျဒိုင်လူကြီးတစ်ဦး၏ထောက်ခံချက်အပေါ်။

(ခ) ဒိုင်လူကြီးကိုယ်တိုင်က ထူးခြားသည့်အကြောင်းအချက်ကို လွဲချော်သွားသည်ဟု သံသယရှိသည့်အခါ။

(၂) အကယ်၍ ကစားပွဲကိုရပ်ဆိုင်းလိုက်ပြီးဖြစ်ပါက ဒိုင်လူကြီးသည်ပြန်လည်စတင်ကစားခြင်းကိုနောက်ကျ ၍ စတင်နိုင်သည်။

(၃) အကယ်၍ ကစားပွဲကိုရပ်ဆိုင်းလိုက်ခြင်းမရှိသေးပါက ဒိုင်လူကြီးသည် နောက်တစ်ကြိမ် ကြားဖုံတွင် (သို့မဟုတ်) ကြားအနေအထားတွင်ရှိပါက (အသုံးပြုလေ့ရှိသည်မှာ နှစ်သင်းစလုံးက တိုက်စစ်ဆင်လှုပ်ရှားမရှိသည့် အချိန်ဖြစ်သည်) ကစားပွဲရပ်ဆိုင်းလိုက်ရမည်။

(၄) အထက်ပါအနေအထားနှစ်ရပ်စလုံးတွင် ဒိုင်လူကြီးက ပြန်လည်ကြည့်ရှုခြင်း လက္ခဏာသင်္ကေတကို သိသာစွာပြသရမည်။

(၅) VAR က ဒိုင်လူကြီးအား တီဗီပြန်လည်ကြည့်ရှုစစ်ဆေးရာတွင် မည်သည့်အချက်များကိုပြန်လည်ကြည့်ရှုနိုင်ကြောင်း ဖော်ပြပေးမည်ဖြစ်သည်။ သို့သော် VAR က ဆုံးဖြတ်ခြင်းမပြုနိုင်ပါ။ ထို့နောက် ဒိုင်လူကြီးသည်

(က) ဒိုင်လူကြီး၏ကိုယ်တိုင်သိမြင်သည့် စိတ်ခံစားနှင့် VAR မှ သတင်းရရှိမှုအရနှင့် လိုအပ်ပါက အခြားသောတာဝန်ကျဒိုင်လူကြီး၏ အကြံပေးမှုဖြင့် VAR ကို ပြန်လည်ကြည့်ရှုစစ်ဆေး ရမည်။

( ခ ) ဒိုင်လူကြီးက ဗီဒီယိုကိုပြန်လည်ကြည့်ရှုသည့်အခန်းသို့ သွားရောက်၍ နောက်ဆုံး ဆုံးဖြတ်ချက် မချမီတွင် ဗီဒီယိုပြကွက်ပါ ကစားကွင်းပေါ်အနေအထားများကို ကြည့်ရှုစစ်ဆေး ရမည်။ အခြားသောတာဝန်ကျဒိုင်လူကြီးများသည် ထူးခြားသည့်အကြောင်းအချက်ကြောင့် ဒိုင်လူကြီးကခေါ်ယူခြင်းမှအပ လိုက်ပါကြည့်ရှုခြင်းမပြုရ။

(၆) ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းများကို ပြုလုပ်ပြီးပါက ဒိုင်လူကြီးသည် တီဗီကြည့်ရှုခြင်း သင်္ကေတကို ထပ်မံပြသပြီး အချိန်အနည်းငယ်အတွင်းနောက်ဆုံး ဆုံးဖြတ်ချက်ကို အမြန်ချမှတ်ရမည်။

(၇) မှန်ကန်သောဆုံးဖြတ်ချက်များဖြစ်စေရန် (ဥပမာ–အပြစ်ကျူးလွန်သည့်အနေအထား၊ ကစားသမား (လူကျွံ)၊ ထိတွေ့သည့်နေရာ (လက်ထိဘော/အပြစ်ကျူးလွန်ခြင်း၊နေရာ (ပင်နယ်တီဧရိယာအတွင်း (သို့မဟုတ်) အပြင်ဘောလုံးကစားမှု ရပ်ဆိုင်းသွားခြင်းစသည်)တို့သည် VAR ကိုသင့်တော်သလို အသုံးပြုနိုင်သည်။ သို့သော်ကစားကွင်းပေါ်ပြန်လည်ကြည့်ရှုစစ်ဆေးခြင်း (OFR)ကို ကစားသမား များ၊ ကစားပွဲအပေါ်ကြီးကြပ်ရာတွင် မှန်ကန်သောဆုံးဖြတ်ချက်မချနိုင်ရန် ဆုံးဖြတ်ချက်ကို ရှောင်း ခြင်း၊ (ဥပမာ–အရေးကြီးသောပြိုင်ပွဲများတွင် ဆုံးဖြတ်ချက်များကို နောက်ကျပြီးမှဆုံးဖြတ် ခြင်း) အတွက် အသုံးပြုနိုင်သည်။

(၈) ဒိုင်လူကြီး၏ စိတ်အတွင်း၌ရှိသော ဆုံးဖြတ်ချက်များ (ဥပမာ– ပြင်းထန်သည့် အပြစ်ကျူးလွန်မှုမျိုးဖြင့် လုယူကစားခြင်း၊ လူကျွံအနေအထားဖြင့် ကစားပွဲ/ကစားသမားကို နှောက်ယှက်ခြင်း၊ လက်ထိဘောအတွက် ဆုံးဖြတ်ရာတွင် ကစားကွင်းပေါ်ပြန်လည်ကြည့်ရှုခြင်း(OFR)ကို မကြာမကြာသင့်တော်သလို အသုံးပြုနိုင်သည်။

(၉) ဒိုင်လူကြီးသည် ရှုဒေါင့်စုံမှ ရိုက်ချက်များ/ ပြန်လည်ပြသသည့် အနှေး–အမြန်နှုန်းထားများကို ကြည့်ရှု ၍ တောင်းဆိုနိုင်သည်။ သို့သော် သာမန်အားဖြင့် အနှေးပြသခြင်းများကို အချက်များ (ဥပမာ–အပြစ် ကျူးလွန်သည့်အနေအထား/ကစားသမား၊ ကိုယ်ခန္ဓာခြင်းထိတွေ့သည့် အပြစ်ကျူးလွန်မှုများ၊ လက်ထိဘောများ၊ဘောလုံးကစားမှုရပ်ဆိုင်းသွားခြင်း(ဂိုးဝင်–မဝင် အပါအဝင်) စသည်များကို အသုံးပြုရန် သင့်တော်သည်။ ပုံမှန်နှုန်းဖြင့် ပြန်လည်ကြည့်ရှုခြင်းများကို အပြစ်ကျူးလွန်မှု အတွက်၊ ပြင်းထန်မှု (သို့မဟုတ်)လက်ထိဘောအပြစ်ကျူးလွန်ခြင်း ဟုတ်–မဟုတ်ကို ဆုံးဖြတ်ရန် အတွက် အသုံးပြုသင့်သည်။

(၁၀) ဂိုးဝင်–မဝင်၊ပင်နယ်တီ ဟုတ်–မဟုတ်၊အနီကတ်ပြခြင်း၊ သိသာထင်ရှားသည့် ဂိုးတစ်ဂိုးရရှိနိုင်သည့် အခွင့်အရေးကို တားဆီးခြင်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်/အဖြစ်မပျက်များကို တိုက်စစ်ဆင်သည့်အပိုင်းအား ပြန်လည်ကြည့်ရှုစစ်ဆေးရန် လိုအပ်သည်။ ၎င်းမှာ ဆုံးဖြတ်ချက်ချရန် အဖြစ်အပျက်များ စိစစ်ရန် တိုက်ရိုက်ဦးတည်နေသဖြင့် ဤသို့ပြုလုပ်ခြင်းဖြင့် တိုက်စစ်ဆင်သည့် အသင်းက ကစားနေဆဲတွင် တိုက်စစ်ဆင်ရန် မည်သို့ဘောလုံး ရရှိသွားသည်ကို အပါအဝင်ဖြစ်သည်။

(၁၁) ဘောလုံးဥပဒေက ထောင့်မှတည်ကန်ခြင်း၊ ပစ်သွင်းခြင်းသစည်တို့အတွက် ပြန်လည်စတင်ပြီးမှ ထပ်မံ၍ ပြင်ဆင်ကစားရန် ခွင့်ပြုမထားခြင်းကြောင့် အဆိုပါ ထောင့်ကန်/ပစ်သွင်းခြင်းများကို ပြန်လည်ကြည့်ရှုစစ်ဆေးရန် မပြုလုပ်နိုင်ပါ။

(၁၂) ကစားပွဲကိုရပ်ဆိုင်းလိုက်ပြီး ကစားပွဲကိုပြန်လည်စတင်ကစားစေပြီးသည့်နောက်တွင် ဒိုင်လူကြီးသည် ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းကိုသာ ပြုလုပ်ပြီး စည်းကမ်းပိုင်းအရ သင့်တော်သလို အရေးယူဆောင်ရွက်နိုင်သည်။ လူမှား၍ အထုတ်ခံရသည့်ကိစ္စနှင့် ဖြစ်နိုင်ခြေရှိသော ထုတ်ပယ်လိုက်သည့် ပြစ်မှုနှင့်ပတ်သက်၍ ဆိုးသွမ်းရိုင်းပျသည့် အပြုအမူ၊ တံတွေးဖြင့်ထွေးခြင်း၊ ပါးစပ်ဖြင့်ကိုက်ခြင်း၊ ပြင်းထန်သည့်ဥပဒေချိုးဖောက်ခြင်း၊ စော်ကားခြင်း၊ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်ဟန်အမူအယာဖြင့် မကျေနပ်ကြောင်းပြသခြင်းများပါဝင်သည်။

(၁၃) ပြန်လည်ကြည့်ရှုစစ်ဆေးသည့်လုပ်ငန်းစဉ်များသည် ဒိုင်လူကြီး၏ လိုလားချက်များကို တတ်နိုင်သရွေ့အပြည့်အဝရရှိအောင် ပြီးစီးစေရမည်ဖြစ်သည်။ သို့သော်ဒိုင်လူကြီး၏ တိကျမှန်ကန်သော နောက်ဆုံး ဆုံးဖြတ်ချက်သည် ဗီဒီယို အနှေးအမြန်ပြခြင်းထက်ပို၍ အရေးကြီးသည်။ ဤအချက်နှင့် ပတ်သက်ခြင်းနှင့် အချို့သော အခြေအနေများမှာ အဖြစ်အပျက်များနှင့် ရောထွေးသွားနိုင်သဖြင့် ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းအတွက် အချိန်မည်မျှဟု အများဆုံးအချိန်ကို အတိအကျသတ်မှတ်ထားခြင်းမရှိပါ။

**နောက်ဆုံး ဆုံးဖြတ်ချက်**

(၁) ပြန်လည်ကြည့်ရှုစစ်ဆေးသည့် လုပ်ငန်းစဉ်ပြီးဆုံးသွားသောအခါတွင် ဒိုင်လူကြီးသည် တီဗီသင်္ကေတကို ထပ်မံပြသပြီး ဆက်စပ်သည့်နောက်ဆုံး ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

(၂) ဒိုင်လူကြီးသည်ထို့နောက်တွင်စည်းကမ်းပိုင်းဆိုင်ရာအရေးယူမှုများ၊(သင့်တော်ရာဥပဒေဖြင့်) အရေးယူ/ပြောင်းလဲ/ပယ်ဖျက်ခြင်းများဖြင့်အရေးယူပြီး၊ကစားပွဲကိုဘောလုံးဥပဒေပါအတိုင်း ပြန်လည်စတင်ကစားစေရမည်။

**ကစားသမားများ၊ အရံကစားသမားများနှင့် အသင်း၏တာဝန်ရှိသူများ။**

(၁) VAR က အခြေအနေတိုင်း/အဖြစ်အပျက်တိုင်းကို အလိုအလျောက်စစ်ဆေးသွားမည်ဖြစ်သဖြင့် နည်းပြဆရာများနှင့် ကစားသမားများသည် "စစ်ဆေးခြင်း" နှင့် ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းများကို တောင်းဆိုရန် မလိုအပ်ပါ။

(၂) ကစားသမားများ၊ အရံကစားသမားများနှင့် အသင်း၏တာဝန်ရှိသူများသည် ဒိုင်လူကြီးကပြန်လည်ကြည့်ရှုစစ်ဆေးသည့် လုပ်ငန်းစဉ် (နောက်ဆုံး ဆုံးဖြတ်ချက်အပါအဝင်) တွင် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုနှင့် ကြားဝင်စွက်ဖက်မှုများကို မကြိုးစားသင့်ကြပါ။

(၃) ပြန်လည်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းစဉ်အတွင်း ကစားသမားများသည် ကစားကွင်းအတွင်း ရှိနေရမည့်အပြင် အရံကစားသမားများနှင့် အသင်း၏တာဝန်ရှိသူများသည် ကစားကွင်းပြင်ပတွင် ရှိနေရမည်။

(၄) ကစားသမား၊ အရံကစားသမား၊လူစားလဲခြင်းခံရပြီးသည့် ကစားသမားနှင့် အသင်း၏တာဝန်ရှိသူတစ်ဦးဦးသည် တီဗီအချက်ပြခြင်းကို အလွန်ကြာမြင့်စွာပြသခြင်း၊ ဒိုင်လူကြီးက ပြန်လည်ကြည့်ရှုသည့် ဧရိယာ (RRA) အတွင်းသို့ ဝင်ရောက်လာပါက သတိပေးရမည်။

(၅) ကစားသမား၊ အရံကစားသမား၊ လူစားလဲခြင်းခံရပြီးသည့် ကစားသမားနှင့် အသင်း၏တာဝန်ရှိသူတစ်ဦးဦးသည် ဗီဒီယိုပြခန်း (VOR)သို့ ဝင်ရောက်လာပါက ၎င်းတို့အားထုတ်ပယ်ရမည်။

**တရားဝင် ကစားပွဲများ**

အခြေခံ စည်းမျဉ်းစည်းကမ်းများအရ ကစားပွဲတစ်ပွဲသည် အောက်ပါအကြောင်းအရာများကြောင့် မခိုင်မလုံဖြစ်စေခြင်း မရှိနိုင်ပါ။

(၁) VAR ၏ စက်မှုနည်းစနစ် ချို့ယွင်းခြင်း (ဂိုးစည်းနည်းပညာအတွက်ကဲ့သို့)

(၂) VAR က မှားယွင်းနေ၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း (VAR သည် ကစားပွဲ၏ ဒိုင်လူကြီးတစ်ဦးဖြစ်နေခြင်းကြောင့်)။

(၃) ဆုံးဖြတ်ချက်(များ) သည် အဖြစ်အပျက်တစ်ခုကို ပြန်လည်ကြည့်ရှုစစ်ဆေးခြင်း မပြုသည့်အခါ။

(၄) ပြန်လည်စစ်ဆေးကြည့်ရှု၍ မရသည့်အနေအထား၊ ဆုံးဖြတ်ချက်ကို ပြန်လည်စစ်ဆေးကြည့်ရှုသည့်အခါ။

**ပြန်လည်ကြည့်ရှုခြင်းနည်းပညာရှင်(သို့မဟုတ်)ဗီဒီယိုအကူဒိုင်လူကြီး၊လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီးတို့သည် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ**

ဥပဒေ(၆) အခြားပြိုင်ပွဲတာဝန်ရှိသူများတွင်ပြဋ္ဌာန်းချက်-- ဒိုင်လူကြီးအဖွဲ့ဝင်များထဲမှ တစ်ဦးသည် အကြောင်းတစ်စုံတစ်ရာကြောင့် ကစားပွဲစတင်ရန် (သို့မဟုတ်) ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိပါက ဒိုင်အဖွဲ့ပြောင်းလဲမှုများအတွက် မည်သို့ဆောင်ရွက်ရမည်ကို ပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းများတွင် ရှင်းလင်းစွာ ဖော်ပြထားရမည်။ အကယ်၍ဒိုင်လူကြီး (ကွင်းလယ်) သည် ကစားပွဲစတင်ရန် (သို့မဟုတ်) ဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်ခဲ့လျှင် စတုတ္ထအရာရှိဖြစ်စေ၊ ဝါရင့်အရံလက်ထောက် ဒိုင်တစ်ဦး ကဖြစ်စေ၊ ကစားပွဲကို ဆက်လက်တာဝန်ယူသွားရန် ပြိုင်ပွဲစည်းကမ်းချက်များတွင် အထူးသဖြင့် တိကျစေရန် ဖော်ပြ ထားရမည်။

ဗီဒီယိုအကူဒိုင်လူကြီးနည်းပညာအသုံးပြုသော ဘောလုံးပြိုင်ပွဲများတွင် ပြန်လည်ကြည့်ရှုခြင်းနည်းပညာရှင် အသုံးပြုခြင်းအား ကျင့်သုံးနိုင်သည်။ ဗီဒီယိုဒိုင်လူကြီးတစ်ယောက်ဖြစ်ရန် အထူးသင်တန်းပို့ချဖူးသူများ လိုအပ်သည်။ ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းများတွင် အောက်ပါအခြေခံစည်းမျဉ်းများ ပါရှိရမည်/ လိုအပ်ပါသည်။

ပြန်လည်ကြည့်ရှုခြင်းနည်းပညာရှင် (သို့မဟုတ်) ဗီဒီယိုအကူဒိုင်လူကြီး၊ လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီး သည် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ တစ်ဦးဦးသည် တာဝန်ထမ်းဆောင်ခြင်း(သို့မဟုတ်) တာဝန် ဆက် လက်ထမ်းဆောင်ခြင်း မရှိသည့်အခါ ၎င်းတို့၏နေရာအတွက် အထူးသင်တန်းတက်ရောက်ပြီးသူ တစ်ဦးဦး နှင့်သာ အ စားထိုးနိုင်ပါသည်/ရမည်။

အထူးသင်တန်းတက်ရောက်ပြီးထားသောပြန်လည်ကြည့်ရှုခြင်းနည်းပညာရှင်(သို့မဟုတ်)ဗီဒီယိုအကူဒိုင်လူကြ ြီးဖြင့် အစားထိုးနိုင်ခြင်း မရှိပါက ပြိုင်ပွဲကို (VAR) နည်းပညာအသုံးပြုခြင်း မရှိဘဲ ဆက်လက်ကစားရမည်။

ပြိုင်ပွဲကို (VAR) နည်းပညာ အသုံးပြုခြင်း မရှိဘဲ ခွင်းချက်အနေဖြင့် အသင်းနှစ်သင်းစလုံးမှ စာဖြင့် သဘော တူကြောင်းတောင်းဆိုလာပါက ပြိုင်ပွဲကို ဗီဒီယိုအကူဒိုင်လူကြီးနှင့် ပြန်လည်ကြည့်ရှုခြင်း နည်းပညာရှင် တို့ဖြင့်သာ ဆက်လက်ကစားနိုင်သည်။

လက်ထောက်ဗီဒီယိုအကူဒိုင်လူကြီး/ပြန်လည်ကြည့်ရှုခြင်းနည်းပညာရှင်တို့သည် တစ်ဦးထက်ပိုမို၍ ရှိခဲ့ပါက အထက်ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းသားရန် မလိုပါ။